ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 5 April 2020 ၉၈၇၆

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုနှစ် သင်္ကြန်ကို ဖြတ်ကျော်ရန်နှင့် ပတ်သက်၍ ပြည်သူများထံ သတင်းစကားပါး

နေပြည်တော် ဧပြီ ၄

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယနေ့တွင် ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ ယခုနှစ်သင်္ကြန်ကို ဖြတ်ကျော်ရန်နှင့်ပတ်သက်၍ ပြည်သူများထံ အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -**

"ဒီနေ့ဟာ COVID ရောဂါ ရှိနေသူတစ်ဦးကို မြန်မာပြည်တွင်းမှာ ပထမဆုံးတွေ့ရှိပြီး (၁၄)ရက်မြောက်နေ့ ဖြစ်ပါတယ်။ နောက်(၂)ပတ်၊ (၃)ပတ်အတွင်းမှာ ရောဂါပျံ့ပွားနှုန်းဘယ်လောက် မြန်နိုင်မယ်ဆိုတာ ပေါ်လွင်လာပါလိမ့်မယ်။ ဒီအချိန်မှာ ပြည်သူတွေအားလုံး အထူးသတိဝိရိယနဲ့ ရောဂါမပျံ့ပွားရေးအတွက် စည်းကမ်းညွှန်ကြားချက်တွေလိုက်နာဖို့ အရေးကြီးပါတယ်။

ကျွန်မတို့တွေ မတွေ့ရမကြုံရဖူးတဲ့ သင်္ကြန်မျိုးကို ဖြတ်ကျော်ရပါမယ်။ လူစုလူဝေး လုံးဝ ရှောင်ရမဲ့ သင်္ကြန်ပါ။

လူစုလူဝေးဆိုတာ ဘယ်နှစ်ယောက်လဲလို့ စဉ်းစားတာတွေရှိမှာပါ။ လူနည်းလေ ကောင်းလေ၊ အလှမ်းဝေးလေ ကောင်းလေပါ။


ထိတွေ့မှုရှိသူတစ်ဦး ပိုလာတာနဲ့ အန္တရာယ်တစ်ခု ပိုလာပြီလို့ မှတ်ပါ။ သတိဆိုတာ လွန်ကဲတယ်လို့ မရှိပါဘူး။ ရေထွက်မကစားရတဲ့သင်္ကြန်၊ ခြိမ့်ခြိမ့်သဲအလှူတွေနဲ့ ရပ်ကွက် မပျော်ကြရတဲ့သင်္ကြန်ဆိုပြီး စိတ်မပျက်ကြပါနဲ့။

"အာရောဂျံ ပရမံလာဘံ" အနာကင်းခြင်း (ကျန်းမာခြင်း)သည် အကောင်းဆုံး လာဘ်လာဘဖြစ်၏ပါတဲ့။ ကိုယ့် အတွက်သာမက၊ အများအတွက် အကောင်းဆုံး လာဘ်လာဘကို ပေးကမ်းတဲ့ စေတနာအလှူကြီး ကျွန်မတို့ အားလုံး လုပ်နိုင်ပါတယ်။

ကိုယ့်ကိုကိုယ်ထိန်းခြင်းနဲ့ သမာဓိအားပွားနိုင်ပါတယ်။ ထူးကဲတဲ့ သင်္ကြန်ကြီးမှာ ထူးကဲတဲ့ကုသိုလ်တွေ ပြုနိုင်ပါတယ်။ အိမ်မှာ ငြိမ်ငြိမ်လေးနေပြီး ပြုနိုင်ပါတယ်။

ပြည်သူပြည်သားအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။"

- **"အာရောဂျံ ပရမံလာဘံ" အနာကင်းခြင်း(ကျန်းမာခြင်း)သည် အကောင်းဆုံး လာဘ်လာဘ ဖြစ်၏ပါတဲ့။ ကိုယ့်အတွက်သာမက၊ အများအတွက် အကောင်းဆုံး လာဘ်လာဘကို ပေးကမ်းတဲ့ စေတနာ အလှူကြီး ကျွန်မတို့အားလုံး လုပ်နိုင်ပါတယ်။**
- **ကိုယ့်ကိုကိုယ်ထိန်းခြင်းနဲ့ သမာဓိအား ပွားနိုင်ပါတယ်။ ထူးကဲတဲ့ သင်္ကြန်ကြီးမှာ ထူးကဲတဲ့ ကုသိုလ်တွေ ပြုနိုင်ပါတယ်။ အိမ်မှာ ငြိမ်ငြိမ်လေးနေပြီး ပြုနိုင်ပါတယ်။**




## ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆောင်ရွက်



လှည်းကူး ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီးတွင် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများကို ဧပြီ ၃ ရက်မှစတင်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှည်းကူးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်းနှင့် ရောဂါလက္ခဏာ ပေါ်ပေါက်လာပါက အချိန်မီကုသနိုင်ရေး၊ ကိုယ်အပူချိန်တိုင်းတာခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)

ကြေးမုံ

နိုင်ငံတော်အစိုးရ၏

**ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ**

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချုပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

MTB
MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်

"နှစ်သစ်ဆုမွန်ကောင်း"

မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်တွင် ကျရောက်သော မြန်မာ့နှစ်သစ်မင်္ဂလာအခါသမယတွင် မြန်မာပြည်သူ/ပြည်သားအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ ရောဂါဘယကင်းဝေးပြီး ပူပင်ကြောင့်ကြမှုကင်းသော နှစ်သစ်ဖြစ်ပါစေကြောင်း မြန်မာ့ခရီးသွားဘဏ်မိသားစုမှ နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

09 - 682 682 682 info@mtb-bank.com www.mmtourismbank.com www.facebook.com/MyanmaTourismBank

ကြေးမုံ

## မြန်မာ့ရုပ်ရှင်ကို ကြည့်ရှုခံစားဂုဏ်ပြုခြင်းဖြင့် . . .

အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါသည် လူစုလူဝေးများပြားရာ နေရာများတွင် လျင်မြန်စွာ ကူးစက်နိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် လူစုလူဝေးဖြင့်ကျင်းပသော အခမ်းအနားများ၊ ပွဲလမ်းသဘင်များ (မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အတွက် မဏ္ဍပ်ဆောက်လုပ်ပြီး ကျင်းပခြင်းအပါအဝင်) မပြုလုပ်ကြရန်နှင့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များကို မတ်လ ၁၃ ရက်နေ့မှစ၍ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့အထိ ကျင်းပခွင့်မပြုဘဲ ရပ်ဆိုင်းထားရေးကိုလည်း သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားထားပြီး လိုအပ်ပါက ရပ်ဆိုင်းကာလကို ထပ်မံတိုးမြှင့်သတ်မှတ်သွားမည်ဟု နိုင်ငံတော်သမ္မတရုံးမှ မတ်လ ၁၃ ရက်နေ့တွင် ပြည်သူသို့ ပန်ကြားချက်ထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ ရောဂါသည် လူစုလူဝေးများပြားရာ နေရာများတွင် လျင်မြန်စွာကူးစက်နိုင်သည့်ရောဂါဖြစ်၍ ထိုသတင်းထုတ်ပြန်ပြီးနောက် မြန်မာနိုင်ငံအတွင်း ပြုလုပ်ဆဲ၊ ပြုလုပ်မည့်အခမ်းအနားများ၊ ပွဲလမ်းသဘင်များ ပြုလုပ်ခြင်းကို ရပ်ဆိုင်းခဲ့သည်။ ဒီဇင်ဘာလက စတင်ဖြစ်ပွားခဲ့သည့် အဆိုပါရောဂါကြောင့် ပွဲလမ်းသဘင်အခမ်းအနားများကို ရပ်ဆိုင်းခဲ့ရသဖြင့် ပြည်သူလူထုအတွက် ထိခိုက်နစ်နာမှုများရှိသည်ဆိုသော်လည်း အများပြည်သူရောဂါမဖြစ်ရေး၊ ရောဂါကြောင့် အသက်သေဆုံးမှုမဖြစ်ရေး၊ လျော့နည်းရေးတို့ကို အထောက်အကူပြုသဖြင့် အနစ်နာခံရကျိုးနပ်မည် ဖြစ်သည်။

ပွဲလမ်းသဘင်အခမ်းအနားများ မပြုလုပ်ရဟုဆိုသော်လည်း လူအများစုဝေးခြင်းမပြုဘဲ လူမှုကွန်ရက် မျက်နှာစာများ၊ မီဒီယာများမှတစ်ဆင့် လူအများအား အသိပေးလှုံ့ဆော်ခြင်းသည် မိမိတို့ရည်ရွယ်ချက်ကို တစ်နည်းတစ်ဖုံ အထောက်အကူဖြစ်စေသည်။ ယခုအခါ ပြည်သူလူထုနှင့် ကိုယ်တိုင်ထိတွေ့ဆက်ဆံမှုမပြုလုပ်ဘဲ အင်တာနက်မျက်နှာစာများ၊ မီဒီယာများမှတစ်ဆင့် မိမိတို့၏လိုလားချက်များ၊ ပြည်သူလူထု၏ သဘောထားဆန္ဒများကို အပြန်အလှန်ဝေမျှနိုင်သည်ကိုတွေ့ရသည်။ နည်းပညာတိုးတက်လာသောခေတ်ဝယ် ပြည်သူလူထုများနှင့်ထိတွေ့နိုင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ဆက်ဆံနိုင်ခြင်းသည် လူချင်းမနီးသော်လည်း စိတ်ချင်းနီးအောင်ပြုလုပ်နိုင်သည့် အကျိုးရလဒ်များဖြစ်သည်။

ပြည်သူလူထုအနေဖြင့် ယခုအချိန်အခါ၌ လူစုလူဝေးဖြင့်ပြုလုပ်သော ပွဲလမ်းသဘင်များ ရပ်ဆိုင်းထားသည်ဆိုသော်လည်း ဆက်သွယ်ရေးနည်းပညာ၊ လူထုဆက်သွယ်ရေးပညာ အကျိုးကျေးဇူးများကြောင့် အသိပညာပေးရေး၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် မိမိတို့သိရှိခံစားလိုသည်များကို ရွေးချယ်ကြည့်ရှုနိုင်ကြပြီဖြစ်သည်။ အထူးသဖြင့် ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းများ၊ အနုပညာဖျော်ဖြေတင်ဆက်မှုများ၊ ဆွေးနွေးပြောဆိုမှုများကို ခံစားကြည့်ရှုနိုင်ခြင်းသည် လူချင်းမနီးသော်လည်း စိတ်ချင်းနီးစေနိုင်သည့် ဆောင်ရွက်ချက်များဖြစ်သည်။

ယခုအခါ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ကာလကို ဖြတ်သန်းနေပြီဖြစ်ရာ လူအများစုဝေး၍ အခမ်းအနားများ၊ ပွဲလမ်းများ၊ ဖျော်ဖြေမှုများ ပြုလုပ်နိုင်ခြင်းမရှိသေးသော်လည်း မီဒီယာမျက်နှာစာပေါ်မှ ကြည့်ရှုခံစားလေ့လာနိုင်ကြပြီဖြစ်သည်။ ရုပ်ရှင်အနုပညာ ဖျော်ဖြေတင်ဆက်မှုသည် ပြည်သူတို့၏ စိတ်နှလုံးသားကို တက်ကြွလန်းဆန်းမှုကိုဖြစ်စေသဖြင့် ယခုကဲ့သို့ ပြည်သူလူထု၏ စိတ်ခံစားချက်များ၊ လူမှုဘဝနေထိုင်မှုများ မွန်းကျပ်နေချိန်တွင် မီဒီယာများမှတစ်ဆင့် ရုပ်ရှင်ဗီဒီယိုအနုပညာရပ်များ ဖျော်ဖြေတင်ဆက်ပေးခြင်းမှာ ရုပ်ရှင်နှင့်မီဒီယာသည် ပြည်သူ့အကျိုးပြုတာဝန်ကို လိုအပ်သည့်အချိန်တွင် ထမ်းဆောင်ပေးခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်သည် မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ကာလဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ရုပ်ရှင်ရာပြည့် ပွဲလမ်းသဘင်အခမ်းအနားများကို မကျင်းပနိုင်သေးမီကာလအတွင်း မီဒီယာမျက်နှာစာများပေါ်မှ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ကာလအတွင်း ထင်ရှားကျော်ကြား လူကြိုက်များသော ရုပ်ရှင်ဖန်တီးသူများ၊ ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်ဇာတ်ကားများကို မိမိတို့၏ နေအိမ်တွင်ပင် ကြည့်ရှုခံစားခြင်းသည် ရောဂါဘေးကာကွယ်ရေးကို လိုက်နာဆောင်ရွက်ရာရောက်သည့်အပြင် မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ကို ဂုဏ်ပြုရာလည်း ရောက်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကြို့ပင်ကောက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများပေးအပ်လှူဒါန်း



**ကြို့ပင်ကောက် မေ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး လုပ်ငန်းများတွင် အသုံးပြုရန် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်ပွဲကို မေ ၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပေါင်းစပ်ညှိနှိုင်း**

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေမင်းသိန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး မြို့နယ်အဆင့်ကော်မတီမှ တာဝန်ရှိသူများနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကန့်သတ်စောင့်ကြည့်စခန်းများတွင် ၁၄ ရက် ထိန်းသိမ်းစောင့်ကြည့် နေသော ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများနှင့် ပတ်သက်၍ တွေ့ကြုံနေရသောအခက်အခဲများကို တင်ပြကြရာ သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့သည်။

**လှူဒါန်း**

ကြို့ပင်ကောက်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများက ငွေကျပ်တစ်သိန်း၊ မြို့နယ်သမဝါယမ အသင်းစုက ငွေကျပ် သုံးသိန်း၊ အခြေခံသမဝါယမ အသင်းများက ငွေကျပ် ၁၂၄၀၀၀၀၊ ပြည်မြို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး-၂ လက်ထောက်ညွှန်ကြားရေးမှူး-၂ ရုံးဝန်ထမ်း မိသားစုများက ငွေကျပ် ၁၀ သိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးက ဘက်ထရီဆေးဖျန်းပုံး ငါးပုံးတို့ကို လှူဒါန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ကျန်းမာရေးကောင်းမွန်**

ကြို့ပင်ကောက်မြို့တွင် ကန့်သတ်စောင့်ကြည့်စခန်း ၄၂ ခုတွင် ၁၅၄ ဦးကို စောင့်ကြည့်လျက်ရှိပြီး ယနေ့အချိန်အထိ စောင့်ကြည့်ခံရသူများအားလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

■

# မူဆယ်မြို့၌ ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် မင်္ဂလာမူဆယ်ကို ယာယီပိတ်ထား

**မူဆယ် မေ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မင်္ဂလာမူဆယ်သို့ အများပြည်သူစည်ကားစွာလာရောက်လည်ပတ်မှုများကို ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် မေ ၁ရက်မှစပြီး ယာယီပိတ်ထားကြောင်း မင်္ဂလာမူဆယ်တာဝန်ရှိသူထံမှ သိရသည်။




လက်ရှိမြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုရှိနေပြီဖြစ်ရာ အဆိုပါရောဂါအား ကြိုတင်ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကာ ယာယီပိတ်ထားခြင်းဖြစ်ကြောင်း မင်္ဂလာမူဆယ်တာဝန်ခံ မန်နေဂျင်းဒါရိုက်တာ ဦးမောင်စိန်က ပြောသည်။

**ယာယီပိတ်ထား**

"ကျွန်တော်တို့ မင်္ဂလာမူဆယ်မှာ ရပ်နီးရပ်ဝေးက အပန်းလာဖြေတဲ့ ပြည်သူတွေ အတော်များပြီး အမြဲစည်ကားနေပါတယ်။ အခု ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတော့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဒီမှာရှိတဲ့ စားသောက်ဆိုင်တွေမှာ ထိုင်ခွင့်မပြုတော့ဘဲ ပါဆယ်စနစ်နဲ့ ဝယ်ယူစားသုံးစေတယ်။ ကလေးအားကစားကွင်းနဲ့ တခြားဖျော်ဖြေရေး အစီအစဉ်တွေကိုလည်း သက်ဆိုင်ရာတာဝန် ရှိသူတွေရဲ့ လမ်းညွှန်ချက်နဲ့အညီ လူစုလူဝေးမဖြစ်အောင် အကုန်လုံး ယာယီပိတ်ထားပါတယ်"ဟု ဦးကျော်စိန်က ရှင်းပြသည်။

မင်္ဂလာမူဆယ်ဝင်းအတွင်းသို့ ဝင်/ထွက်သွားလာသည့် ဝန်ထမ်းများနှင့် ကျန်းမာရေးအရ လမ်းလျှောက်ပြီးအားကစားလာရောက်ပြုလုပ်သည့် ဒေသခံများကို ကျန်းမာရေးစစ်ဆေးမှုများ ပုံမှန်ပြုလုပ်ပေးကာ ကျန်းမာရေး အသိပညာပေးမှုများ ပြုလုပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်း၊ဓာတ်ပုံ – မိုင်းဘဉာဏ်(ကွတ်ခိုင်)**

# မြောင်းမြအကျဉ်းဦးစီးဌာန၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမရှိစေရေးအတွက် ပိုးသတ်ဆေးဖျန်း

**မြောင်းမြ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အကျဉ်းဦးစီးဌာနတွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုမရှိရေးနှင့် ကာကွယ်၊ ထိန်းချုပ်ရေးအတွက် နေ့စဉ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက် နံနက်က မြောင်းမြမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာနဝန်ထမ်းများက ထောင်ရှိအမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ ဧည့်တွေ့ဆောင်၊ ဧည့်သည်နားနေဆောင်၊ စားဖိုဆောင်နှင့် ရုံးခန်းများကို ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြောင်းမြမြို့အကျဉ်းထောင်သည် (က)အဆင့်ရှိ အကျဉ်းထောင်စာရင်းဝင် ဖြစ်ပြီး ကျား ၉၅၂ ဦး၊ မ ၁၂၀၊ စုစုပေါင်း ၁၀၇၂ ဦးတို့ကို ထိန်းသိမ်းထားရှိကြောင်းနှင့် အချုပ်သားများ၏ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၃၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်လျက်ရှိသောနေရာများနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတို့တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ ပရဟိတစေတနာ့ဝန်ထမ်းများအား တွေ့ဆုံအားပေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

ရန်ကုန် မေ ၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်လျက်ရှိသော နေရာများသို့ ကွင်းဆင်းသွားရောက် ကြည့်ရှုသည်။

**လျှောက်ထား**

ရှေးဦးစွာ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုခံရသူ ၂၁၈ ဦးအား ထားရှိသည့် လှည်းကူးမြို့နယ်ရှိ ဓမ္မရံသီကျောင်းတိုက်သို့သွားရောက်၍ ကျောင်းတိုက်ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုနန္ဒအား ဖူးမြော်၍ ယခုကဲ့သို့ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်ရေးလုပ်ငန်းတွင် အလွန်အရေးကြီးသည့် အသွားအလာကန့်သတ်ရန်နေရာများ ပံ့ပိုးပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုရာနေရာတွင် ပရဟိတစေတနာ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေသူများအားတွေ့ဆုံ၍ကျေးဇူးတင်စကားနှင့် အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ သွားရောက်၍ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် မိမိစိတ်ဆန္ဒအလျောက် အဆိုပြုတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအားတွေ့ဆုံ၍ ကျေးဇူးတင် အားပေးစကားပြောကြားသည်။ ထို့နောက် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး CT Scan ဓာတ်မှန်စက်ကြီးနှင့် Oxygen Plant တပ်ဆင်ထားရှိမည့်နေရာများကို ကြည့်ရှုကာ လူနာများထားရှိ ကုသမှုပေးရန် ထပ်မံလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှ ကိုဗစ်-၁၉ ရောဂါလူနာနှင့် ထိတွေ့ခဲ့သည့် ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်း ၁၆ ဦးအား အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုခံယူရာ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်ရှိ ဝန်ထမ်းအိမ်ရာ လေးထပ်ဆောင်သစ်သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



**ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးရှိ လေးထပ်ဆောင်သစ်သို့ သွားရောက်ရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ရောဂါပြင်းထန်သော လူနာများအား အထူးကြပ်မတ် ကုသမှုပေးရန်လိုအပ်သော စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုနှင့် လိုအပ်သည်များကို တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ဆေးရုံများသို့ သွားရောက်စဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ယခင်ကတည်းက တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံများတွင် အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်မှုများပြုလုပ်ပြီး ဆရာဝန်များ၊ သူနာပြုများနှင့် ကုသမှုအထောက်အကူပြု ပညာရှင်များကို အထူးကြပ်မတ်ကုသမှုဆိုင်ရာ မွမ်းမံသင်တန်းများပြုလုပ်ရန် စီစဉ်ထားရှိခဲ့ရာ ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုတွင် အဆိုပါသင်တန်းများနှင့် အဆင့်မြှင့်တင်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ယခုဖြစ်စဉ်အတွက်သာမက ရေရှည်အတွက်ပါ အကျိုးရှိစေမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်စေမည် ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါလူနာများအား သီးသန့်ထားရှိ ကုသမှုပေးနိုင်ရန်အတွက် ဆေးရုံများ ကြိုတင်ပြင်ဆင်ထားရှိသကဲ့သို့ မန္တလေးတိုင်းဒေသကြီးတွင်လည်း ခုတင် (၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီးကို Designated Hospital အဖြစ် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင်လည်း ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် Clinical Management Team များ ဖွဲ့စည်းထားရှိကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများ၊ စက်ကိရိယာများနှင့် ဓာတ်ခွဲပစ္စည်းများကို ဝန်ကြီးဌာနက အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး ထပ်မံလိုအပ်ပါက အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဆေးရုံအလိုက် လိုအပ်သည်များကို စာရင်းပြုစု၍ အမြန်ဆုံးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

**အားပေးစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုခံရသူ ၂၅ ဦးထားရှိရာ သုဝဏ္ဏဘောလုံးအကယ်ဒမီနှင့် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုခံရသူ ၁၄၅ ဦးထားရှိရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့သို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေသည်များကို ကြည့်ရှုပြီး ပရဟိတစေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျေးဇူးတင်စကားနှင့် အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးသုတေသနဦးစီးဌာန(ရန်ကုန်)သို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူများ သိရှိလိုသည်များ မေးမြန်းနိုင်ရန် Call Center တစ်ခုပြုလုပ်သွားရန် စီစဉ်ထားရှိမှုအခြေအနေများ ရှင်းလင်းပွဲသို့ တက်ရောက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ သွားရောက်၍ RT-Polymerase Chain Reaction (PCR) နည်းပညာအသုံးပြု၍ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်ရာတွင် ဓာတ်ခွဲနမူနာများရယူခြင်း၊ လက်ခံခြင်း၊ ထုတ်ယူခြင်းနှင့် ပြင်ဆင်ခြင်း၊ ဓာတ်ခွဲနမူနာမှ Ribonucleic Acid (RNA) ထုတ်ယူခြင်း၊ Mastermix Preparation ပြုလုပ်ခြင်း၊ PCR ဖြင့် စစ်ဆေးခြင်း၊ ဓာတ်ခွဲအဖြေထုတ်ခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဌေးဌေးတင်၏ လိုအပ်ချက်များတင်ပြမှုအပေါ် ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အမြန်ဆုံး ဖြည့်ဆည်းပေးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အများပြည်သူ သွားလာမှုများသည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၄၁ လမ်းရှိ ကုန်စိမ်းတန်းညဈေး၌ နယ်မြေခံတပ်မှ တပ်မတော်သားများက မေ ၄ ရက် တွင် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်စဉ်။ တင်မောင်(မန်းကိုယ်ပွား)



ကြည့်မြင်တိုင်မြို့နယ်နေပြည်သူအများ အခြေခံစားသောက်ကုန်ဝယ်ယူရာတွင် ကုန်ဈေးနှုန်း သက်သာချောင်ချိရေးအတွက် We Love Kyeemyindine ပရဟိတအဖွဲ့က ဆန်ခြောက်ပြည်၊ ဆီ ၅၀ သား၊ ကြက်သွန်နီ ၅၀ သား၊ ကြက်ဥ ၁၀ လုံး၊ ခေါက်ဆွဲခြောက် ငါးထုပ်၊ ကွေကာအုပ် ငါးထုပ်၊ ကော်ဖီ ငါးထုပ်၊ ငါးသေတ္တာ ငါးဘူး၊ ငံပြာရည် တစ်ပုလင်းတို့ကို ငွေကျပ် ၁၆၀၀၀ ဖြင့် မေ ၄ ရက်က ဘောဂရပ်ကွက်ရှိ ပန်းတည်းတန်းဓမ္မာရုံစုရပ်တွင် ရောင်းချပေးစဉ်။ တင်ဝင်းတင်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အသွားအလာကန့်သတ်ခြင်း(Quarantine)နေရာများတွင် အသိပညာပေးခြင်းနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၄**

Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်မှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine) ဆောင်ရွက်ပေးနေသည့်နေရာများ၌ အသိပညာပေးခြင်းနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းက Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

**ရွှေ့ဆိုင်း၍မရသော လုပ်ငန်းဖြစ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကိုဗစ်–၁၉ ကူးစက်မြန်ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးသည် အချိန်နှင့်ပြိုင်ရသည့်... အချိန်နာရီ၊ နေ့ရက်ရွှေ့ဆိုင်း၍မရသော လုပ်ငန်းဖြစ်ကြောင်း၊ လုပ်ငန်းများ အချိန်မီလည်ပတ်နိုင်ရန်နှင့် ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရန် လူအင်အား အနည်းဆုံးဖြင့် အထိရောက်ဆုံးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယနေ့ညှိနှိုင်းခြင်းကိုလည်း မိမိတို့နေအိမ်များမှနေ၍ အိုင်တီနည်းပညာအသုံးပြုပြီး လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အသွားအလာကန့်သတ်ခြင်း (Quarantine) ခံရသူများအတွက် မည်သည့်အတွက်ကြောင့် အသွားအလာကန့်သတ်ခြင်းဆောင်ရွက်ရသည်ကို ကောင်းစွာနားလည်သဘောပေါက်စေရန် အသိပညာပေးရန်လိုအပ်ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါပိုးသည် လူ့ခန္ဓာကိုယ်ပေါ်မှတစ်ဆင့် အခြားသူနှင့်ထိတွေ့ပြီး ကူးစက်ခြင်းဖြစ်ရာ အသွားအလာကန့်သတ်ခြင်းအားဖြင့် ထိတွေ့မှုများကိုကန့်သတ်နိုင်ပြီး ကူးစက်မှုများကို ထိန်းချုပ်နိုင်မည်ဖြစ်သည်ကို အများစုသဘောပေါက်နားလည်စေနိုင်သော စကားဖြင့် ပညာပေးရန်လိုအပ်ပါကြောင်း။

**ပညာပေးဆောင်ရွက်**

ရောဂါပိုးကူးစက်ခံရနိုင်ခြေရှိသည်ဟု ယူဆထား၍ အသွားအလာကန့်သတ်ခြင်းဖြစ်ရာ မိမိ မိသားစုနှင့် မိမိရပ်ကွက်၊ ကျေးရွာအတွင်း ရောဂါပြန့်ပွားမှုမရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တစ်ကမ္ဘာလုံးတွင် ဆိုးရွားစွာပျံ့နှံ့နေသော ကပ်ရောဂါကို မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း ပြန့်ပွားမှုမရှိအောင် မိမိက ဆောင်ရွက်နိုင်စွမ်းရှိသည်ဟု ဂုဏ်ယူရန်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ကူးစက်ရောဂါနှင့်ပတ်သက်သည့် ဗဟုသုတများကို မှန်ကန်စွာသိရှိ နားလည်သဘောပေါက်ပြီး စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ၁၄ ရက် Quarantine ကာလပြီးမြောက်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများ၏ ထုတ်ပြန်ညွှန်ကြားချက်များကို ဆက်လက်လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိနှင့်ပတ်ဝန်းကျင်တစ်ခုလုံး ရောဂါပိုးကူးစက်ခံရခြင်းဘေးမှ ကင်းလွတ်မည်ဖြစ်ကြောင်းကို ပညာပေးဆောင်ရွက်ရန်လိုအပ်ကြောင်း။

**ပူးပေါင်းညှိနှိုင်းဆောင်ရွက်**

အသိပညာပေးမည့် စာသားများပြုစုပြီး Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူကာ အသံသွင်းခြင်း၊ ဗီနိုင်းများစိုက်ထူခြင်းကို ဆက်လက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထိုသို့ ပညာပေးဆောင်ရွက်ရန် စေတနာလုပ်အားရှင်( Volunteer) များ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူရန် စီစဉ်ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ကြမည့်သူများကိုလည်း သိရှိပူးပေါင်းလိုက်နာရမည့်အချက်များကို စနစ်တကျ ဆွေးနွေးလေ့ကျင့်ပေးရမည်ဖြစ်ကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနက ပြုစုထားသော စေတနာ့ဝန်ထမ်းများစာရင်းကို မြို့နယ်များအလိုက် ပြန်လည်စိစစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်၌ ဖွဲ့စည်းထားသော ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အဖွဲ့ခွဲများသို့ လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရေးအတွက် အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းနိုင်ရေး ဆွေးနွေးသည်။

**ညှိနှိုင်းဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက အသွားအလာကန့်သတ်ခြင်း (Quarantine) ခံရသူများအတွက် ပညာပေးခြင်းဆောင်ရွက်မည့် စာသားပြုစုခြင်း၊ အတည်ပြုခြင်းနှင့် လူအင်အားများစွာ အသုံးမပြုရဘဲ ပညာပေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အသံသွင်း၍ လက်ကိုင်အသံချဲ့စက် သို့မဟုတ် အသံချဲ့စက်များဖြင့် Quarantine ဆောင်ရွက်သည့်နေရာများ၌ ထပ်ကာထပ်ကာ အသံထုတ်လွှင့်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ အသိပညာပေးဗီနိုင်းများ စိုက်ထူခြင်းကိစ္စများနှင့် ကိုဗစ်–၁၉ ကူးစက်ရောဂါနှင့်ပတ်သက်ပြီး ထိတ်လန့်တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်းစသော စိတ်ခံစားမှုရှိနေသူများအတွက် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် Online Training ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးမှု ခံယူလိုသူများအတွက် ယုံကြည်စိတ်ချစွာ တိုက်ရိုက်ဆက်သွယ်နိုင်သော Hot Line နံပါတ်များ သတ်မှတ်အသိပေးခြင်း စသည်တို့ကိုဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# အခြေခံစားသောက်ကုန်၊ ဆေးနှင့် ဆေးပစ္စည်းများ ဖူလုံရေးနှင့် ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၄**

အခြေခံစားသောက်ကုန်၊ ဆေးနှင့် ဆေးပစ္စည်းများ ဖူလုံရေးနှင့် ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာအသင်းအဖွဲ့အသီးသီးမှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ကိုဗစ်–၁၉ ရောဂါကြောင့် ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းမြင့်တက်မှုများ၊ ဈေးကွက်အတွင်း ဈေးကစားမှုများကို ကြီးကြပ်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ အရေးကြီးကုန်စည်များဖြစ်သည့် ဆန်၊ ဆီ၊ စားဖိုဆောင်သုံးသီးနှံများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများကို အုပ်စုအလိုက် သတ်မှတ်ထားပြီး ဖြစ်သင့်ဖြစ်ထိုက်သော လက်လီဈေးနှုန်းများ ထိန်းသိမ်းထားနိုင်ရေး ဆွေးနွေးပေးရန် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရန်ဆန်နှင့် စားသုံးဆီများ လိုအပ်သလို ထားရှိနိုင်ရေးအတွက် သက်ဆိုင်ရာ အသင်းအဖွဲ့များအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များကိုလည်း အကြံပြုဆွေးနွေးကြရန်နှင့် ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းစဉ်များတွင် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ ကူညီဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် အသင်းအသီးသီးမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက အသင်း၏ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် ဆန်၊ ဆီနှင့် ဆေးဝါးများပြတ်လပ်မှု မရှိစေရေး၊ ဖူလုံမှုရှိစေရေး အထူးကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ကန်ကြီးထောင့်မြို့၌ ကျန်းမာရေးစစ်ဆေးခြင်းများ နေ့စဉ်ဆောင်ရွက်

**ကန်ကြီးထောင့် မေ ၄**

ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးတို့အတွက် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့အဝင် ရန်ကုန်–ပုသိမ်ကားလမ်းမဘေး မာလာကုန်းလမ်းဆုံနှင့် ဒါးကျေးရွာ (ဒါးက–မြဝတီ)ကားလမ်းဆုံတို့တွင် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ပြည်တွင်း ပြည်ပမှပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်းကို နေ့စဉ် နံနက် ၇ နာရီမှ ည ၁၂ နာရီအထိ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့များ၊ ကန်ကြီးထောင့်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလှုပ်ရှားမှုအဖွဲ့ဝင်များနှင့် ပရဟိတလူငယ်များက ပြည်တွင်း ပြည်ပမှ ပြန်လာသူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးပေးခြင်း၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နေရပ်လိပ်စာနှင့် ခရီးသွားမှတ်တမ်းရေးသွင်းခြင်း လုပ်ငန်းများနှင့် နေရပ်ပြန်ပြည်သူများအနက် ပြည်ပမှပြန်လာသူများပါရှိလာပါက ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း မြို့နယ်အဆင့်ကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နန်းထိုက်(ကန်ကြီးထောင့်)





## ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်

ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်မတို့ ဘာလုပ်ငန်းလုပ်လုပ် ပြည်ထောင်စုကြီး အကျိုးအတွက် ဘယ်တော့မှ မမေ့ဘဲနဲ့ လုပ်စေချင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ပါတယ်။ ပြီးတော့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင်၊ ညီညွတ်လာအောင် ၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့်ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်။

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၃-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကားမှ ကောက်နုတ်ချက်]*

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေး ပညာပေး ညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေး ဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

## ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ်(Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကိုကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကိုမထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့် ပါးစပ်တို့ကို တစ်ရှူးဖြင့် အုပ်၍ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေးပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသောညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



## ဒေးဒရဲမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ဌာနဆိုင်ရာရုံးများနှင့် လူစည်ကားရာနေရာများတွင် ပိုးသတ်ဆေးဖျန်း

ဒေးဒရဲ မေ ၄

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အများပြည်သူသွားလာမှုများသည့် နေရာများတွင် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၂ ရက် ည ၉ နာရီက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဒေးဒရဲမြို့နယ်အတွင်းရှိ လူစည်ကားရာ နေရာများဖြစ်သည့် စည်ပင်သာယာမြို့မဈေး၊ တရားရုံး၊ ပြန်/ဆက်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်လျှပ်စစ်ရုံး၊ စက်သုံးဆီဆိုင်များနှင့် ဒေးဒရဲတံတားအဆင်းရှိ ကျန်းမာရေး စစ်ဆေးရေးဂိတ်တို့တွင် လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်လျက်ရှိပြီး ကျန်လူစည်ကားရာနေရာများတွင်လည်း ပိုးသတ်ဆေးဖျန်းခြင်းကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်ပေးရေး မြို့နယ်အဆင့် အထောက်အကူပြုကော်မတီ အဖွဲ့ခေါင်းဆောင် ဦးမြင့်ဦးက ပြောသည်။

မြင့်မြင့်နိုင်(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေး သင်္ဘောဆိပ်များ၌ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

ဝါးခယ်မ မေ ၄

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သည့် အနေဖြင့် ယနေ့နံနက် ၈ နာရီတွင် တာဝန်ရှိသူများက သင်္ဘောဆိပ်များနှင့် ရေယာဉ်လိုင်းများအား ဆေးဖျန်းခြင်းလုပ်ငန်းကို ပြုလုပ်ခဲ့သည်။

**ဆောင်ရွက်**

"ဝါးခယ်မမှာရှိတဲ့ ကျေးရွာတွေကို နေ့စဉ် ခုတ်မောင်းပြေးဆွဲနေတဲ့ ရေယာဉ်လိုင်းတွေကို ဆေးဖျန်းပေးတာပါ။ စုစုပေါင်းဆိုရင် ရေယာဉ်လိုင်း ၆၀ ကျော်ရှိပါတယ်။ အခုလိုဆောင်ရွက်ပေးတာကလည်း ခရီးသွားပြည်သူတွေအတွက် ကြိုတင်ကာကွယ်တဲ့သဘော၊ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ဆောင်ရွက်တာ ဖြစ်ပါတယ်။ နောက်ရက်တွေမှာလည်း အလျဉ်းသင့်သလို ဆေးဖျန်းခြင်းလုပ်ငန်း ဆက်ပြီး ဆောင်ရွက်ပေးသွားမှာပါ"ဟု မြို့နယ်ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက ပြောသည်။



အဆိုပါ ရေယာဉ်လိုင်းများဖြင့် ကျေးရွာအသီးသီးမှ ပြည်သူများ၏ ကုန်စည်စီးဆင်းမှု၊ ခရီးသွားလာမှုများမှာ နေ့စဉ်ဆောင်ရွက်ရသည် ဖြစ်သည့်အတွက် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေး ကာကွယ်သည့် အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီထံမှ သိရသည်။

လွမ်းသီဟ (ပြန်/ဆက်)

# နှာခေါင်းစည်းတပ်ရမလား၊ မတပ်ရဘူးလား

ဂျူး

ကျွန်မ စက်မချုပ်ဖူးပါဘူး။ ငယ်ငယ်တုန်းက ဆေးကျောင်းမှာ တုန်းက နှာခေါင်းစည်းဆိုတာ ဝယ်ရတဲ့အရာလို့တောင် မသိခဲ့ဘဲ ပတ်တီးလိပ်အစတွေကိုပဲ နှစ်လွှာ သုံးလွှာထပ်တွဲ၊ ကိုယ့်ဟာ ကိုယ်လက်နဲ့ချုပ်ပြီး ဆေးရုံဝါ့ဒ် တွေကို သွားခဲ့ရတဲ့အဖြစ်ကို မှတ်မိ နေပါတယ်။ အဲဒီတုန်းကတော့ သွေးနဲ့ တံတွေးကနေ ကူးစက်မယ့် ပိုးမွှားတွေကို ကိုယ့်ဆီကူးမှာထက် ကိုယ့်ဆီကပိုး လူနာတွေဆီ မကူး ဖို့ကို ပိုပြီးအာရုံထားခဲ့တာပါ။

ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း ရိုးရိုးကို သာမန်ပြည်သူတွေ တပ်စရာမလိုဘူးလို့ ကပ်ရောဂါ ဖြစ်စ ပထမပိုင်းမှာ ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့ကြီးက အသိပေးခဲ့ပါတယ်။

အကြောင်းတစ်ခုက ခွဲစိတ်ခန်း သုံး နှာခေါင်းစည်းက အန် ၉၅ အသက်ရှူကိရိယာလို ဗိုင်းရပ်စ်ပိုး ကို (၉၅ ရာခိုင်နှုန်း) တားဆီး ကာကွယ်မပေးနိုင်လို့ပါ။ နောက် တစ်ခုက အဲဒီ သာမန်ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းကိုပဲ လုံလုံ လောက်လောက် မရနိုင်တာကြောင့် ကျန်းမာရေးဝန်ထမ်းတွေနဲ့ လူနာ တွေကို ဦးစားပေးသုံးကြဖို့ပါ။ အဲဒီ တုန်းက အဝတ်စနဲ့ ပြုလုပ်တဲ့ နှာခေါင်းစည်းတွေကို လုံးဝ အားမပေးခဲ့ပါဘူး။ ရက်လုပ်ထားတဲ့ ချည်ထည်မှန်သမျှ (Any Woven Cloth) ဗိုင်းရပ်စ်ကို မကာကွယ်ပါ ဘူးလို့ အတိအလင်းပြောခဲ့ကြတယ်။

အခုတော့ အာရှနဲ့ယှဉ်လိုက်ရင် အမေရိကန်နဲ့ ဥရောပနိုင်ငံတွေမှာ ကူးစက်နှုန်း သိပ်မြန်နေတာဟာ နှာခေါင်းစည်းတပ်ခြင်း၊ မတပ်ခြင်းနဲ့ ဆိုင်သလားလို့ မေးခွန်းတွေ ထွက်လာခဲ့တယ်။


မက်ဆာချူးဆက်တက္ကသိုလ်မှာ နောက်ထပ် စစ်ဆေးချက်တွေအရ ချောင်းဆိုးတဲ့အခါ အမှုန်အမွှားတွေ က ခြောက်မီတာအကွာအထိ ရောက် နိုင်ပြီး နှာချေရင်တော့ ရှစ်မီတာ အကွာအထိ ရောက်နိုင်တယ်တဲ့။

ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းတွေ တောင် လုံလောက်မှုမရှိတာကြောင့် အခုတော့ အဝတ်နဲ့ပဲ ကိုယ့်ဟာကိုယ် DIY (Do It Yourself) နှာခေါင်းစည်း တွေပြုလုပ်ပြီး တပ်ကြဖို့ အကြံပြုလာ ပြန်ပါတယ်။ အမေရိကန် ပြည်ထောင်စု မှာဆို လည်စည်းပဝါ (Scarf) တွေကို မျက်နှာမှာ စည်းနှောင်သွားဖို့ သမ္မတ ထရမ့်က တိုက်တွန်းနေပါတယ်။

Youtube မှာ နှာခေါင်းစည်း ချုပ်နည်းတွေ များစွာတွေ့ရမှာဖြစ် ပေမယ့် ကျွန်မကတော့ ကျန်းမာရေး အဖွဲ့တစ်ခုခုက ညွှန်းတာကို ပိုအားကိုးချင်ပါတယ်။ ဒါကြောင့် လည်း ကပ်ဘေးဆိုင်ရာ ဆေးပညာ နဲ့ ပြည်သူ့ကျန်းမာရေးအဖွဲ့ (Disaster Medicine and Public Health Preparedness (Cambridge University) က ထုတ်ပြန်တဲ့ နှာခေါင်းစည်းဆိုင်ရာ သတင်းကို ဖတ်မိတဲ့အခါ ကိုယ့်မိတ်ဆွေတွေကို ဝေမျှချင်လာပါတယ်။ တပ်ရမလား၊ မတပ်ရဘူးလား အတိအကျ မဝေခွဲနိုင် တော့ ကျွမ်းကျင်သူတွေရဲ့ ထင်မြင် ယူဆချက်ကို သိချင်မိပါတယ်။ မတပ် တာနဲ့စာရင် တပ်တာက ပိုကောင်း ပါတယ်တဲ့။ နှာခေါင်းစည်းတွေ လိုချင် တိုင်း ဝယ်မရတဲ့ အခုနေအခါမှာ ကျန်းမာရေး ဝန်ထမ်းတွေအတွက် ဦးစားပေးလိုက်ပြီးတော့ ကိုယ့် အတွက်ကိုတော့ ကိုယ်တိုင်ပြုလုပ်ဖို့ အားပေးရမယ်လို့ သူတို့အဖွဲ့က ယူဆ ပြီး လုပ်ပုံလုပ်နည်းပြောပါတယ်။

**ဘယ်လိုအစမျိုးကို အသုံးပြုရမလဲ။**

ကိုရိုနာဗိုင်းရပ်စ်ထက် ငါးဆ လောက် သေးငယ်တဲ့ အမှုန်ကလေး တွေကို ဘယ်လောက်စစ်ပေးနိုင်လဲ ဆိုတဲ့ စမ်းသပ်ချက်ကို ၂၀၁၃ ခုနှစ် တုန်းက စမ်းသပ်အဖြေရှာထားတာကို လည်း ပုံနဲ့တကွ ဖတ်လိုက်ရတာ စိတ်ဝင်စားစရာပါ။ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းကို စံပြုပြီးတော့ ဖော်ပြ ပေးပါတယ်။ အဲဒီအစမျိုးက ၈၉ ရာခိုင် နှုန်းစစ်ပေးတယ်တဲ့။ သူ့ထက် တစ်ဆင့် နိမ့်တာကတော့ ဖုန်စုပ်စက်မှာ သုံးတဲ့ အိတ် (Vacuum Cleaning Bag)ပါတဲ့။ ကျွန်မတို့ဆီမှာ သုံးကြလား ကျွန်မ မသိ။ ကျွန်မအိမ်မှာတော့ မရှိပါဘူး။




သူက ၈၆ ရာခိုင်နှုန်း စစ်ပေးနိုင်ပါ တယ်တဲ့။

နောက်တစ်ဆင့်နိမ့်တာကတော့ သူတို့ဆီက ပန်းကန်သုတ်တဲ့ ပဝါ (Dish Towel)တဲ့။ ကျွန်မတို့ဆီက ချည်ကြမ်းပဝါတွေနဲ့ မတူလောက်ဘူး ထင်တယ်။ ချည်ကြမ်းပဝါတွေက ချည်ကြီးကြီးကို ခပ်ကျဲကျဲရက်ထား တာမို့ပါ။ တကယ်တော့ စိပ်စိပ်လေး ရက်တာ ပိုစိတ်ချရမှာပါ။ စစ်ပေးနိုင် မှုကတော့ ၇၃ ရာခိုင်နှုန်းတဲ့။

နောက်တစ်ဆင့်နိမ့်က Cotton Blend Cloth လို့ ပြောပါတယ်။


အကောင်းစား ချည်အိပ်ရာဖုံးအစ။ ၇၀ ရာခိုင်နှုန်းတဲ့။ နောက် တစ်ဆင့် နိမ့်က ပိုးသတ်ထားတဲ့ Antimicrobial ခေါင်းအုံးစွပ်အစမျိုး၊ စစ်ပေးနိုင်စွမ်း ၆၈ ရာခိုင်နှုန်းတဲ့။ နောက်တစ်ဆင့် နိမ့်တာက လီနင်သားအစတဲ့။ ၆၂ ရာခိုင်နှုန်းတဲ့။

ပြီးတော့ ရိုးရိုးခေါင်းအုံးစွပ် အသား။ ဒါကတော့ ၅၇ ရာခိုင်နှုန်း စစ်ပေးပါတယ်တဲ့။ နောက်တစ်ဆင့် နိမ့်တာက ပိုးစ၊ သူကတော့ ၅၄ ရာခိုင် နှုန်း၊ နောက်တစ်ဆင့်က ၁၀၀ ရာခိုင်နှုန်း ချည်စစ်စစ်၊ သူကတော့ ၅၁ ရာခိုင်နှုန်း စစ်ပေးနိုင်တယ်တဲ့။ နောက်ဆုံး အဆင့်ကတော့ လည်စည်းပဝါစ(Scarf) သူကတော့ ၄၉ ရာခိုင်နှုန်း စစ်ပေးနိုင်ပါ တယ်တဲ့။ ကပ်ဘေးဆိုင်ရာ ဆေးပညာ နဲ့ ပြည်သူ့ကျန်းမာရေးအဖွဲ့ (Disaster Medicine and Public Health Preparedness (Cambridge University) ရဲ့ ညွှန်းဆိုမှုအရ ပြောရင် လည်း ခွဲစိတ်ခန်းသုံး နှာခေါင်း စည်း ပြီးရင် ဖုန်စုပ်စက်မှာသုံးတဲ့ အိတ်အစ၊ ချည်စိပ်စိပ် အိပ်ရာဖုံး စွပ်စ၊ ပန်းကန်သုတ်တဲ့ အဝတ်စနဲ့ ၁၀၀ ရာနှုန်းပြည့် ချည်စစ်စစ် ရှပ် အင်္ကျီစ တွေက အကောင်းဆုံးပါလို့ ပြောပါ တယ်။ လည်စည်းပဝါသားအစကလွဲ ရင် အားလုံးက စစ်ပေးနိုင်စွမ်း ၅၀ ရာခိုင်နှုန်းတော့ ကျော်တာချည်းပါပဲ။

ပြီးတော့ လုပ်ပုံလုပ်နည်းနဲ့ အဝတ်စကိုက်ဖြတ်ဖို့ နမူနာ Template ကို ပြပေးပါတယ်။ တစ်လွှာတည်း မရပါဘူး။ နှစ်လွှာ ထပ်ရမှာပါတဲ့။ အဝတ်စကို အရောင် မတူတဲ့နှစ်စ ရွေးဖို့ပါ။ ဒါမှ ဘယ်ဟာ က အတွင်း၊ ဘယ်ဟာက အပြင်ဆိုတာ မှတ်မိမှာပါ။ ခေါင်းနောက်ထိ ဆွဲ ချည်ဖို့ ကြိုးအဖြစ်တော့ အီလက်စ် တစ် အသားတစ်စကို ထပ်ရွေးရမှာ ဖြစ်ပါတယ်။ ဒီတော့ စုစုပေါင်း အဝတ်စ သုံးစ လိုအပ်ပါတယ်။

**ပုံစံနမူနာနဲ့ ချုပ်ကြည့်ဖို့ သူတို့ ပြပေးထားပါတယ်။**

နှာခေါင်းစည်း တပ်ပြီးတာနဲ့ လုံခြုံပြီလို့ မှားယွင်းစွာ ယူဆပြီး ပေါ့ဆသွားမှာကို သူတို့ သိပ်စိုးရိမ် ပါတယ်။ နှာခေါင်းစည်းက ရာနှုန်း ပြည့် အာမခံလို့ မရတာကြောင့် ကျွန်မတို့အနေနဲ့ အဓိကကာကွယ် နည်းအဖြစ် ၁။ အပြင်မထွက်ဖို့၊ ၂။ အပြင်ကို ထွက်ခဲ့ရရင် တစ်ယောက် နဲ့ တစ်ယောက် သုံးပေအကွာခြားဖို့၊ ၃။ လက်မဆေးရသေးခင်မှာ မိမိ မျက်နှာကို မထိမိဖို့၊ ၄။ လက်ကို ရေနဲ့ဆပ်ပြာသုံးပြီး စက္ကန့် ၂၀ အကြာ စနစ်တကျဆေးဖို့၊ အဲဒီနည်း တွေကို သုံးပြီး ကိုယ့်ကိုယ်ကိုယ်ရော ကိုယ့်အသိုင်းအဝိုင်းကိုပါ ကာကွယ် ကြရမယ်လို့ ပြောပါတယ်။ ။




နှာခေါင်းစည်းချုပ်လုပ်သည့် နမူနာပုံစံ

**ကပ်ဘေးဆိုင်ရာ ဆေးပညာနဲ့ ပြည်သူ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်တဲ့ နှာခေါင်းစည်းဆိုင်ရာသတင်းကို ဖတ်မိတဲ့အခါ ကိုယ့်မိတ်ဆွေတွေကို ဝေမျှချင်လာပါတယ်။ တပ်ရမလား၊ မတပ်ရဘူးလား အတိအကျ မဝေခွဲနိုင်တော့ ကျွမ်းကျင်သူတွေရဲ့ ထင်မြင်ယူဆချက်ကို သိချင်မိပါတယ်။ မတပ်တာနဲ့စာရင် တပ်တာက ပိုကောင်းပါတယ်တဲ့။**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများနှင့် အပူချိန်တိုင်းကိရိယာ ကိုးခု ပေးအပ်



သရက် မေ ၄

မကွေးတိုင်းဒေသကြီး သရက်မြို့၌ စေတနာရှင်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လှူဒါန်းသည့် နှာခေါင်းစည်းများနှင့် အပူချိန်တိုင်းကိရိယာ ကိုးခု ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးတို့က တိုက်နယ်ဆေးခန်းများနှင့် ပြည်ပပြန်များအား ၁၄ ရက်အသွားအလာကန့်သတ်ထားရှိရာနေရာ များတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်းများနှင့် အပူချိန်တိုင်း ကိရိယာ ကိုးခုကို ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူ အသီးသီးတို့က လက်ခံခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော် ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

## ပူတာအိုခွဲ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အထောက်အကူပြုပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**ပူတာအို မေ ၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် လုပ်ငန်းအထောက်အကူပြုပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို မေ ၄ ရက် နံနက် ၉ နာရီခွဲက ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနရုံးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမိုးရွှေက ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းသုံး ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်က မြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် လုပ်ငန်း အထောက်အကူပြုပစ္စည်းများ လိုအပ်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ခရိုင်လုပ်ငန်းကော်မတီအတွင်းရေးမှူး ခရိုင်ဆေးရုံအုပ် ဒေါက်တာသန့်ဇင်ထွန်းက လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမိုးရွှေ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးယောဆီတို့က ရောဂါကာကွယ်ရေးလုပ်ငန်း အထောက်အကူပြုပစ္စည်းများနှင့်အလှူငွေများပေးအပ်လှူဒါန်းရာ မြို့နယ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်၊ ခရိုင်လုပ်ငန်းကော်မတီအတွင်းရေးမှူး ခရိုင်ဆေးရုံအုပ် ဒေါက်တာသန့်ဇင်ထွန်း၊ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာချိုနိုင်ထွန်းတို့က လက်ခံရယူသည်။

အဆိုပါလှူဒါန်းပွဲတွင် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၀၊ အကာအကွယ်မျက်မှန် ခုနစ်လက်၊ နှာခေါင်းစည်း ၂၄ ထုပ်၊ လက်အိတ်နှစ်ထုပ်၊ ကိုယ်အပူချိန်တိုင်းကိရိယာ လေးခုနှင့် အလှူငွေကျပ် ၇၅၀၀၀ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပူတာအိုမြို့နယ်အတွင်းသို့ ပြည်ပမှပြန်လည်ရောက်ရှိ လာသူများနှင့် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ပူတာအိုလေဆိပ်နှင့် မူလာရှီး ဒီဂိတ်တွင် တာဝန်ကျဝန်ထမ်းများအတွက် လုပ်ငန်း အထောက်အကူပြုပစ္စည်းများ လိုအပ်သဖြင့် လှူဒါန်းပေးရခြင်းဖြစ်ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)



## ကိုဗစ်-၁၉ ရောဂါ ရှာဖွေကုသရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေလှူဒါန်း

**ရန်ကုန် မေ ၄**

Vivo Mobile Myanmar Co., Ltd. က ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ ဆေးရုံများသို့ မေ ၃ ရက်တွင် ငွေကျပ်သိန်း ၁၀၀ စီ သွားရောက်လှူဒါန်းခဲ့သည်။

Vivo မှ တာဝန်ရှိသူများသည် ကိုဗစ်–၁၉ ရောဂါ ရှာဖွေကုသရေးဆိုင်ရာလုပ်ငန်းများကို အဓိက ကူညီပံ့ပိုးပေးရန် ရည်ရွယ်၍ မန္တလေးမြို့ရှိ ကန်တော်နဒီဆေးရုံကြီးနှင့် ရန်ကုန်မြို့ရှိ မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီးသို့ ငွေကျပ် သိန်း ၁၀၀ စီ သွားရောက်လှူဒါန်းခဲ့ရာ မြောက်ဥက္ကလာပအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးနှင့် ကန်တော်နဒီ အထွေထွေရောဂါကုဆေးရုံ အုပ်ကြီး ဒေါက်တာစုစုဒွေးတို့က အလှူငွေများ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။




လှူဒါန်းရခြင်းနှင့်ပတ်သက်၍ Vivo Mobile Myanmar Co., Ltd. ၏ Chief Operating Officer ဖြစ်သူ Mr. Nelson Ni က "အခုလို မြန်မာပြည်သူတွေ အကူအညီလိုအပ်နေတဲ့ အချိန်မှာ တစ်ထောင့်တစ်နေရာက ပါဝင်ကူညီရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အရင်က မကြုံခဲ့ဖူးတဲ့ ကပ်ရောဂါဆိုးကြီးကြောင့် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ပြည်သူတွေ လူမှုရေးအရရော စီးပွားရေးအရပါ ထိခိုက်နစ်နာမှုတွေ ကြုံတွေ့နေရပါတယ်။ ဒါ့ကြောင့် ကိုဗစ်–၁၉ ရောဂါကို ကာကွယ်ရုံသာမက အောင်မြင်စွာ ကုသနိုင်ဖို့ ရည်ရွယ်ပြီး ရှေ့တန်းက တိုက်ပွဲဝင်နေတဲ့သူတွေကို ကျွန်တော်တို့ အနေနဲ့ ကူညီပံ့ပိုးပေးရခြင်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကိုဗစ်–၁၉ ဖြစ်ပွားမှုအခြေအနေကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ်သတ်မှတ်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် မေ ၄ ရက်အထိ ကိုဗစ်–၁၉ ရောဂါကူးစက်သူ ၁၂ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုထက်

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများထားရှိသည့် စောင့်ကြည့်ရေးစခန်းများအတွက် နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်

**ပွင့်ဖြူ မေ ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများထားရှိသည့် စောင့်ကြည့်ရေးစခန်းများအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၈ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မြို့နယ် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များက နှာခေါင်းစည်းများ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်း ဒေသခံပြည်သူများ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကင်းဝေးစေရန်အတွက် မြို့နယ်အဆင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကာကွယ်ကုသရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က နှာခေါင်းစည်းများ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးပို့လှူဒါန်းသော နှာခေါင်းစည်းများကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မြို့နယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်တို့ ဦးဆောင်၍ မြို့နယ်အမျိုးသမီးရေးရာနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းနီနီဝင်းနှင့် အသင်းအဖွဲ့ဝင်များက မြို့နယ်အတွင်း ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများထားရှိသည့် ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးသိပ္ပံကျောင်း စောင့်ကြည့်ရေးစခန်းအတွက် နှာခေါင်းစည်း ၂၈၀၊ ပွင့်ဖြူမြို့နယ် ရွာခိုင်ကျေးရွာ (အထက–ခွဲ)စောင့်ကြည့်ရေးစခန်းအတွက် နှာခေါင်းစည်း ၆၀၊ ကုန်းဇောင်းကျေးရွာ (အထက) စောင့်ကြည့်ရေးစခန်းအတွက် နှာခေါင်းစည်း ၁၄၀၊ ပွင့်ဖြူ– စလင်းသွားကားလမ်း ဥယျာဉ်ကျစ်ကျေးရွာလမ်းဆုံတွင် ခရီးသွားပြည်သူများအား ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့်အဖွဲ့အား နှာခေါင်းစည်း ၆၀ တို့ကို အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## သာစည်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အလှူငွေများ လှူဒါန်း

**သာစည် မေ ၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အလှူရှင်များက အလှူငွေများနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပေးလျက်ရှိရာ မေ ၁ရက် နံနက်ပိုင်းက မြို့နယ်ပညာရေးမိသားစုနှင့် အလှူရှင်များက ငွေကျပ် ၂၄ သိန်းကိုလာရောက်လှူဒါန်းရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညှိခန်းမဆောင်၌ လက်ခံခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းနှင့် ဦးစံထွန်းတို့က အမှာစကားများ ပြောကြားပြီးအလှူရှင်များက လှူဒါန်းရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးစိုးဦးနှင့် ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ စုပေါင်းလှူဒါန်းသောငွေကျပ်သိန်း ၂၀၊ အမှတ်(၁) သာယာအေးရပ် ဦးညွန့်လှိုင် မိသားစုကလှူဒါန်းသော ငွေကျပ်သုံးသိန်းနှင့် စေတနာရှင်လူမှုကူညီရေးအသင်းက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ လွှတ်တော်ကိုယ်စားလှယ်များကလက်ခံသည်။

ဆက်လက်ပြီး သာစည်မြို့နယ် ဟင်းခွက်အိုင်ကျေးရွာမှ ဦးရဲလွင်မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးမျိုးဌေးမိသားစုက ငွေကျပ် ငါးသောင်း၊ ဦးမြင့်အောင်မိသားစုက ငွေကျပ် ငါးသောင်း၊ ဦးသိန်းနိုင်မိသားစုက ငွေကျပ်နှစ်သောင်းနှင့် ဦးကျော်မြင့် မိသားစုက ငွေကျပ်နှစ်သောင်းတို့ကို လှူဒါန်းခဲ့သည်။

သာစည်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် မတ် ၂၅ ရက်မှ စတင်၍ အလှူငွေများနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပေးလျက်ရှိရာ ယနေ့အချိန်ထိ စုစုပေါင်းအလှူငွေ ကျပ် ၁၃၈ သိန်းကျော်နှင့် အပူချိန်တိုင်းကိရိယာ ၃၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀ စုံတို့ကို လှူဒါန်းထားကြောင်း သိရသည်။

သာစည်(ပြန်/ဆက်)

# ဆင်ဘိုမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အရှိန်အဟုန်မြင့် ဆောင်ရွက်

**ဆင်ဘို မေ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဆင်ဘိုမြို့၌ မေ ၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**ဆောင်ရွက်ပေး**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအတွက် မြို့ဝင်လမ်းကြောင်းဖြစ်သည့် ဗန်းမော်-မြစ်ကြီးနားအမြန်ရေယာဉ်ဂိတ်တွင် လက်သန့်ဆေးရည်ဖြင့် လက်ဆေးပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြို့ပေါ်ရပ်ကွက်များအပါအဝင် ကျေးရွာများတွင် အသံချဲ့စက်ဖြင့် အသိပေးခြင်းလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

"ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အမြန်ရေယာဉ်ဂိတ်တွေမှာ နေ့စဉ် ကျန်းမာရေးစစ်ဆေးတယ်။ လက်ကမ်းစာစောင်ဖြန့်ဝေတယ်။ အရှိန်အဟုန် မပျက်ဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းကျော်က ပြောသည်။

အလားတူ မြို့စျေးကို တစ်ရက်ခြားတစ်ခါ အချိန်ကန့်သတ်ဖွင့်လှစ်ထားပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ပမှပြန်လာသူများ ရှိပါက အောင်မင်္ဂလာရပ်ကွက်ရှိ ဘော်ဒါဆောင်တစ်ခုတွင် စောင့်ကြည့်စခန်းအဖြစ် ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်စိုး(ပြည်နယ် ပြန်/ဆက်)**






# လွိုင်ကော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲပြုလုပ်

**လွိုင်ကော် မေ ၄**

ကယားပြည်နယ်အစိုးရဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားရုပ်သံလိုင်းတို့ ပူးပေါင်း၍ Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ရိုက်ကူးဆောင်ရွက်သည်။

အဆိုပါဆွေးနွေးပွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးကျော်သန်းလင်း၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာငွေးလွင်၊ လွိုင်ကော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းနှင့် ရပ်မိရပ်ဖ ဦးသန်းစိုး(ရွှေလွိုင်ကော် ) ပရဟိတ လူမှုကူညီရေးအသင်းတို့က ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆောင်ရွက်ပေးနေမှု၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား အသွားအလာကန့်သတ်စောင့်ကြည့်ရေး ဆောင်ရွက်ပေးထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပြည်သူများသို့ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားမှုတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းလေး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ရေး ပိုးသတ်ဆေးဖျန်း

**ဘားအံ မေ ၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်လွှတ်တော်နှင့် လူသွားလူလာ အဝင်အထွက်များသောနေရာများဖြစ်သည့် စျေးများတွင် ယနေ့ နံနက် ၁၀ နာရီမှစတင်ကာ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်တို့မှ ဆေးဖျန်းစက်ကြီးများဖြင့် ကလိုရင်းဆေးရည်(ပိုးသတ်ဆေး)များ လိုက်လံပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ဦးစွာ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်မြတ်မိုး၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်မှ ဗိုလ်မှူးကြီးစောချစ်သူတို့ ဦးဆောင်ကာ တာဝန်ရှိသူများက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးအတွင်း အပြင် ပိုးသတ်ဆေးဖျန်းခဲ့ကြပြီး ဆက်လက်၍ ဘားအံမြို့ပေါ်ရှိ စျေးအတွင်းလမ်းများနှင့် စျေးဆိုင်ခန်းများကို ပက်ဖျန်းခဲ့ကြသည်။

အလားတူ ဘားအံမြို့ မြို့မစျေးကြီးတွင် အမှတ်(၁၀) မှူခင်းတပ်ဖွဲ့စု၊ အမှတ်(၁၀)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ၊ ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘားအံမြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ပညာပေးလှုံ့ဆော်ကြေညာပေးခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပြည်သူအားလုံးပါဝင်ပေး ဆောင်ပုဒ်များ ပြည်သူများသိရှိစေရန် ပြသထား

**ပုသိမ် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှိ မြေစိုက်ဘုတ်တွင် အနုပညာရှင်များ၏ပုံများပါသော "Coronavirus Disease 2019(COVID–19) ကာကွယ်ရေး ပြည်သူအားလုံး ပါဝင်ပေး" ဆောင်ပုဒ်ပါဗီနိုင်းများဖြင့် ပြည်သူများသိရှိစေရန် ပြသထားသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် တစ်ကမ္ဘာလုံးကို ကူးစက်ပြန့်ပွားနေသောရောဂါဖြစ်သည်။

၎င်းအပြင် ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများရှိ မြေစိုက်ဘုတ်များတွင်လည်း ပြည်သူများကို ပြသထားကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငပုတောမြို့၌ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**ငပုတော မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပက်ဖျန်း**

ပိုးသတ်ဆေးဖျန်းရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ မီးသတ်ဦးစီးဌာန စသည့် ဌာနများမှ ဌာနဆိုင်ရာဝန်ထမ်းများအပြင် ကျန်းမာရေးအထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ငပုတောမြို့အဝင်ဂိတ်မှ စတင်ကာ မင်္ဂလာလမ်း၊ ယင်းမာလမ်း၊ ဗိုလ်ချုပ်လမ်း၊ ယုဇနလမ်း၊ မဉ္ဇူလမ်း၊ မေတ္တာလမ်း၊ အောင်သပြေလမ်း၊ ကမ်းနားလမ်း၊ ဆိပ်ကမ်း၊ ကားဂိတ်၊ အခြေခံပညာအထက်တန်းကျောင်းရှိ စောင့်ကြည့်ရေးစခန်းဝင်း၊ တရားရုံး၊ မြို့မရဲစခန်း၊ မြို့မစျေးကြီး၊ မြရတနာစျေး၊ ပညာရေးမှူးရုံးဝင်း၊ ရွှေဝါထွန်းရပ်ကွက်၊ ငွေသောင်ယံဆိပ်၊ ချယ်ရီလမ်း၊ ဘုရားလမ်း၊ အနော်ရထာလမ်း၊ ဗိုလ်တေဇလမ်း၊ သိမ်တော်ကြီးလမ်းနှင့် မြောက်ပိုင်းရပ်ကွက်များသို့ ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အထူးအစီအစဉ်များ ထည့်သွင်းပြသသွားမည်

နေပြည်တော် မေ ၄

၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ မြန်မာ့ရိုးရာမဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူ အပန်းဖြေအနားယူကြမည့် မိဘပြည်သူများအတွက် အထူးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထင်ရှားကျော်ကြားသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ၊ သင်္ကြန်နှင့်ပတ်သက်သည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားကောင်းများကို နေ့စဉ်မွန်းလွဲပိုင်းနှင့် ညပိုင်းတွင်လည်းကောင်း၊ ရုပ်သံဇာတ်လမ်းတွဲများကို နံနက်ပိုင်းနှင့် ညနေပိုင်းများတွင်လည်းကောင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် သင်္ကြန်ကာလအတွင်း မွန်းလွဲ ၁ နာရီခွဲနှင့် ည ၉ နာရီခွဲတို့တွင် ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် ဗီဒီယိုဇာတ်ကားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

*(ယမန်နေ့မှအဆက်)*



၁၃-၄-၂၀၂၀
(တနင်္လာနေ့) နေ့လယ်

**မောင်တို့ ချယ်ရီမြေ**

(ဖြူမည်းရုပ်ရှင်)
ဝင်းဦး၊ ခင်သန်းနု
ဒါရိုက်တာ - ဦးတင်ယု

ချယ်ရီမြေလယ်တောကိုပြန်လာသော နိုင်ငံခြားပြန် "ကိုဦး"တစ်ယောက် သူငယ်ချင်းများနှင့်အတူ မန်းသင်္ကြန်ကို လည်ဖို့ ထွက်ခဲ့သည်။ ပင်လယ်ဓားပြအလုပြယာဉ်ကားနှင့် သင်္ကြန်ထွက်လာသော မင်းသမီး ခင်သန်းနုကို သူငယ်ချင်းများက တွေ့ချင်၍ ကိုဦးပါ လိုက်ပါခဲ့ရသည်။ လွတ်လွတ်လပ်လပ် သင်္ကြန်လည်ချင်သော မင်းသမီး ခင်သန်းနုနှင့် ကိုဦးတို့ ဆုံတွေ့သွားပြီး သင်္ကြန်လည်ပတ်ခဲ့ကြသော်လည်း နိုင်ငံခြားပြန်ကိုဦးက ခင်သန်းနုမှန်းမသိခဲ့ပေ။ ချစ်သူများဖြစ်ခဲ့ပြီးမှ သိခဲ့ရပြီး မီဒီယာများ၏ ဝေဖန်ရေးသားမှုများကြောင့် ခင်သန်းနုကို ချစ်လျက်နှင့်လမ်းခွဲကာ ချယ်ရီမြေပြန်လာခဲ့သည်။ ရုပ်ရှင်မင်းသမီးနှင့် လယ်တော၌ခြေချမည့်သူတွေကြား ရှေ့ဆက်မည့်ခရီး ဘယ်လိုရှိမလဲ ဆိုသည်ကို စောင့်မျှော်ကြည့်ရှုရမည့် ဖြူမည်းရုပ်ရှင်ဇာတ်လမ်း ဖြစ်ပါသည်။




၁၃-၄-၂၀၂၀
(တနင်္လာနေ့) ည

**နတ်ဖြစ်ရတဲ့ဒုက္ခ**


(ဆေးရောင်စုံရုပ်ရှင်)
ရန်အောင်၊ ခန့်စည်သူ၊ ထွန်းထွန်း၊
စိုးမြတ်သူဇာ၊ အေးမြတ်သူ
ဒါရိုက်တာ-ညွန့်မြန်မာညီညီအောင်

လူ့ဘဝသေဆုံးပြီး နတ်ဖြစ်သွားသည့် "ရွှေအိုး"နတ်ဘဝနှင့် လူ့ပြည်ဆင်းလာသည့်အခါ မောင်ရိုးက ချောပိုကို ကြိုက်နှစ်သက်၍ ပိုးပန်းနေပုံ၊ ချောပိုအစ်မ "မသိန်းကြွယ်"နှင့် "ကိုမှတ်"တို့ လင်မယားအကြောင်း မြင်နေတွေ့နေရသည်။ မသိန်းကြွယ်က အပြောဆိုး၍ ခလုတ်တိုက်လဲအောင် "နတ်ရွှေအိုး" လုပ်ခဲ့ရာမှ ခလုတ်တိုက်လဲမိသည့် ကျောက်က ကျောက်စိမ်းတုံးဖြစ်သွားသောအခါ ရွာသားများက"နတ်ရွှေအိုး"ကိုပူဇော်ပြီး ကျောက်စိမ်းတုံးတောင်းကြသည်။ မိန်းကလေးများက ဗေဒင်လာမေးကြပြီး မှန်လွန်းသောကြောင့် သူတို့ယောကျ်ားများက လိုက်ရိုက်၍ထွက်ပြေးကြရင်း "နတ်ရွှေအိုး" သူ၏ရုပ်အလောင်းကို မြင်တွေ့ရကာ "နတ်ရွှေအိုး" လူ့ဘဝပြန်အသက်ရှင်သွားမလား၊ နတ်ဘဝဖြင့်ပင် အဆုံးသတ်မလားဆိုသည်ကို စောင့်မျှော်ကြည့်ရှုရမည့် ဆေးရောင်စုံရုပ်ရှင် ဟာသဇာတ်လမ်းဖြစ်ပါသည်။

၁၄-၄-၂၀၂၀
(အင်္ဂါနေ့) နေ့လယ် {သင်္ကြန်အကြတ်နေ့}

**သင်္ကြန်မိုး**

(အကယ်ဒမီ ဆေးရောင်စုံရုပ်ရှင်)
နေအောင်၊ ဇော်ဝမ်း၊ ဇင်ဝိုင်း၊ ခင်သန်းနု၊ မေသန်းနု၊
သီတာသိမ့်
ဒါရိုက်တာ-မောင်တင်ဦး



မတူညီသော အခြေခံဘဝကြောင့် မြို့မတေးဂီတအဖွဲ့၏ စန္ဒရားဆရာ ကိုငြိမ်းမောင်နှင့် သူဌေးသမီး ခင်ခင်ထားတို့ ဆုံဆည်းခွင့်မရ ဝေးကွာခဲ့ရသည်။ ထားက မိဘသဘောတူသူနှင့် လက်ဆက်ခဲ့သလို ကိုငြိမ်းမောင်ကလည်း သူ့ကို မှီခိုအားကိုးနေရသည့် မြခက်နှင့် တစ်အိုးတစ်အိမ်ထူထောင်ခဲ့သည်။ ကိုငြိမ်းမောင်သား သက်ထွေးနှင့် ထား၏သမီး နွယ်နွယ်တို့နှစ်ယောက် ဂီတကိုအခြေခံပြီး သင်္ကြန်မှာ ဆုံတွေ့ခဲ့ကြသည်။ သားနှင့်သမီးကို အကြောင်းပြုပြီး ချစ်သူဟောင်းနှစ်ဦး ပြန်လည်ဆုံတွေ့ကြသောအခါ တစ်ဦးနှင့်တစ်ဦးအကြား အထင်အမြင်လွဲမှားမှုတွေကြောင့် သားနှင့်သမီးတို့၏ချစ်ခြင်းကို သဘောတူကြည်ဖြူပါ့မလား ......။

{သင်္ကြန်ကာလရောက်ပြီဆိုလျှင် "သင်္ကြန်မိုး" မကြည့်လိုက်ရပါက မပြည့်စုံသည့် ဇာတ်ကားအဖြစ် "သင်္ကြန်မိုး" ဇာတ်ကားစောင့်မျှော်ကြည့်ရှုနိုင်ပါသည်။}

၁၄-၄-၂၀၂၀
(အင်္ဂါနေ့) ည {သင်္ကြန်အကြတ်နေ့}

**ယောက္ခမဆိုတာ တစ်ခါတုန်းက သမက်ပါပဲ**

(အကယ်ဒမီ ဆေးရောင်စုံရုပ်ရှင်)
ကျော်သူ၊ ရန်အောင်၊ လွင်မိုး၊
မို့မို့မြင့်အောင်၊ မေသဉ္ဇာဦး၊
ခိုင်သင်းကြည်
ဒါရိုက်တာ-မောင်မျိုးမင်း(ရင်တွင်းဖြစ်)



ချစ်ဦးမောင်နှင့် မေဖြူဇော်တို့ ချစ်သူနှစ်ဦး လက်ထပ်ကြရန် နှစ်ဘက်မိဘများနှင့် တွေ့ဆုံပေးခဲ့ရာမှ ချစ်ဦးမောင်နှင့် မေဖြူဇော် တို့၏ ဖခင်များဖြစ်ကြသော ဦးမောင်မောင်နှင့် ဦးနေလင်းဇော်တို့ ပြန်ဆုံခဲ့ကြသည်။ ဦးမောင်မောင်နှင့် ဦးနေလင်းဇော်တို့မှာ တစ်ချိန်က ရည်းစားလုဘက်များဖြစ်ခဲ့ကြသည့်အတွက် တစ်ဦးနှင့်တစ်ဦး အမြင်မကြည်ကြသဖြင့် သားသမီးများကို သဘောမတူချင်ပေမယ့်လည်း နောက်ဆုံးလက်ထပ်ဖို့ သဘောတူခဲ့ကြသည်။ သမီးကို ချစ်သည့်စိတ်ကြောင့် သမက်ကို အိမ်ခေါ်ထားရသည့် ဦးနေလင်းဇော်တစ်ယောက် သားမက်နှင့် အဆင်ပြေပါ့မလား ချစ်ဦးမောင်ကရော ယောက္ခမနှင့် အဆင်ပြေပြေ နေနိုင်ပါ့မလားဆိုသည်ကို စောင့်ကြည့်ရမည့် ဟာသနှောရိုက်ကူးထားသော ဆေးရောင်စုံအကယ်ဒမီရုပ်ရှင်ဇာတ်ကား ဖြစ်ပါသည်။




၁၅-၄-၂၀၂၀
(ဗုဒ္ဓဟူးနေ့)နေ့လယ်
{သင်္ကြန်အကြတ်နေ့}

**ကညာပျိုနဲ့ဇရာအို**

(ဖြူမည်း ရုပ်ရှင်)
ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊
စံရှားတင်၊ ခင်သန်းနု
ဒါရိုက်တာ-ဘိတ်ကလာတဲ့ ငံပြာရည်

ဆရာဝန်ကြီး "ကိုအောင်"နှင့် ဇနီး "ထား"တို့ သူငယ်ချင်း၏သား "ကျော်ကျော်"ကို သားအရင်းလို ချစ်ခင်စောင့်ရှောက်ခဲ့သည်။ ကျော်ကျော်က ရုပ်ရှင်မင်းသမီး ဝင်းပပနှင့် ချစ်သူများဖြစ်နေကြ၍ သဘောမတူနိုင်ကြောင်း ပြောဆိုလမ်းခွဲစေခဲ့သည်။ ထို့ကြောင့် ကျော်ကျော်နှင့် ဝင်းပပတိုင်ပင်ပြီး ဆရာဝန်ကြီး ကိုအောင်ကို ဝင်းပပ ချဉ်းကပ်ခဲ့သည်။ ကိုအောင်က ဇနီး ထား မသိအောင် ဝင်းပပ ဆီ သွားရောက်တွေ့ဆုံခဲ့သည်ကို ကြာလာတော့လည်း ရိပ်မိလာခဲ့သည်။ ဆရာဝန်ကြီး ကိုအောင်တစ်ယောက် ကျော်ကျော်နဲ့ ဝင်းပပတို့ အကွက်ချ စီစဉ်ထားတာကို ဘယ်လိုသိသွားမလဲ ဆိုတာကို စောင့်မျှော်ကြည့်ရှုနိုင်မည့် ဖြူမည်းရုပ်ရှင်ဇာတ်ကား ဖြစ်ပါသည်။




၁၅-၄-၂၀၂၀
(ဗုဒ္ဓဟူးနေ့) ည
{သင်္ကြန်အကြတ်နေ့}

**အကယ်ဒမီရှော့**

(ဆေးရောင်စုံ အကယ်ဒမီရုပ်ရှင်)
နေတိုး၊ ရဲအောင်၊ ထွန်းထွန်း၊
အိန္ဒြာကျော်ဇင်၊ ချောရတနာ၊
သင်ဇာဝင့်ကျော်
ဒါရိုက်တာ-ညီညီထွန်းလွင်

ဝဏ္ဏနှင့် ပပ တို့ လင်မယားစုံတွဲ၊ ခန့်ပိုင်နှင့် ခင်သန္တာတို့ လင်မယားစုံတွဲ၊ မိန်းမများနောက်ကွယ်မှာ ဝဏ္ဏနှင့် ခန့်ပိုင်တို့ ပွေကြရှုပ်ကြပုံ၊ အိမ်ထိရောက်လာသော ဒေဝီကို သူငယ်ချင်းလူပျို သူရ၏ဇနီးဟု လိမ်ညာပြောကြပုံ၊ သူရက သူ့ချစ်သူ ယုဇနနှင့် လက်ထပ်သည့် မင်္ဂလာပွဲကို စုံတွဲလိုက် တက်ရောက်ရန် သွားခဲ့ရာမှ မိန်းမများနောက်ကွယ် ပွေရှုပ်ကြပုံတို့ကို အကယ်ဒမီရှော့များသုံးပြီး သရုပ်ဆောင်လိမ်ညာကြပုံ ဟာသဇာတ်လမ်းအဖြစ် စောင့်မျှော်ကြည့်ရှုရမည့် ဆေးရောင်စုံအကယ်ဒမီရုပ်ရှင်ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ထားဝယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ထောက်ပံ့ငွေနှင့် ကာကွယ်ရေးပစ္စည်းများ ပေးအပ်




**ထားဝယ် မေ ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ငွေနှင့် ကာကွယ်ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၁၀ နာရီခွဲက ထားဝယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်ပြီး နေရပ်ပြန်လာသည့် နိုင်ငံသားများအား နေအိမ်၌သာ ထားရှိဆောင်ရွက်ခဲ့ရာမှ ယခုအခါ ပြည်သူလူထု၏ ဝိုင်းဝန်း ကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အအုံ များတွင် ထားရှိပေးထားကြောင်း၊ ထားဝယ်ခရိုင်အတွင်း သက်ဆိုင်ရာ မြို့နယ်အသီးသီးတွင် ကန့်သတ်စောင့်ကြည့် နေရာ ၂၀၉ နေရာ အမြန်ဆုံးဖွင့်လှစ်ပြီး အပြည့်အဝ စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ ကြောင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေနှင့် ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ရေးပစ္စည်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ကျော်က တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀အားလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးမြင့်စန်းနှင့် အတွင်းရေးမှူး ဦးခင်မောင်ကျော် တို့က ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများအား လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံ ရယူခဲ့သည်။

ဆက်လက်၍ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဝင် ဒေါက်တာဥက္ကာက ကျေးဇူးတင်ပြောသည်။

**ထားဝယ်(ပြန်/ဆက်)**

# ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများပူးပေါင်း၍ လှိုင်သာယာမြို့နယ်၌ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေး

**ရန်ကုန် မေ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) အနေဖြင့် ညီနောင်အသင်းများဖြစ်ကြသည့် မြန်မာ နိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစက်မှုကုန် ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ စားသောက် ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီတို့နှင့် ပူးပေါင်း၍ မေ ၃ ရက် ညနေပိုင်းက လှိုင်သာယာ စက်မှုဇုန် စီမံခန့်ခွဲရေးရုံးရှေ့တွင် အခြေခံစားသောက် ကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချ ပေးခဲ့သည်။

အခြေခံစားသောက်ကုန်များအဖြစ် ရက် ၉၀ ဆန်၊ PPG အမှတ်တံဆိပ် ကြက်သား၊ အာလူး၊ ကြက်သွန်၊ ရာသက်ပန်နေကြာဆီ၊ စားသုံးဆီ၊ Mitra နေကြာဆီ ၊ Dyanas နေကြာဆီ၊ Goody နေကြာဆီ နှင့် ဟင်းသီးဟင်းရွက်ဆီ၊ Good Choice နေကြာဆီ၊ Golden Dragon အမှတ်တံဆိပ် ပဲငံပြာရည်နှင့် ဆော့စ်မျိုးစုံ၊ A1 Family ငရုတ်သီးမှုန့်နှင့် နနွင်းမှုန့်၊ အိမ်ရှင်မတံဆိပ်ကြက်သွန်နီကြော်၊ ဒေါ်ကြီးစပ် ငရုတ်သီးမှုန့်၊ Walco နွားနို့၊ ခေါက်ဆွဲထုပ်၊ ကြာဆံထုပ်များကို ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ရောင်းချပေးရာတွင် လာရောက်ဝယ်ယူ သည့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မည့် အန္တရာယ်မှကင်းစေရန်အတွက် တစ်ဦးချင်း ကိုယ် အပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည် ဖြင့် သန့်စင်စေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ သည်။

လတ်တလော ကိုဗစ်-၁၉ ရောဂါအရေးကြောင့် လှိုင်သာယာစက်မှုဇုန်ရှိ ပြည်သူများထံ အခြေခံ စားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ဆားများ နှင့် အခြားစားသောက်ကုန်များ ဈေးကွက်အတွင်း ပြတ်လပ်မှုမရှိစေရန်နှင့် ဈေးနှုန်းကြီးမြင့်မှု မရှိစေ ရန်အတွက် ညှိနှိုင်းထိန်းသိမ်းရန်ရည်ရွယ်၍ သက်သာသောနှုန်းထားဖြင့် ယခုလိုလိုက်လံရောင်းချ ပေးခဲ့ခြင်းဖြစ်ကြောင်း ကုန်သည် စက်မှုအသင်းချုပ် ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**ကိုထက်**



# ဈေးရောင်းဈေးဝယ်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ရေတာရှည် မေ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီအဖွဲ့မှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ နန္ဒာညီဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့်တာဝန်ရှိသူ များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် နံနက် ၈ နာရီက ရေတာရှည်မြို့မ ဈေးကြီးနှင့် အပြင်ဈေးဆိုင်တန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် ဈေးရောင်းသူနှင့် ဈေးဝယ်သူများ နှာခေါင်းစည်းများတပ်ကြရန် တစ်ဦးနှင့်တစ်ဦး သုံးပေခွာ၍ ရောင်းဝယ်ခြင်း ပြုလုပ်ကြရန် အသိပေးပြောကြားသည်။

ထို့အပြင် စားသောက်ဆိုင်များအား ပါဆယ်စနစ်ဖြင့်သာ ရောင်းဝယ်မှုပြုလုပ် ကြရန် အသိပေးထုတ်ပြန်ထားခြင်းတို့ကို လိုက်နာခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေး ခဲ့ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ နန္ဒာညီဆွေက ဈေးရောင်းဈေးဝယ်သူများ အနေဖြင့် နှာခေါင်းစည်းအကာအကွယ်များ တပ်ဆင်ကြရန်လိုအပ်ပါကြောင်း၊ ထို့အပြင်ဈေးသူဈေးသားများအနေဖြင့် လက်ကိုအလွယ်တကူဆေးကြောသန့်စင် နိုင်ရန် နေရာများပြုလုပ်ထားဖို့လိုအပ်ကြောင်း၊ ဈေးများသည် လူများစွာစုဝေး လာရောက်ကြရာနေရာဖြစ်သည့်အားလျော်စွာ ဝိုင်းဝန်းစုပေါင်းလိုက်နာကြမှသာ ရောဂါကူးစက်မှုမှ ကင်းဝေးနိုင်မည်ဖြစ်ကြောင်း ဈေးသူဈေးသားများနှင့် ဈေးဝယ်ယူသူများအား ပညာပေးပြောကြားခဲ့သည်။

**ကိုလွင်(ဆွာ)**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် မေ ၃ ရက် ညနေ ၄ နာရီခွဲမှစ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်လှဦးဆောင်သော တောင်လုံးပြန်ရပ်ကွက် လူငယ်အဖွဲ့နှင့် တာဝန်ရှိသူများက ကာကွယ်ဆေးများ ဖျန်းနေစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# သန်လျင်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**ရန်ကုန် မေ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင် မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ရေးလုပ်ငန်းစဉ် အဖြစ် လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များက သန်လျင်မြို့နယ်အတွင်း ပိုးသတ် ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက် ညနေပိုင်းက ခရိုင်ပြည်သူ့စာကြည့်တိုက် နှင့် ဗိုလ်ချုပ်ကျေးရွာအတွင်း ပိုးသတ် ဆေး လှည့်လည်ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

သန်လျင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) အထွေထွေရောဂါကုဆေးရုံ၊ မြို့မ ဈေးကြီး၊ ကားမှတ်တိုင်၊ စက်ရုံ၊ အလုပ်ရုံ၊ ဌာနဆိုင်ရာရုံးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင် ကျောင်းများ၊ ပရဟိတအဆောက် အအုံများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် လူစည်ကားရာ နေရာများတွင် ပိုးသတ်ဆေးများအား နေ့ပိုင်းညပိုင်း လှည့်လည်ဖျန်းပေးလျက်ရှိကြောင်း သိရသည်။

သန်လျင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် ပြည်ပနိုင်ငံများမှ ပြန်လည် ဝင်ရောက်လာသူများအား ကျန်းမာရေး ဌာနမှ လမ်းညွှန်ချက်နှင့်အညီ ၁၄ ရက်စောင့်ကြည့်စင်တာများဖွင့်လှစ် ကာ ကျန်းမာရေး၊ နေထိုင်ရေး၊ စားသောက်ရေးတို့အား လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး မြို့နယ်အဆင့် အထောက်အကူပြု ကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ ပရဟိတအဖွဲ့များက ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

သန်လျင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ယနေ့အထိ မတွေ့ရှိသေးကြောင်းနှင့် ကြိုတင် ကာကွယ်ရေး လုပ်ငန်းများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာန ဆိုင်ရာများ၊ အထောက်အကူပြု ကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ ပရဟိတအဖွဲ့များ၊ အလှူရှင် များနှင့် ပြည်သူများပူးပေါင်းပါဝင်ကာ ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ် ရေး၊ ကုသရေးနှင့် အသိပညာပေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

**သက်ခိုင် (သန်လျင်)**

# “ထလော့မြန်မာ အိုမြန်မာတို့ အားမပျော့နှင့်”

## ကိုရင်ဩ

“ထမင်းရေကြည် အပေါ်ယံမျက်နှာပြင် တင်းသလို အနင်းမခံ” နိုင်သည့် မဟာကျန်းမာရေး ပြဿနာကြီးအဖြစ် “ကိုရိုနာ” ပိုးက ကမ္ဘာတစ်လွှားတွင် ဆက်လက်၍ ရှုပိုးထိုးနေသည့် အခိုက်အတန့်ဝယ် မိမိတို့အသီးသီး အသက အသက ကျန်းမာရေးအရကာယိန္ဒြေကိုစောင့်ထိန်းရင်း ကမ္ဘာ့ပြည်သူများအားလုံး၏ ဘုံရန်သူကို ပိုက်စိပ်တိုက် ရှာဖွေဖော်ထုတ်လျက် ရှိနေကြပုံကို ကျွန်ုပ်စေ့ငုလေ့လာမိလေ၏။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ အဆိုအရ “ကိုဗစ်-၁၉” ဗိုင်းရပ်စ်ပိုးသည် လူ့မျိုးဆက်တစ်ဆက်တာ ကာလအတွင်း အဆိုးရွားဆုံး ဘေးဒုက္ခပေးသော ပြည်သူ့ကျန်းမာရေး ကပ်ဘေးဆိုက်မှုအဖြစ် ကျွန်ုပ်မှတ်သားရ၏။

လူသားတစ်ရပ်လုံး၏ ရန်သူ “ကိုရိုနာပိုး” ကူးစက်မှု ရပ်တန့်သွားစေရေးအတွက် ကမ္ဘာတစ်ဝန်းတွင် “လူမှုရေးခွာဟမှု” (Social Distancing) ပြုလုပ်ရ၊ ယမကာဆိုင်များ ပိတ်ထားရ၊ စားသောက်ဆိုင်များမှသည် စာသင်ခန်းနှင့် အလုပ်ခန်းများအထိ ပိတ်ထားရပြီး နေအိမ်အလိုက်၊ ရပ်ရွာအလိုက်၊ အသွားအလာ အဝင်အထွက် ထိန်းချုပ်ကန့်သတ်ထားမှုများ ပြုလုပ်ထားကြရဆဲဖြစ်၏။

“စုန်းကဝေ” သဖွယ် ကမ္ဘာ့လူသားတစ်ရပ်လုံးကို ပြုစားနေဘိအလား အရဲတင်းလွန်းလှသည့် ကိုရိုနာပိုးကြောင့် ကိုယ်၊ စိတ်နှလုံး ရွှင်ပြုံးနိုင်ခြင်း မရှိကြရကား စိတ်ကျန်းမာရေးအရ ထိခိုက်ရသည့် သတင်းဖြစ်စဉ်များ (ဂျာမနီရှိ ပြည်နယ်တစ်ပြည်နယ်တွင် ဘဏ္ဍာရေးဝန်ကြီးတစ်ဦး ရထားကြိတ်ခံကာ မိမိကိုယ်မိမိ အဆုံးစီရင်သွားခြင်း သတင်းမျိုး) ကိုလည်း ကျွန်ုပ်တို့ ကြားသိကြရပေရာ စိတ်ဓာတ်ခွန်အား တိုးပွားစေလျက် လာမည့်ဘေး ပြေးတွေ့ရမည့် သတ္တိမွေးကြဖို့ ကျွန်ုပ်တိုက်တွန်းအပ်ပါသည်။

“သတ္တာနံ ဝိသုဒ္ဓိယာ ဧကာယနော မဂ္ဂေါ” ဟူသော ရှင်တော်ဗုဒ္ဓ၏ လမ်းညွှန်ချက်နှင့်အညီ လူသားအားလုံး စိုးရိမ်ထိတ်လန့်မှုတည်းဟူသော ကိလေသာစိတ်အညစ်အကြေးစင်ကြယ်စေဖို့ တစ်ကြောင်းတည်းသော လမ်းစဉ် (ဝိပဿနာ သတိပဋ္ဌာန်လမ်းစဉ်) နှင့်အညီ သတိမလပ်ကြဖို့ကိုလည်း ကျွန်ုပ်တိုက်တွန်းလိုပါ၏။

ကျန်းမာရေးဘေးဥပဒ် ခြိမ်းခြောက်ခံရချိန်တွင် ပရဟိတစိတ်ဓာတ်ကို ဝိုင်းဝန်းမြှင့်တင်ကြခြင်းဖြင့် အများသူငါ ဒုက္ခဖိစီးခံရမှုမှ သက်သာရာရစေနိုင်သည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

ကမ္ဘာ့ကပ်ရောဂါဆိုးကြီး ဖြစ်ပေါ်နေချိန်တွင် အထိအနာဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်လာသော အမေရိကန်ပြည်ထောင်စု၌ စားနပ်ရိက္ခာရန်ပုံငွေ (Food Fund) ကို ပရဟိတစိတ်ထားရှိသူများက ထူထောင်လိုက်ပြီဆိုသော သတင်းတစ်ပုဒ်မှာ နတ်လူသာစု ခေါ်စရာဖြစ်ရပြီး ကျွန်ုပ်တို့၏နိုင်ငံတွင်လည်း စေတနာရှင့်သန်သူများကို အားပါးတရ တွေ့မြင်လာရပေသည်။

ရောဂါကပ်ဘေးဆိုက်ချိန်တွင် အားနည်းမှု အရှိဆုံး လူပုဂ္ဂိုလ်များကို ဝိုင်းဝန်းစောင့်ရှောက်



(Photo courtesy of Unite Here Local 11)

**ရောဂါကပ်ဘေးဆိုက်ချိန်တွင် အားနည်းမှုအရှိဆုံး လူပုဂ္ဂိုလ်များကို ဝိုင်းဝန်းစောင့်ရှောက်ပေးကြခြင်းဖြင့် လောကပါလတရား ထွန်းကားသော ကမ္ဘာကြီးအဖြစ် ဂုဏ်တင့်ဝင့်ထည်ပေလိမ့်မည်။ ဆင်းရဲသား နင်းပြားများ အတွက် ရိက္ခာဘဏ်တိုက် (Food Bank) များကို အပြိုင်အရိုင်း ထူထောင်ကြခြင်းဖြင့် ကုသိုလ်တရား ပွားများနိုင်ကာ ကပ်ဘေးဆိုးကြီးမှ အမြန်ဆုံးကျော်လွှား လွန်မြောက်နိုင်ပေမည်ဟု ကျွန်ုပ်ဆင်ခြင်မိ၏ ....**

ပေးကြခြင်းဖြင့် လောကပါလတရား ထွန်းကားသော ကမ္ဘာကြီးအဖြစ် ဂုဏ်တင့်ဝင့်ထည်ပေလိမ့်မည်။ ဆင်းရဲသား နင်းပြားများအတွက် ရိက္ခာဘဏ်တိုက် (Food Bank) များကို အပြိုင်အရိုင်း ထူထောင်ကြခြင်းဖြင့် ကုသိုလ်တရား ပွားများနိုင်ကာ ကပ်ဘေးဆိုးကြီးမှ အမြန်ဆုံး ကျော်လွှားလွန်မြောက်နိုင်ပေမည်ဟု ကျွန်ုပ်ဆင်ခြင်မိ၏။

အမေရိကန်တွင် ကိုရိုနာဘေး ကပ်ဆိုက်နေချိန်အတွင်း မြို့ရွာအလိုက် ကျန်းမာရေးခြေချုပ်ချ (အသွားအလာ အဝင်အထွက်ပိတ်ပင်ထားရ) ချိန်တွင် စားတော်ကဲကြီးများက ရပ်မြင်သံကြားဖန်သားပြင်ပေါ်မှတစ်ဆင့် ချက်နည်း၊ ပြုတ်နည်း နိဿရည်းများကို ဉာဏ်ပူဇော်ခ မယူဘဲ “ပညာဒါန” ပို့ချပေးသည်ဆိုသော သတင်းတစ်ပုဒ်ကိုလည်း ကျွန်ုပ်ဖတ်ရှုရပြန်ရာ “စေတနာကောင်းသူတွေ များများပေါ်ထွန်းပါစေ” ဟု ကပိုကရို ဆုတောင်းစကား ဆိုလို၏။

ကိုရိုနာ မိစ္ဆာနတ်ဆိုး အပူးအခွပြုလုပ်နေသည့်ကြားမှ ကျွန်ုပ်ကြားသိရသည့် သတင်းတစ်ပုဒ်မှာ အထူးတလည် ရင်သပ်ရှုမော အံ့ဩဖွယ်ရာ ဖြစ်ရသည်။

အမေရိကန်ပြည်ထောင်စု အိုရီဂွန်ပြည်နယ်တွင် ဒုတိယကမ္ဘာစစ် စစ်ပြန်ကြီး ဝီလျံလက်ရှီးဆိုသူသည် မကြာသေးမီက ကိုရိုနာဗိုင်းရပ်စ်ပိုး ဝေဒနာမှ ပြန်လည်နာလန်ထူလာခဲ့ပြီး ၁၀၄ နှစ်မြောက်မွေးနေ့ပွဲကို ဆင်နွှဲနိုင်သည်ဟုဆိုသည်။

အီတလီနိုင်ငံ ဂျီနီဗာမြို့၌ အသက် ၁၀၂ အရွယ် အမျိုးသမီးကြီးတစ်ဦးသည် ကပ်ရောဂါမှ ပြန်လည်နာလန်ထူလာခြင်းမှာ “ဩော်” ချရလောက်သည်ဟု သတင်းတစ်ပုဒ်တွင် ကျွန်ုပ်ဖတ်ရှုရပေရာ ကျွန်ုပ်မှာ အံ့ဩဘနန်း ဖြစ်ရပြန်သည်။

အီရန်နိုင်ငံတွင် အသက် ၁၀၃ နှစ်အရွယ် အဘွားအိုတစ်ဦးသည် ကိုရိုနာဗိုင်းရပ်စ် စွဲကပ်ခံခဲ့ရပြီးနောက် ရက်သတ္တတစ်ပတ်ကြာမျှ ဆေးရုံတက်ရောက်ခဲ့ရသော်လည်း ပြန်လည်နာလန်ထူလာသည်ဟု ကြားသိရပြန်ရာ ဇီဝိတရုပ်များ၏ ဆန်းကြယ်ပုံကို စေ့ငုစရာ ဖြစ်ရပြန်သည်။

ဗြိတိန်နိုင်ငံ၏ အကျော်ဒေးယျ အဆိုတော်ကြီး အယ်လ်တန်ဂျွန်သည် ရပ်ရွာအလိုက် အသွားအလာကန့်သတ်ခံထားရသူများ စိတ်အပန်းတော်ပြေစေရေးအလို့ငှာ တတ်သည့်ပညာမနေသာ အနုပညာဖြင့် ဖျော်ဖြေကာ ကိုရိုနာတိုက်ဖျက်ရေး ပရဟိတရန်ပုံငွေ ရှာဖွေပေးသည်ဟူသော သတင်းတစ်ပုဒ်မှာလည်း မြို့မေတ္တာခံယူသည့်သားက သူ၏ ပရိသတ်အပေါ် တစ်ပြိုင်နက် တစ်ချက်တည်း မေတ္တာရေစင်သွန်းလောင်းပေးလိုက်ဘိအလား စိတ်နှလုံးကို ရွှင်ပြုံးစေသည် မဟုတ်တုံလော။

အယ်လ်တန်ဂျွန်က သူ၏နေအိမ်ခန်းဆောင်ဆီမှ တေးဂီတဖျော်ဖြေပွဲ ပြုလုပ်လေသော် ဆီလီအိုင်းလစ်ရှ်၊ လေဒီဂါဂါတို့က ပူးပေါင်းပါဝင်လာကြပြီး ရုပ်မြင်သံကြားနှင့် ယူကျူတို့မှတစ်ဆင့် ဖျော်ဖြေတင်ဆက်ကာ ပြည်သူတို့၏ ညှိုးနွမ်းနေသော စိတ်နှလုံးကို ဖရဏာပီတိ ဂွမ်းဆီထိဖြစ်စေ၏။ ဗိုင်းရပ်စ်တိုက်ဖျက်ရေး ရန်ပုံငွေကို တိုးပွားစေ၏။

ကိုရိုနာဝေဒနာသည်များအတွက် အရေးအကြီးဆုံး လိုအပ်သော အသက်ရှူအထောက်အကူပြုစက် တီထွင်ဖော်ထုတ်နိုင်ရန် လန်ဒန်ယူနီဗာစတီကောလိပ်နှင့် မာစီဒီးဖော်မြူလာဝမ်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်းမှာပင် တီထွင်ထုတ်လုပ်မှုကို စတင်နိုင်ခဲ့ပြီး “ဗန်တီလေတာ” စက်အလုံး ၄၀ ကို လန်ဒန်ဆေးရုံများသို့ လှူဒါန်းပေးခဲ့သည်ဆိုသော သတင်းတစ်ပုဒ်မှာ ကျွန်ုပ်အတွက် “ကုသိုလ်ရှင်များ” နည်းတူ ထပ်တူမျှဝမ်းသာပီတိဖြစ်ရဘိ၏။

မာစီဒီးကား ကုမ္ပဏီကြီး၏ ပြည်သူတို့အပေါ် စေတနာရှေးရှုသော ကုသိုလ်လုပ်ရပ်ကို ကြည်ညိုသဒ္ဓါပွားများကာ အမေရိကန်ရှိ ရိုးရွိုက်စ်၊ ဘီအေဘီးစစ္စတန်နှင့် ဖို့ဒ်တို့ကဲ့သို့သော ကားကုမ္ပဏီကြီးများက အသက်ရှူအထောက်အကူပြုစက်များကို အပြိုင်အဆိုင် ထုတ်လုပ်ရန် ကြိုးပမ်းလာကြရာ တစ်ခွင်တစ်ပြင် မေတ္တာရေအလျဉ်ကို တွေ့မြင်ရဘိသကဲ့သို့ အားပါးတရ ရှိပေစွ။

ဘေးဒုက္ခကျရောက်ချိန်တွင် ကူညီစောင့်ရှောက်ပေးသူသည် မိတ်ဆွေစစ်ဖြစ်သည်ဟူသော လူမှုရေးသဘောတရားကို ဇာန်ဇာထုတ်ဖော်ပြသလိုက်သော နိုင်ငံတစ်နိုင်ငံမှာ ဂျာမနီနိုင်ငံဖြစ်သည်။

အီတလီနိုင်ငံ၌ ကိုရိုနာရောဂါ အထိအနာဆုံး ဒေသတစ်ခုမှ လူနာများကို အကူအညီပေးနိုင်ရန် ဂျာမနီနိုင်ငံက စစ်လေယာဉ်များ အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့လေသည်။

ကိုရိုနာရောဂါပိုး ကူးစက်မှုနှုန်းအမြင့်ဆုံး ရှိနေသော အီတလီနှင့် ပြင်သစ်နိုင်ငံတို့မှ လူနာများကို ဂျာမန်စစ်လေယာဉ်များက သွားရောက်ခေါ်ဆောင်ပေးခဲ့ပြီး မိမိတို့နိုင်ငံရှိ ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ခြင်းမှာ နတ်လူသာစု ခေါ်ရအံ့သော ကုသိုလ်ကောင်းမှုပင် မဟုတ်ပါလော။

ကိုရိုနာဗိုင်းရပ်စ် မူလအစပြုရာ တရုတ်နိုင်ငံ ဝူဟန်မြို့မှ ပြည်သူများသည် မှောင်အတိပြီးသော လိုဏ်ဂူလမ်းအတိုင်း ရက်ပေါင်းအတန်ကြာမျှ လျှောက်လှမ်းခဲ့ကြရပြီးနောက် လိုဏ်ဂူလမ်းအဆုံးတွင် အလင်းရောင်ကို တွေ့မြင်လိုက်ရဘိအလား အိမ်ပြင်ပသို့ ထွက်လာနိုင်ပြီဆိုသော သတင်းတစ်ပုဒ်မှာလည်း သိင်္ဂါရ ရသမြောက်သည့် သတင်းတစ်ပုဒ်အဖြစ် ကျွန်ုပ်ရှုမြင်မိ၏။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကြောင့် နှစ်လကျော်ကြာမျှ အသွားအလာကန့်သတ်ပိတ်ပင်ခံခဲ့ရသော ဝူဟန်မြို့ကို ဧပြီ ၃ ရက်က တစ်စိတ်တစ်ဒေသ ပြန်လည်ဖွင့်လှစ်လိုက်ရာ ဒေသခံပြည်သူတို့မှာ နေအိမ်ပြင်ပသို့ စိတ်လက်ပေါ့ပေါ့ပါးပါးဖြင့် ထွက်ခွာလာနိုင်ခဲ့ကြပေပြီ။

ဟူပေပြည်နယ် မြို့တော်ဝူဟန်တွင် ကိုရိုနာပိုး ကူးစက်ခံရသူ လူ ၅၀၀၀၀ ကျော် ရှိခဲ့ပြီး ပြည်နယ်တစ်ဝန်းတွင် လူပေါင်း ၃၀၀၀ ထက်မနည်း မရဏဘေး ကျရောက်ခဲ့ရလေသည်။ လူဦးရေ ၁၁ သန်းကျော် နေထိုင်ရာ မြို့တော်ပေကျင်းတွင်လည်း လူအသွားအလာ ပြန်လည်စည်ကားစ ပြုလာပေပြီ။

သို့ဖြစ်လင့်ကစား ကမ္ဘာတစ်ဝန်းတွင်မူ ကိုရိုနာပိုး ဆက်လက်မင်းမူနေကာ ကမ္ဘာသူ၊ ကမ္ဘာသားတို့ကို နှိပ်စက်မြဲ နှိပ်စက်လျက်ရှိသည်။ နောက်ဆုံးသတင်းတစ်ပုဒ်အရမူ ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း တစ်သန်းကျော်ရှိနေပြီး သေဆုံးသူ ၆၀၀၀၀ နီးပါး ရှိခဲ့ပေပြီ။

ဤရွေ့ဤမျှ ဤလောကကို ခြိမ်းခြောက်လှုပ်ခါနေသော ကိုရိုနာဗိုင်းရပ်စ်ပိုးကို အကြောင်းပြု၍ လူမှုရေး၊ စီးပွားရေးတို့အရ ဆုံးရှုံးနစ်နာမှုကြီးမားစွာ ဖြစ်ပေါ်လာနိုင်အံ့သော မျက်မှောက်အခြေအနေတွင် ကျွန်ုပ်တို့အနေဖြင့် “တစ်ခါသေဖူး ပျဉ်ဖိုးနားလည်” ဟူဘိသို့ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းချစ်ကြည်ညီညွတ်ကြပါလျှင် “ပြည့်ရန်သူ” တည်းဟူသော ဗိုင်းရပ်စ်ကပ်ရောဂါပိုးကို အပြီးတိုင်ချေမှုန်းတိုက်ထုတ်နိုင်ရေးအတွက် စိတ်ဓာတ်ခွန်အားများ ဆပွားတိုးပွားလာနိုင်ပုံကို တွေးတောမိရင်း ဆရာဇော်ဂျီ၏ “တို့တိုင်းပြည်” ကဗျာမှ “ထလော့မြန်မာ အိုမြန်မာတို့ အားမပျော့နှင့် မလျှော့လုံ့လ သူကစ၍ ငါကအားလုံး လက်ရုံးများမြောင် ဉာဏ်များမြောင်နှင့် စွမ်းဆောင်ကြလေ ဆောင်ကြလေလော့” ဟူသော စာသားတစ်ပိုင်းတစ်စကို ကျွန်ုပ်ရွတ်ဆိုမိရင်း “ထလော့မြန်မာ အိုမြန်မာတို့ အားမပျော့နှင့်” ဟု ကျူးရင့်မိပါသတည်း။ ။

SOURCE: COVID-19 NEWS UPDATES

# ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၁ သန်းကျော်ရှိလာ၊ ၅၈၀၀၀ ကျော်သေဆုံး

**ဝါရှင်တန် မေ ၄**

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူလူနာဦးရေ ၁ ဒသမ ၁ သန်းကျော်ရှိလာကြောင်း အမေရိကန်ပြည်ထောင်စုအခြေစိုက် ပုဂ္ဂလိကသုတေသနကျောင်းဖြစ်သည့် ဂျွန်စ်ဟော့ကင်းတက္ကသိုလ်မှ ရရှိထားသော နောက်ဆုံးအချက်အလက်များအရ သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာစုစုပေါင်း ၁၁၁၈၉၂ ဦး ရှိလာပြီး ၎င်းတို့အနက်လူနာ ၅၈၉၃၇ ဦးသည် ယင်းရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

သို့သော် ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် လူနာ ၂၂၆၀၀၀ ကျော်တို့သည် ၎င်းတို့၏ရောဂါဝေဒနာများမှ ပြန်လည်ကျန်းမာလာကြောင်း ဂျွန်စ်ဟော့ကင်းတက္ကသိုလ်မှ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူလူနာ ၂၇၇၉၆၅ ကျော်ရှိပြီး ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု အများဆုံး နိုင်ငံဖြစ်လာခဲ့သည်။

ထို့အတူ အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာပေါင်း ၁၂၀၀၀၀ ရှိပြီး ၎င်းတို့အနက် လူနာ ၁၄၆၀၀ သည် ယင်းရောဂါကြောင့် သေဆုံးခဲ့ပြီး ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံး နိုင်ငံဖြစ်လာခဲ့သည်။

ထို့အတူ စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူလူနာ ၁၂၀၀၀၀ နီးပါးရှိပြီး ၎င်းတို့အနက် လူနာ ၁၁၁၉၆ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် နှောင်းပိုင်းက တရုတ်နိုင်ငံအလယ်ပိုင်းမှ စတင်ဖြစ်ပွားသည့် ကိုဗစ်-၁၉ ရောဂါသည် ယခုအခါ ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၂၀၀ ကျော်သို့ ကူးစက်ပျံ့နှံ့ခဲ့ပြီ ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် နိုင်ငံအတွင်းဆင်းသက်မည့် နိုင်ငံတကာလေကြောင်းလိုင်းများကို ထိုင်းအစိုးရ ပိတ်ပင်တားမြစ်



**ဗန်ကောက် မေ ၄**

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူလူနာ ၂၀၀၀ ကျော် ရှိလာခဲ့ပြီးနောက် ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးအတွက် နိုင်ငံအတွင်း ဆင်းသက်လာမည့် နိုင်ငံတကာ လေကြောင်းလိုင်းများကို သုံးရက်ကြာ တားမြစ်ပိတ်ပင်ထားကြောင်း ထိုင်းအစိုးရအရာရှိတစ်ဦးက ယနေ့ ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ယနေ့စမ်းသပ်တွေ့ရှိသော လူနာသစ် ၈၉ ဦး အပါအဝင် လူနာပေါင်း ၂၀၆၇ ဦး ရှိလာပြီဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲရေးဆိုင်ရာ ကွပ်ကဲမှုဗဟိုဌာနမှ ပြောရေးဆိုခွင့်ရှိသူ သဿဗီးဆီးလ်ပ်ဝီဆာနူ ယိုသင်က ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လျှော့ချရေးအတွက် နိုင်ငံအတွင်း ဆင်းသက်လာမည့် နိုင်ငံတကာ လေကြောင်းလိုင်းများကို ယမန်နေ့ ညသန်းခေါင်ယံမှစ၍ သုံးရက်ကြာ ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထိုင်းအရပ်ဘက် လေကြောင်းလိုင်းအာဏာပိုင်အဖွဲ့က ယနေ့ကြေညာသည်။

ထိုသို့ တားမြစ်ပိတ်ပင်ခြင်းဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မစ်ရှင်များ သို့မဟုတ် ဆေးဝါးပစ္စည်းများ သယ်ဆောင်သော လေယာဉ်များ ထိခိုက်မည်မဟုတ်ကြောင်း သိရသည်။

ထိုင်းအာဏာပိုင်များသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသော နိုင်ငံသားများအတွက် စောင့်ကြည့်ရေးစခန်းများကို ဖန်တီးပေးထားပြီး ယင်းစခန်းများ၌ သီးသန့်ခွဲ၍နေရန် ရှောင်ရှားနေသော နိုင်ငံသား ၁၅၂ ဦးကို လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် နိုင်ငံသား ၁၇၆၂ ဦးနှင့် နိုင်ငံခြားသား ၃၀၅ ဦး အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာပေါင်း ၂၀၆၇ ဦးရှိပြီး ၎င်းတို့အနက် လူနာ ၂၀ သည် ယင်းရောဂါကြောင့် သေဆုံးခဲ့ကြောင်း၊ သို့သော် လူနာ ၆၁၂ ဦး သည် ၎င်းတို့၏ ရောဂါဝေဒနာမှ လုံးဝကျန်းမာလာပြီး ဆေးရုံများမှ ပြန်ဆင်းသွားကြပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၃၃၆၀ ရှိလာ

**တိုကျို မေ ၄**

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက် မြင့်တက်လျက်ရှိရာ ယနေ့ ညနေ ၆ နာရီခွဲတွင် ကူးစက်ခံရသူပေါင်း ၃၃၆၀ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများမှာ လေဆိပ်များ၌ ဆိုက်ရောက်စစ်ဆေးမှုများ ပြုလုပ်ချိန်တွင် တွေ့ရှိသူများ၊ ဒိုင်းမွန်းပရင့်စ် အပျော်စီးသင်္ဘောပေါ်မှ ခရီးသည်များအား သီးခြားခွဲထားမှုများ ပြုလုပ်ရာ၌ ပါဝင်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့် တရုတ်နိုင်ငံမှ စင်းလုံးငှား လေယာဉ်ဖြင့် ဂျပန်နိုင်ငံသို့ ပြန်ရောက်လာခဲ့သူများ ပါဝင်ကြသည်။

ဒိုင်းမွန်းပရင့်စ် အပျော်စီးသင်္ဘောပေါ်၌ ဗိုင်းရပ်စ်ကူးစက်ခံရသည့် ခရီးသည်နှင့် ရေယာဉ်ဝန်ထမ်း ၇၁၂ ဦးအပါအဝင် ဂျပန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံထားရသူ စုစုပေါင်းမှာ ၄၀၇၂ ဦးရှိနေပြီဖြစ်သည်။

အပျော်စီးသင်္ဘော ဒိုင်းမွန်းပရင့်စ်ပေါ်၌ သေဆုံးခဲ့သူ ၁၁ ဦးအပါအဝင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ဂျပန်နိုင်ငံတွင် သေဆုံးသူပေါင်း ၈၉ ဦးရှိပြီဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားသည့် ဒေသအလိုက်ဆိုပါက တိုကျိုခရိုင်တွင် ၈၉၁ ဦးနှင့် ကူးစက်မှုအများဆုံးဖြစ်ပြီး အိုဆာကာခရိုင်၌ ၃၄၆ ဦးဖြင့် ဒုတိယနေရာတွင်ရှိကာ ခါနာဂါဝင်ခရိုင်က ကူးစက်ခံရသူ ၂၃၄ ဦးဖြင့် တတိယနေရာတွင်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ဇော်ဝင်း**

# တူရကီနိုင်ငံ၏အကြီးဆုံးမြို့ အစ္စတန်ဘူအား ခရီးသွားလာမှုပိတ်ထားရန် မြို့တော်ဝန် တိုက်တွန်း

**အစ္စတန်ဘူ မေ ၄**

တူရကီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု၏ ဗဟိုချက်အဖြစ် အရေးပေါ်အခြေအနေနှင့် ကြုံတွေ့နေရသည့် နိုင်ငံ၏အကြီးဆုံးမြို့ဖြစ်သော အစ္စတန်ဘူမြို့အား ခရီးသွားလာမှုပိတ်ထားရန် မြို့တော်ဝန် အကရန်အင်မာမိုဂလူက တိုက်တွန်းခဲ့ကြောင်း အေအက်ဖ်ပီသတင်း၌ ဖော်ပြသည်။

တူရကီနိုင်ငံ၏အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူမြို့သည် နိုင်ငံတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုနှုန်း အမြင့်မားဆုံးဖြစ်ကြောင်း သတင်းများထွက်ပေါ်ပြီး ရောဂါထိန်းချုပ်ရေး လုပ်ဆောင်ရာ၌ တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်နှင့် ပူးပေါင်းလုပ်ဆောင်မှု အားနည်းကြောင်း ဝေဖန်မှုများထွက်ပေါ်လာပြီးနောက် အစ္စတန်ဘူမြို့တော်ဝန်က အစ္စတန်ဘူမြို့အား ခရီးသွားလာမှုပိတ်ပင်ထားရန် တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ထိန်းသိမ်းနိုင်ရေးအတွက် တူရကီအစိုးရက စာသင်ကျောင်းများအားလုံးကို ပိတ်ခြင်း၊ လူစုလူဝေးဖြင့် ဆုတောင်းပွဲများအား တားမြစ်ခြင်းနှင့် နိုင်ငံတကာလေကြောင်း ပျံသန်းမှုများအား ဆိုင်းငံ့ခြင်းအပါအဝင် မြို့တွင်း၌ သွားလာနေမှုများ ထိန်းချုပ်ခြင်းများကို ထုတ်ပြန်ကြေညာခဲ့သည်။

သို့သော်လည်း တူရကီအစိုးရနှင့်အတိုက်အခံဖြစ်သည့် အစ္စတန်ဘူမြို့တော်ဝန်၏ အစ္စတန်ဘူမြို့ကို ခရီးသွားလာမှုပိတ်ပင်ထားရန် တောင်းဆိုမှုသည် သမ္မတ အာဒိုဂန်၏ အစိုးရအဖွဲ့အား ဖိအားပေးမှုတစ်ရပ်သဖွယ် ရှိနေခဲ့သည်။

အစ္စတန်ဘူမြို့တွင် လူဦးရေ ၁၅ သန်းခန့် မှီတင်းနေထိုင်လျက်ရှိပြီး တူရကီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်စတင်ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်ခဲ့သည့် မြို့ဖြစ်သည်။ အစ္စတန်ဘူမြို့သည် တူရကီတစ်နိုင်ငံလုံး၏ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ခံရသူ ၆၀ ရာခိုင်နှုန်းရှိပြီး သေဆုံးသူဦးရေ ၁၁၇ ဦး ရှိသည်။

မေ ၂၇ ရက်တွင် နောက်ဆုံးထုတ်ပြန်သည့် ကိန်းဂဏန်းများအရ တူရကီနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ ၁၈၁၃၅ ဦးရှိပြီး သေဆုံးသူဦးရေမှာ ၃၅၆ ဦးဖြစ်သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ဇော်ဝင်း**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၁၉၁ ဦး သေဆုံး၊ ရောဂါကူးစက်ခံရသူ ၂၀၀၀ ကျော်ရှိလာ

**ဂျကာတာ မေ ၄**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ ၂၀၉၂ ဦးအထိ မြင့်တက်လာပြီး ၎င်းတို့အနက် ၁၉၁ ဦးသည် ယင်းရောဂါကြောင့် သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရက ယနေ့ကြေညာသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၀ ခန့်သည် ၎င်းတို့၏ ရောဂါဝေဒနာမှ ပြန်လည်ကျန်းမာလာကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အင်ဒိုနီးရှားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာ့ခ်မက်ယူရီယံတိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

လူဦးရေ ၁၀ သန်းကျော် နေထိုင်ရာ ဂျကာတာမြို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူနာ ၈၉ ဦး သေဆုံးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံအတွင်း သေဆုံးမှုအများဆုံးဖြစ်လာခဲ့သည်။ ထို့အတူ အနောက်ဂျာဗားပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူနာ ၂၈ ဦး၊ အလယ်ဂျာဗားတွင် လူနာ ၁၈ ဦး၊ ဘန်တာကျွန်းတွင် လူနာ ၁၇ ဦး၊ အရှေ့ဂျာဗားတွင် လူနာ ၁၄ ဦး စသည်ဖြင့် အသီးသီး သေဆုံးခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ရောဂါအား ထိန်းချုပ်ရန် အမျိုးသားအဆင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်ကို မတ် ၃၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။



ထို့အတူ အင်ဒိုနီးရှား အာဏာပိုင်များသည် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်တွေ့ရှိခဲ့သည့် နေရာများတွင် ရောဂါရှိ မရှိစမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားအစိုးရသည် ၂၀၁၈ ခုနှစ်က ကျင်းပပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှ အားကစားပွဲတော်တွင် အသုံးပြုခဲ့သော ဂျကာတာမြို့လယ်ကောင်ရှိ မိုးမျှော်တိုက်ခန်းများကို ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၀၀၀ ခန့် ကုသနိုင်သည့် အရေးပေါ်ဆေးရုံအဖြစ် ပြောင်းလဲလိုက်သည်။

ထို့ပြင် အင်ဒိုနီးရှားသမ္မတသည် ဂျကာတာမြို့၏မြောက်ဘက် ဂျာဗားပင်လယ်ရှိ ဆယ်ဘူးကျွန်းကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအား သီးသန့်ခွဲ၍ စောင့်ကြည့်ရေးစခန်းအဖြစ် အသုံးပြုမည်ဟု ပြီးခဲ့သည့်လက ပြောကြားသည်။ ထို့ပြင် အင်ဒိုနီးရှားအစိုးရသည် ဂါလန်ကျွန်းပေါ်တွင် အကျယ်အဝန်း ၁၆ ဟက်တာရှိသည့်နေရာ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်ဆေးရုံ တစ်ရုံ တည်ဆောက်ထားပြီး မေ ၆ ရက်မှစ၍ လုပ်ငန်းလည်ပတ်မည်ဖြစ်ကြောင်း သိရ သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# တရုတ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူများအား အောက်မေ့သတိရသည့်အခမ်းအနား ကျင်းပ

**ပေကျင်း ဧပြီ ၄**
တရုတ်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သော ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကြောင့် သေဆုံးခဲ့သူများအား နိုင်ငံတစ်ဝန်းရှိ ပြည်သူများက ဝမ်းနည်းပူဆွေးသည့် အထိမ်းအမှတ်အဖြစ် ခေတ္တခဏငြိမ်သက်ခဲ့သည်။

ဧပြီ ၄ ရက်တွင် တရုတ်ပြည်သူများက ကွမ်မင်ရီးရာ ပွဲတော်တွင် ပါဝင်ဆင်နွှဲလျက် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသွားသူများကိုပါ အောက်မေ့သတိရခဲ့ကြသည်။ ကွမ်မင်ရီးရာပွဲတော်သည် ဘိုးဘေးဘီဘင်များ၏ အုတ်ဂူများသို့သွားရောက်ပြီး အောက်မေ့သတိရကြသည့် ပွဲတော် တစ်ခုဖြစ်သည်။

အဆိုပါပွဲတော်ကျင်းပသည့်နေ့တွင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူများကိုပါ ထပ်တူထပ်မျှ အောက်မေ့သတိရကြရန် တရုတ်အစိုးရက သတ်မှတ်ပေးခဲ့သည်။

ဧပြီ ၄ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ပေကျင်းမြို့ရှိ ပြည်သူများက ဘိုးဘေးဘီဘင်များနှင့်တကွ ဗိုင်းရပ်စ်ကူးစက်မှုတွင် အသက်ဆုံးရှုံးသွားသူများကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် သုံးမိနစ်ခန့် ငြိမ်သက်ခဲ့ကြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ထိပ်တန်းခေါင်းဆောင်များက ပေကျင်းမြို့ရှိ အင်ပါယာဥယျာဉ်ဟောင်းတစ်ခုဖြစ်သည့် Zhongnanhai တွင် ဘိုးဘေးဘီဘင်များနှင့် ဗိုင်းရပ်စ် ကူးစက်မှုကြောင့် သေဆုံးသွားသူများအား အောက်မေ့ သတိရသည့်အနေဖြင့် သုံးမိနစ်ခန့် ငြိမ်သက်စွာနေခဲ့ကြပုံကို တရုတ်ရုပ်သံလိုင်းတစ်ခုက တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ သည်။ အဆိုပါဗီဒီယိုဖိုင်ကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ကြောင့် လူအများဆုံးသေဆုံးသွားခဲ့သော မြို့ဖြစ်သည့် ဝူဟန်တွင်လည်း ထုတ်လွှင့်ပြသခဲ့သည်။

တရုတ်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ကြောင့် လူပေါင်း ၃၃၂၆ ဦးသေဆုံးခဲ့သည်။ လက်ရှိအချိန် တွင် ဒေသအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုကို ပြန်လည်ထိန်းချုပ် နိုင်ခဲ့ပြီဖြစ်သည်။ သို့သော် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိ လာသူများအကြား ရောဂါကူးစက်မှုနှုန်း အနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**



ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးခဲ့သူများအတွက် နိုင်ငံတစ်ဝန်းရှိပြည်သူများက ဝမ်းနည်းပူဆွေးသည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

# အီရန်လွှတ်တော်ဥက္ကဋ္ဌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ



**တီဟီရန် ဧပြီ ၄**
အီရန်လွှတ်တော်ဥက္ကဋ္ဌ အလီလာရီဂျာနီမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရကြောင်း နိုင်ငံပိုင်ရုပ်သံဌာနက ကြေညာခဲ့ရာ အဆိုပါ ကပ်ဘေးသင့် အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် နောက်ဆုံးသော အဆင့်မြင့် တာဝန်ရှိသူ ဖြစ်လာခဲ့သည်။

အီရန်လွှတ်တော်ဥက္ကဋ္ဌ အလီလာရီဂျာနီမှာ ရောဂါလက္ခဏာများ ပြသပြီးနောက် ကိုရိုနာ ဗိုင်းရပ်စ် ကူးစက်ခံခဲ့ရကြောင်း၊ ယခုအခါ သီးသန့်ခွဲ၍နေထိုင်နေပြီး ကုသမှုခံယူနေကြောင်း သတင်းတွင် ဖော်ပြသည်။ အသက် ၆၂ နှစ်အရွယ် လာရီဂျာနီသည် အီရန်ခေါင်းဆောင်ပိုင်းနှင့် နီးကပ်သောဆက်ဆံရေး ရှိပြီး ၂၀၁၆ ခုနှစ်တွင် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဒုတိယသက်တမ်းအတွက် ပြန်လည်ရွေးကောက် ခံခဲ့ရသည်။ လာရီဂျာနီမှာ လက်ရှိအချိန်အထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့် အဆင့်မြင့် ဆုံး တာဝန်ရှိသူများအနက် တစ်ဦးဖြစ်သည်။ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ပထမဆုံးတွေ့ရှိကြောင်း ကြေညာခဲ့ပြီးနောက် အီရန်နိုင်ငံမှာ အဆိုပါကပ်ရောဂါ ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကြိုးပမ်းနေရသည်။

အီရန်နိုင်ငံတွင် လက်ရှိအချိန်ထိ ကိုဗစ်-၁၉ ကူးစက်လူနာ ၅၃၁၈၃ ဦးနှင့် သေဆုံးသူ ၃၂၉၄ ဦးရှိကြောင်း သိရသည်။ အီရန်နိုင်ငံအနေဖြင့် နောက်နှစ်အထိ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးကို တိုက်ပွဲဝင်ရနိုင်ကြောင်း သမ္မတ ဟာဆန်ရိုဟာနီက အစိုးရအဖွဲ့အစည်း အဝေးတစ်ခု၌ ပြောကြားခဲ့သည်။ အမတ် ၂၉၀ ရှိသည့် အီရန်လွှတ်တော်၌ လွှတ်တော်အမတ် ၂၃ ဦးထက်မနည်း ကိုဗစ်-၁၉ ရောဂါ ကူးစက် ခံခဲ့ရကြောင်း နိုင်ငံပိုင် IRNA သတင်းဌာနက ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစား အစိုးရတာဝန်ရှိသူ ၁၂ ဦးထက်မနည်း သေဆုံးခဲ့ ကြောင်း တရားဝင်သတင်းများအရ သိရ သည်။

အီရန်နိုင်ငံက စာသင်ကျောင်းများ၊ တက္ကသိုလ်များအပြင် တိုင်းပြည်အတွင်း ကိုရိုနာဗိုင်းရပ်စ် အဓိကဖြစ်ပွားရာ နေရာဖြစ် သည့် ကွမ်မြို့ရှိ ဖာတီမာမာဆူမီဗိမာန်အပါ အဝင် အရေးကြီးသော ရှီးယိုက်ဘုရားဖူး နယ်မြေလေးခုကို ပိတ်ပင်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ကိုဗစ်-၁၉ ရောဂါကြောင့် စပိန်နိုင်ငံ၌ တစ်ရက်တာအတွင်း လူ ၉၀၀ ကျော် သေဆုံး

**မက်ဒရစ် ဧပြီ ၄**
စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်းနှင့် သေဆုံးမှုနှုန်း တဖြည်းဖြည်းလျော့နည်းလာသော်လည်း ယင်းရောဂါကြောင့် တစ်ရက်တာအတွင်း လူ ၉၀၀ ကျော်သေဆုံးခဲ့ကြောင်း ယနေ့ ထုတ်ပြန်သည့် အစိုးရ၏ကိန်းဂဏန်းများတွင် ဖော်ပြထားသည်။

စပိန်နိုင်ငံသည် အီတလီနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။ လောလောဆယ် စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာစုစုပေါင်း ၁၁၇၇၁၀ ရှိပြီး ၎င်းတို့အနက် လူနာ ၁၀၉၃၅ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

သို့သော် စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာသစ်နှင့် ယင်းရောဂါကြောင့် သေဆုံးမှု တဖြည်းဖြည်းလျော့နည်းလာကြောင်း စပိန်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြု ပြောကြားသည်။

စပိန်နိုင်ငံတွင် ပြီးခဲ့သည့်သီတင်းပတ်အလယ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ၂၀ ရာခိုင်နှုန်းခန့်ရှိပြီး ဧပြီ ၂ ရက်တွင် ၇ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိရာ ဧပြီ ၃ ရက်တွင် ရောဂါကူးစက် ပျံ့နှံ့မှု ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ တဖြည်းဖြည်းလျော့နည်းလာခဲ့သည်ကို စပိန်ကျန်းမာရေးဝန်ကြီး ဌာန၏ ကိန်းဂဏန်းများက ပြသထားသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် စပိန်နိုင်ငံအတွင်း နေ့စဉ်သေဆုံးမှုနှုန်းသည်လည်း မတ် ၁၅ ရက်က ၂၇ ရာခိုင်နှုန်းခန့်ရှိပြီး ဧပြီ ၂ ရက်တွင် ၁၀ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိရာ ဧပြီ ၃ ရက်တွင် ၉ ဒသမ ၃ ရာခိုင်နှုန်းသို့ တဖြည်းဖြည်းလျော့နည်းလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ၏ ကိန်းဂဏန်းများအရ သိရသည်။

လက်ရှိအချိန်တွင် စပိန်နိုင်ငံရှိ ကိုရိုနာဗိုင်းရပ်စ်လူနာများကို ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ် တွင် သီးသန့်ခွဲခြားစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် တရုတ်ဆေးပညာရှင်များကို ဖိလစ်ပိုင်သို့ စေလွှတ်မည်

**မနီလာ ဧပြီ ၄**
ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံသို့ တရုတ်ဆေးပညာရှင်များကို စေလွှတ်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဟောင်ဇီလီယန်က ပြောကြားသည်။

ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး ဖရစ်စစ်ကိုဒူကူးအား ဖုန်းဖြင့် ဆက်သွယ်ပြောကြားရာတွင် မစ္စတာဟောင်က တရုတ်ဆေးပညာရှင် အဖွဲ့၏ အဓိကတာဝန်မှာ ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် နည်းပညာဆိုင်ရာအကူအညီ များပေးရန်နှင့် ကုသမှုဆိုင်ရာအတွေ့အကြုံများကို မျှဝေသွားရန်ဖြစ် ကြောင်း ပြောကြားသည်။

တရုတ်ဆေးပညာရှင်များအဖွဲ့အတွက် လိုအပ်သည်များကို စီစဉ် ဆောင်ရွက်နိုင်ရန် မနီလာရှိ တရုတ်သံရုံးအနေဖြင့် ဖိလစ်ပိုင်ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဟောင်က ဒူကူး အား ပြောကြားသည်။

ဖိလစ်ပိုင်ကျန်းမာရေးဒုတိယဝန်ကြီး မာရီယာရိုစရီယို ဘာဂါရီက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားရာ ဖိလစ်ပိုင်အနေဖြင့် နိုင်ငံတွင်း ဆောင်ရွက်နေသော ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ တွင် တရုတ်ဆေးပညာရှင်များ၏ အကြံဉာဏ်ကို ရယူရန်၊ တရုတ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး အတွေ့အကြုံများ၊ နည်းပညာများနှင့် ရောဂါထိန်းချုပ်မှုဆိုင်ရာများကို ဖိလစ်ပိုင်နိုင်ငံအတွက် ပြန်လည် မျှဝေပေးနိုင်ရန် မျှော်လင့်ထားကြောင်း ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုပေါင်း ၁၅၄၆ မှုရှိပြီး လူ ၇၈ ဦး သေဆုံးခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# ရေနံတင်ပို့မှုရပ်ဆိုင်းခဲ့ခြင်းကြောင့် ကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ဟု လစ်ဗျား ပြောကြား

**ထရီပိုလီ ဧပြီ ၄**
လစ်ဗျားနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ရေနံတင်ပို့မှုများ ရပ်ဆိုင်းခဲ့ခြင်းကြောင့် လက်ရှိအချိန်တွင် အမေရိကန် ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံနီးပါး ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း လစ်ဗျားနိုင်ငံ အမျိုးသားရေနံကော်ပိုရေးရှင်းက ဧပြီ ၃ ရက်တွင် ပြောကြားခဲ့သည်။

"၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၇ ရက်ကစပြီး အမေရိကန် ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံနီးပါး ဘဏ္ဍာငွေ ဆုံးရှုံးမှုဖြစ်ပေါ် စေခဲ့ပါတယ်။ အဲဒါဟာ ရေနံတင်ပို့မှုရပ်ဆိုင်းလိုက်တဲ့ အတွက် လစ်ဗျားနိုင်ငံရဲ့ စီးပွားရေးနဲ့ ငွေကြေးဆိုင်ရာသိုမီး ရရှိမှုကို နေ့စဉ်နေ့တိုင်း လျော့နည်းနေတာကို ဆိုလိုပါတယ်။ အခု ဧပြီ ၁ ရက်အထိ လစ်ဗျားနိုင်ငံအတွင်း ရေနံထုတ်လုပ်မှု စုစုပေါင်းဟာလည်း တစ်ရက်ကို ရေနံစည်ပေါင်း ၉၂၇၃၁ စည်အထိ လျော့ကျနေပါတယ်"ဟု အဆိုပါနိုင်ငံပိုင် ရေနံ ကုမ္ပဏီက ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံ၏ ရေနံထုတ်လုပ်မှုသည် ရေနံတင်ပို့မှု များ မရပ်ဆိုင်းမီက တစ်ရက်လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၃ သန်းအထိ ထုတ်လုပ်လျက်ရှိကြောင်း ခန့်မှန်းထားသည်။

နိုင်ငံအရှေ့ပိုင်းအခြေစိုက်တပ်ဖွဲ့အား ဆန့်ကျင်သည့် လက်နက်ကိုင်အုပ်စုများအား ထောက်ပံ့ရန် ရေနံမှရရှိသည့် အခွန်ဘဏ္ဍာများကို ကုလသမဂ္ဂထောက်ခံသော အစိုးရက အသုံးပြုနေကြောင်း စွပ်စွဲလျက် ခေါင်းဆောင်ခါလီဖာဟက်ဖ် တာ ထိန်းချုပ်ထားသည့် လစ်ဗျားအရှေ့ပိုင်းရှိ မျိုးနွယ်စု ခေါင်းဆောင်များက ဇန်နဝါရီလအတွင်း ရေနံဆိပ်ကမ်းများ နှင့် ရေနံမြေများကို ပိတ်ပစ်ခဲ့ခြင်းဖြစ်သည်။

ပိုမိုတည်ငြိမ်မှုရှိသည့် လောင်စာဆီအထောက်အပံ့နှင့် စီးပွားရေးတောင့်တင်းခိုင်မာမှုမှတစ်ဆင့် လစ်ဗျားနိုင်ငံသား တိုင်း အကျိုးခံစားခွင့်ရရှိစေရန် ရေနံတင်ပို့ထုတ်လုပ်မှု ပိတ်ပင်ထားခြင်းကို ဖြေလျှော့ပေးရန်နှင့် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ထုတ်လုပ်မှုများ ပြန်လည်စတင်ရန် လစ်ဗျားနိုင်ငံ ရှိ အဖွဲ့အစည်းအားလုံးအား အမျိုးသားရေနံကော်ပိုရေးရှင်း က တောင်းဆိုထားကြောင်းလည်း လစ်ဗျားအမျိုးသားရေနံ ကော်ပိုရေးရှင်းက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြ ထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ဂျပန်အစိုးရက ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးသင့်ကုမ္ပဏီများသို့ ငွေကြေးပံ့ပိုးမှု တိုးမြှင့်မည်

**တိုကျို မေ ၄**

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဘေးသင့် ကုမ္ပဏီများအတွက် ငွေကြေးပံ့ပိုးမှု အစီအစဉ်ပမာဏကို အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံခန့်နှင့်ညီမျှသည့် ယန်း ငါးထရီလီယံအထိ တိုးမြှင့်သွားရန် ဂျပန်အစိုးရက စီစဉ်လျက်ရှိသည်။

ထိုအစီအစဉ်အရ အစိုးရနှင့်ပေါင်းစည်းထားသော ဂျပန်ဖွံ့ဖြိုးရေးဘဏ်က အရေးပေါ်အခြေအနေများတွင် စီးပွားရေးလုပ်ငန်းများသို့ ငွေကြေးထုတ်ချေးရန် အစိုးရ၏ရန်ပုံငွေကို အသုံးပြုခွင့်ပေးထားသည်။ မတ်လအတွင်း ဂျပန်အစိုးရက စီးပွားရေးလုပ်ငန်းများသို့ ကူညီပေးမည့် ဒုတိယမြောက် အစီအမံများ၏ တစ်စိတ်တစ်ဒေသအဖြစ် ယန်း ၂၀၄ ဘီလီယံ သို့မဟုတ် ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံခန့် အထောက်အပံ့ပေးရန် သတ်မှတ်ခဲ့သည်။

သို့သော်လည်း စီးပွားရေးအခြေအနေကျဆင်းမှု ကြီးမားခဲ့ခြင်းကြောင့် အစိုးရက ငွေကြေးပံ့ပိုးမည့် အစီအစဉ်တိုးချဲ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အသေးစားနှင့်အလတ်စားကုမ္ပဏီများအား ပုဂ္ဂလိကငွေကြေးအဖွဲ့အစည်းများထံမှ အတိုးနှုန်းအလွန်နည်းသည့် ချေးငွေများထုတ်ယူရာတွင် ကူညီရန်လည်း အစိုးရက စီစဉ်နေသည်။ ယခုအစီအမံမှာ စုစုပေါင်း ယန်း ၄၀ ထရီလီယံ သို့မဟုတ် ဒေါ်လာ ၃၇၀ ဘီလီယံခန့်အထိ ရှိလာမည်ဟု တာဝန်ရှိသူများက ပြောသည်။

လာမည့်သီတင်းပတ် ပထမအစတွင်ပြုစုမည့် အရေးပေါ်စီးပွားရေး အကူအညီတွင် ယင်းသို့သော ပံ့ပိုးမှုထည့်သွင်းရန် အစိုးရကအစီအစဉ်များပြုလုပ်လျက်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း၌ အပစ်အခတ်ရပ်စဲရန် ကုလသမဂ္ဂ တိုက်တွန်း

**နယူးယောက် မေ ၄**

ပြည်သူများက ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါတိုက်ဖျက်ရေးကို အလေးထားဆောင်ရွက်နိုင်ရေး ကမ္ဘာတစ်ဝန်း ပဋိပက္ခများ ချက်ချင်းရပ်တန့်ကြရန် ကုလသမဂ္ဂအကြီးအကဲက ထပ်လောင်းပြောကြားလိုက်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က မေလ ၃ ရက်တွင်ကျင်းပသည့် ဗီဒီယိုကွန်းဖရင့်တစ်ခု၌ ထိုသို့ မေတ္တာရပ်ခံခဲ့ခြင်းဖြစ်သည်။ သူ၏တောင်းဆိုမှုကို ယီမင်၊ လစ်ဗျား၊ ဆီးရီးယားနှင့် အခြားတိုင်းပြည်များရှိ စစ်ဘက်ပြိုင်နေသော အဖွဲ့အစည်းများက လက်သင့်ခံခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါအဖွဲ့အစည်းများ၏ ကြေညာချက်များ၊ လုပ်ရပ်များကြား ကြီးမားသော အလှမ်းကွာမှုတစ်ခု ရှိနေဆဲဖြစ်ကြောင်း ဂူတာရက်စ်က ပြောသည်။ ယီမင် ပဋိပက္ခမှာ ကြီးထွားလာခဲ့ပြီး လစ်ဗျားနိုင်ငံ၌ တိုက်ခိုက်မှုများ အရှိန်မြင့်လာခဲ့သည်ဟု သူက ဆိုသည်။



ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်

အထူးကိုယ်စားလှယ်များက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး မေတ္တာရပ်ခံချက် အမှန်တစ်ကယ်ဖြစ်လာစေရန် စစ်ဘက်ပြိုင်နေသော အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်မည်ဟု ၎င်းက ပြောသည်။

အကြမ်းဖက်သမားများ၊ အစွန်းရောက်များက လက်ရှိအခြေအနေ၏ အားသာချက်ရယူမည်ကို စိုးရိမ်ပူပန်ကြောင်း ၎င်းက ထုတ်ဖော်ပြောခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- ကျော်ထိုက်စိုး**

## အီရန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၅၇၄၃ ဦးအထိ မြင့်တက်

**တီဟီရန် မေ ၄**

အီရန်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅၆၀ ထပ်မံတွေ့ရှိခဲ့ပြီး နိုင်ငံတွင်း၌ ယင်းဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေမှာ ၅၅၇၄၃ ဦးအထိ တိုးမြင့်ခဲ့ကြောင်း အီရန်အစိုးရ ကျန်းမာရေးနှင့် ဆေးဘက်ပညာဆိုင်ရာဌာနမှ နောက်ဆုံးထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

မေ ၄ ရက်တွင် အီရန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသည့် လူနာများသေဆုံးမှုမှာ စုစုပေါင်း ၃၄၅၂ ဦးရှိကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနအကြီးအကဲ ကီယာနူရှက်ချ်ဂျာဟန်ပါ၏ နေ့စဉ်သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်သူဦးရေ ၁၉၇၃၆ ဦးတို့ ဆေးရုံမှဆင်းခွင့်ရပြီး ဆက်လက်ကုသမှုခံယူနေသူလူနာ ၄၁၀၃ ဦးတို့မှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ဇော်ဝင်း**

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားခဲ့သည့် အပျော်စီးခရီးသည်တင်သင်္ဘော ဖလော်ရီဒါပြည်နယ်၌ ကမ်းကပ်ခွင့်ရ

**ဝါရှင်တန် မေ ၄**

သင်္ဘောပေါ်တွင်ပါရှိသည့် ခရီးသည်များ ကိုရိုနာဗိုင်းရပ်စ် ကူးစက် ဖြစ်ပွားနေမှုကြောင့် ပင်လယ်ပြင်အတွင်း ရက်သတ္တပတ် အတန်ကြာရပ်နားထားရသည့် ခရီးသည်တင် အပျော်စီးသင်္ဘောတစ်စင်းသည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်၌ ကမ်းကပ်ခွင့်ရခဲ့ကြောင်း ယင်းခရီးသည်တင် ရေယာဉ်လုပ်ငန်းက မေ ၂ ရက်တွင် ပြောကြားသည်။

ဟော်လန်-အမေရိက အပျော်စီးခရီးသည်တင် ရေယာဉ်လိုင်းမှ ဇန်ဒမ် အမည်ရှိ သင်္ဘောသည် ခရီးသည်နှင့် ရေယာဉ်အမှုထမ်း ၁၈၀၀ ကျော်နှင့် အတူ မတ် ၇ ရက်တွင် အာဂျင်တီးနားနိုင်ငံမှ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

ယင်းအပျော်စီးခရီးသည်တင်သင်္ဘောသည် ချီလီနိုင်ငံသို့ မတ် ၂၁ ရက်က ရောက်ရှိခဲ့သည်။

သို့သော် ယင်းသင်္ဘောပေါ်ရှိ ခရီးသည်နှစ်ဦးသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသည်ဟု အတည်ပြုခဲ့ပြီး အခြားလေးဦးမှာ ဖျားနာခြင်းနှင့် အခြားသော ရောဂါလက္ခဏာများဖြင့် သေဆုံးခဲ့သည်။

ယင်း အပျော်စီးခရီးသည်တင် သင်္ဘောအား ဆိပ်ကမ်း၌ ဆိုက်ကပ်ခွင့်ကို ချီလီနိုင်ငံက ပယ်ဖျက်ခဲ့ပြီးနောက် ၎င်းသင်္ဘောသည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်သို့ ဦးတည်ခုတ်မောင်းခဲ့သည်။

ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူးက ကနဦးတွင် ယင်းသင်္ဘောအား ဖလော်ရီဒါပြည်နယ်၌ ကမ်းကပ်ခွင့်ပြုရန် ငြင်းဆန်ခဲ့ပြီးနောက် ခရီးသည်တင်ရေယာဉ်လိုင်းမှ တာဝန်ရှိသူများနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ အခြားသူများက ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်ခဲ့သည်။ ယင်းရေယာဉ် ကမ်းကပ်နိုင်ရေးကိစ္စမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့ကြသည်။

အပျော်စီးခရီးသည်တင်သင်္ဘော ဇန်ဒမ်သည် အခြားသင်္ဘောတစ်စင်းနှင့်အတူ ဖလော်ရီဒါပြည်နယ် အရှေ့ပိုင်းရှိ ဆိပ်ကမ်းတစ်ခုတွင် ကမ်းကပ်ခွင့်ရခဲ့ကြောင်း ဟော်လန်-အမေရိက ရေကြောင်းလိုင်းက မေ ၂ ရက်တွင် ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ဇော်ဝင်း**




ဖလော်ရီဒါပြည်နယ်၌ ကမ်းကပ်ရပ်နားထားသော ဇန်ဒမ်အပျော်စီးသင်္ဘောကို တွေ့ရစဉ်။

## အာရှ-ပစိဖိတ်ဒေသတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဆိုင်ရာ နောက်ဆုံးရသတင်းများ

**စိုးသူရ စုစည်းသည်**

မေ ၄ ရက် စစ်တမ်းများအရ အာရှ-ပစိဖိတ်နိုင်ငံများအနက် ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်နိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်း ပိုမိုမြင့်တက်လာခဲ့ပြီး ကမ္ဘာ့ဘဏ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် ကန်ဒေါ်လာ သန်း ၁၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁၈ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်းကူးစက်ခံရသူ ၈၉၁ ဦးအထိ ရှိလာခဲ့သည်။ အဆိုပါအရေအတွက်သည် ဂျပန်နိုင်ငံရှိ ဗိုင်းရပ်စ်ကူးစက် ပျံ့နှံ့သော ပြည်နယ် ၄၇ ခုအနက် အများဆုံးဖြစ်သည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ**တွင် ဗိုင်းရပ်စ်ကူးစက်လူနာ ၇၀ ရှိလာပြီဖြစ်သည့်အတွက် ကမ္ဘာ့ဘဏ်က နိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကန်ဒေါ်လာ သန်း ၁၀၀ ကို ထောက်ပံ့ပေးမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်လူနာ နှစ်ဦးထပ်မံသေဆုံးခဲ့သည့်အတွက် စုစုပေါင်းသေဆုံးသူ ရှစ်ဦးရှိလာခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်လူနာ ကိုးဦးထပ်မံတွေ့ရှိသည့်အတွက် ကူးစက်လူနာ ၇၀ ရှိလာခဲ့ပြီဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်လူနာ ကိုးဦး ထပ်မံတွေ့ရှိမှုသည် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်လူနာ စတင်တွေ့ရှိခဲ့သည့် အချိန်ကစပြီး တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်သည်။

**တောင်ကိုရီးယားနိုင်ငံ**တွင် မေ ၄ ရက်ဆေးမှတ်တမ်းအရ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၄ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်းဗိုင်းရပ်စ်ကူးစက်လူနာ ၁၀၁၅၆ ဦးရှိလာခဲ့ပြီဖြစ်သည်။ ထို့ပြင် ဗိုင်းရပ်စ်ကူးစက်လူနာ သုံးဦးထပ်မံသေဆုံးခဲ့သည့်အတွက် စုစုပေါင်းသေဆုံးသူ ၁၇၇ ဦးရှိလာခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်လူနာများအနက် ၃၀၄ ဦးသည် ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသည့်အတွက် စုစုပေါင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၆၃၂၅ ဦးရှိလာခဲ့ကြောင်း သိရသည်။

**ထိုင်းနိုင်ငံ**

ထိုင်းနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်လူနာ ၈၉ ဦးထပ်မံတွေ့ရှိသည့်အတွက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၀၆၇ ဦး ရှိလာခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၂၀ ရှိပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၆၁၂ ဦး ရှိလာခဲ့သည်။

ရောဂါကူးစက်မှုကို ထိန်းချုပ်သည့်အနေဖြင့် နိုင်ငံအတွင်းသို့ ပြည်ပမှ ရောက်ရှိလာမည့် လေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားခဲ့သည်။ ပြည်ပမှပြန်လည်ရောက်ရှိလာပြီး စောင့်ကြည့်စစ်ဆေးမှုခံယူရန် ပျက်ကွက်သော ထိုင်းနိုင်ငံသား ၁၅၂ ဦးကို ရှာဖွေရန် တာဝန်ရှိသူများအား ဝန်ကြီးချုပ် ပရာယုချန်အိုချာက ညွှန်ကြားထားကြောင်း သိရသည်။

**မလေးရှားနိုင်ငံ**

မေ ၄ ရက် ဆေးမှတ်တမ်းများအရ မလေးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၀ ထပ်မံတွေ့ရှိသည့်အတွက် စုစုပေါင်းဗိုင်းရပ်စ်ကူးစက်လူနာ ၃၄၈၃ ဦးရှိပြီး သေဆုံးသူ ၅၇ ဦးရှိကြောင်း သိရသည်။

**အင်ဒိုနီးရှားနိုင်ငံ**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်လူနာစုစုပေါင်း ၂၀၉၂ ဦးရှိပြီး သေဆုံးသူ ၁၉၁ ဦးအထိ ရှိလာခဲ့ကြောင်း မေ ၄ ရက် ဆေးမှတ်တမ်းအရ သိရသည်။

**ဗီယက်နမ်နိုင်ငံ**

ဗီယက်နမ်နိုင်ငံက ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ကန်ဒေါ်လာ သုံးသိန်းတန်ဖိုးရှိ ကျန်းမာရေးထောက်ပံ့ပစ္စည်းများကို လာအိုနိုင်ငံသို့ ပေးပို့ခဲ့သည်။ အဆိုပါထောက်ပံ့ပစ္စည်းများတွင် နှာခေါင်းစည်း အခုရေ သုံးသိန်းကျော်၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၀ နှင့် အခြားကာကွယ်ရေး ပစ္စည်းများပါဝင်သည်။

**ဩစတြေးလျနိုင်ငံ**

ဩစတြေးလျနိုင်ငံတွင် ကန်တာစ်နှင့်ဂျက်စတား လေကြောင်းလိုင်းမှ လေယာဉ်အမှုထမ်း ၅၀ ခန့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း မေ ၄ ရက် ဆေးမှတ်တမ်းများအရ သိရသည်။ ၎င်းတို့အနက် လေယာဉ်မှူး ရှစ်ဦး ပါဝင်သည်။

ဩစတြေးလျအစိုးရက ဗိုင်းရပ်စ်ကာကွယ်ဆေးဆိုင်ရာ သုတေသနလုပ်ငန်းများအတွက် ကန်ဒေါ်လာ ၁၃၁ ဒသမ ၉ သန်း သုံးစွဲခွင့်ပြုထားသည်။

**အိန္ဒိယနိုင်ငံ**

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ ပြောကြားချက်အရ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်မှာ ၆၈ ဦးရှိပြီး ရောဂါကူးစက်မှုပေါင်း ၂၉၀၂ ခု ရှိသည်။

**ပါကစ္စတန်နိုင်ငံ**

ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနမှပြောကြားချက်အရ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုပေါင်း ၂၅၄၇ ခုရှိပြီး သေဆုံးသူပေါင်း ၃၇ ဦး ရှိကြောင်း သိရသည်။

**အာဖဂန်နစ္စတန်နိုင်ငံ**

မေ ၄ ရက် ဆေးမှတ်တမ်းများအရ အာဖဂန်နစ္စတန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅ ဦးထပ်မံတွေ့ရှိသည့်အတွက် စုစုပေါင်း ဗိုင်းရပ်စ်ကူးစက်လူနာ ၂၉၉ ဦးရှိပြီး တစ်ဦးထပ်မံသေဆုံးသည့်အတွက် သေဆုံးသူ ခုနစ်ဦးရှိလာခဲ့ကြောင်း သိရသည်။

**ဖီဂျီနိုင်ငံ**

ဖီဂျီနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ငါးဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်းကူးစက်လူနာ ၁၂ ဦးရှိလာပြီဖြစ်သည်။

**နယူးဇီလန်နိုင်ငံ**

နယူးဇီလန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်လူနာ ၅၂ ဦး ထပ်မံတွေ့ရှိသည့်အတွက် စုစုပေါင်း ကူးစက်လူနာ ၉၅၀ ရှိလာပြီဖြစ်ကြောင်း မေ ၄ ရက် ဆေးမှတ်တမ်းအရ သိရသည်။

# ကိုဗစ်-၁၉ ၏ သတိပြုအပ်သောထူးခြားသည့်ရောဂါလက္ခဏာများ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)



ကိုဗစ်–၁၉ ကူးစက်ရောဂါဟာ ကပ်ရောဂါအသွင်နဲ့ တစ်ကမ္ဘာလုံးဆီ ပျံ့နှံ့နေပြီဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံမှာလည်း ပြင်းထန်စွာ ပျံ့နှံ့ကူးစက်နေပါတယ်။ ဗြိတိန်နိုင်ငံမှာ ဖြစ်ပွားနေမှုတွေကို ပညာရှင်တွေက လေ့လာကြပြီး တွေ့ရှိချက်အချို့မှာ ကိုဗစ် – ၁၉ ရောဂါရဲ့ ထူးခြားတဲ့ ရောဂါလက္ခဏာအချို့ကို ဖတ်ရှုရပါတယ်။ ဒီအချက်တွေကို ဖော်ပြလိုက်ပါတယ်။

အောက်စ်ဖို့ဒ်တက္ကသိုလ် ကူးစက်ရောဂါများ၏ ဆင့်ကဲတိုးတက်မှုဆိုင်ရာဂေဟဗေဒ လေ့လာရေးအဖွဲ့က ဗြိတိန်နိုင်ငံမှာ လူသန်းနှင့်ချီ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံနေရမှုတွေနဲ့ ပတ်သက်ပြီး လေ့လာမှုတွေပြုလုပ်ခဲ့ပါတယ်။ ဒီကူးစက်ရောဂါဟာ ဗြိတိန်နိုင်ငံကို ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလလယ်လောက်က စတင်ရောက်ခဲ့မယ်လို့ ခန့်မှန်းပြီး ရောဂါပိုးမရောက်မီ တစ်လအလိုမှာ ရောဂါလက္ခဏာရှစ်မျိုးလောက် နိုင်ငံတွင်းလူတွေမှာ ခံစားနေခဲ့ရကြောင်း လေ့လာတွေ့ရှိရတယ်လို့ ဆိုပါတယ်။ အခုအချိန်မှာ နိုင်ငံသား ထက်ဝက်ခန့် ရောဂါကူးစက်ခံနေရပြီလို့လည်း ယူဆကြပါတယ်။ ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှာကတည်းက ရောဂါလက္ခဏာ ရှစ်မျိုးခန့် ခံစားကြရပြီး ဒီလိုတွေ ခံစားရမှုဟာ ကိုဗစ် – ၁၉ ရောဂါ ဝင်ရောက်တော့မယ်ဆိုတာ ပြသလိုက်တာပဲလို့လည်း ဆိုပါတယ်။ ဒီရောဂါလက္ခဏာရှစ်မျိုးဟာ အများ



သတိပြုဖွယ်ဖြစ်ကြောင်း သိရပါတယ်။

**၁။ မျက်စိပိုးဝင်ခြင်း၊ မျက်စိနာခြင်း**

ကိုဗစ်ရဲ့ လက္ခဏာများမှာ conjunctivitis မျက်စိနာခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း လေ့လာမှုအသစ်တွေအရ သိရပါတယ်။ College of Optometrists မျက်စိ မျက်မှန်ဆိုင်ရာကျွမ်းကျင်သူတွေရဲ့ အဆိုအရ ကိုဗစ်–၁၉ ရောဂါကူးစက်ခံနေရသူတို့မှာ အသက်ရှူလမ်းကြောင်းက တစ်ဆင့် မျက်စိကိုကူးစက်ပြီး မျက်ကြည်လွှာ ရောင်ရမ်းမှုတွေ ဖြစ်ကြောင်း သိရပါတယ်။ အခုတွေ့နေရတဲ့ ကိုဗစ်–၁၉ ရဲ့ ရောဂါလက္ခဏာတွေ မပြမီကပင် မျက်စိနာလာတတ်ကြောင်း ဒါဟာလည်း ကိုဗစ်–၁၉ ရဲ့ ထူးခြားတဲ့လက္ခဏာဖြစ်ပြီး သတိပြုသင့်ကြောင်း သိရပါတယ်။

**၂။ ချောင်းခြောက်ဆိုးခြင်း**

နေထိုင်ကောင်းနေလျက်နဲ့ ချောင်းဆိုးလာတတ်ပြီး ချောင်းမှာ ချောင်းခြောက်ဆိုးလာတတ်ပါတယ်။ ဆေးလိပ်သောက်လို့ အဆုတ်ရောဂါတစ်ခုခုကြောင့် ချောင်းဆိုးနေတတ်သူနဲ့မတူတဲ့ ချွဲသလိပ်မပါတဲ့ ချောင်းဆိုးပုံတွေ့ရပါတယ်။ နေ့တစ်ဝက်လောက်ကြာအောင် ချောင်းဆိုးတတ်ကြောင်း သိရပါတယ်။

**၃။ စိတ်ပင်ပန်းနွမ်းနယ်ခြင်း**

ကိုဗစ် – ၁၉ ရဲ့ ရောဂါလက္ခဏာတွေမှာ Mental Fatigue ကို ထည့်သွင်းထားလေ့မရှိသော်လည်း လေ့လာမှုတွေအရ ရောဂါကူးစက်ခံရသူတွေမှာ မဖျားနာမီ ထူးထူးခြားခြား စိတ်ပင်ပန်းနွမ်းနယ်လာတာ ခံစားရကြောင်း ပြောဆိုကြပါတယ်။ Thera Jourdan ဆိုသူ အမျိုးသမီးက သူ့လည်ချောင်းထဲမှာ တစ်ခုခုနဲ့ ထိုးနေသလို ယားယံလာတယ်၊ ခေါင်းလည်း ကိုက်လာတယ်။ တစ်ချိန်တည်းမှာပဲ Brain fog ခေါ်တဲ့ စိတ်ရှုပ်ထွေးတာ၊ အာရုံစူးစိုက်လို့မရတာ၊ မေ့တတ်တာ၊ စိတ်ထဲ မကြည်လင်တာမျိုးတွေ ခံစားရတယ်လို့ ဆိုပါတယ်။ အလုပ်ကိုလည်း စိတ်မဝင်စားဘဲ အိပ်ရာထဲကိုသာ သွားလှဲနေလိုက်ချင်တယ်။ ချောင်းမဆိုး၊ မဖျားပေမယ့် အဲဒီလို နေထိုင်မကောင်းဘူး။ ချောင်းမဆိုးဘူးဆိုပေမယ့်လည်း အသက်ရှူလမ်းကြောင်းက မကြည်လင်သလို ခံစားရတယ်လို့ ဆိုပါတယ်။

**၄။ ကိုယ်အပူချိန်မြင့်တက်ခြင်း**

ကိုယ်အပူချိန်က 100˚ F (37.7 ˚ C)လောက်မြင့်တက်လာတတ်ပါတယ်။ ရင်ဘတ်နဲ့ ကျောတွေက သိသိသာသာ ပူနေတတ်တယ်လို့ ဆိုပါတယ်။ ကျန်းမာနေသူတစ်ယောက် ကိုယ်အပူချိန်တက်လာတယ်ဆိုရင် သတိပြုရပါတော့မယ်။

**၅။ အသက်ရှူရခက်ခဲလာခြင်း**

ရင်ဘတ်ထဲမှာ ကျပ်လာတယ်၊ အသက်ရှူရခက်လာတယ်၊ ဒီလိုဆိုရင် ကိုဗစ် – ၁၉ ကို စဉ်းစားရတော့မယ်လို့ ဆိုပါတယ်။ နဂိုက ကျန်းကျန်းမာမာရှိသူတွေ၊ လူငယ်လူလတ်တွေ၊ ရင်ကျပ်ပန်းနာရောဂါအခံ မရှိသူတွေ ဒီလိုခံစားလာရရင် သတိထားကြဖို့ ဖြစ်ပါတယ်။

**၆။ အနံ့မရ၊ အရသာခံစားမရခြင်း**

ဗြိတိသျှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များအသင်းက အနံ့မရတာ၊ အရသာခံစားမရတာဖြစ်ခြင်းတို့ဟာ ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်–၁၉) ပိုးရဲ့ တိုက်ခိုက်မှုဖြစ်ကြောင်းဆိုပါတယ်။ ဗိုင်းရပ်စ်ပိုးတွေဟာ နှာခေါင်းနဲ့ လည်ချောင်းမှာခိုကပ်ပြီး အာရုံခံဆဲလ်တွေကို ထိခိုက်စေတာကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ ဒီလိုစတင်ခံစားမိပြီဆိုရင် self–isolate ကိုယ့်တစ်ယောက်တည်း ချက်ချင်းခွဲနေပါ၊ အိမ်သားတွေနဲ့ အတူမနေပါနဲ့လို့ တိုက်တွန်းထားပါတယ်။ ကိုဗစ် – ၁၉ ကူးစက်နေတဲ့ နိုင်ငံတွေမှာ တွေ့ရှိချက်တွေအရ ဗိုင်းရပ်စ်ပိုးတွေဟာ လူ့ခန္ဓာကိုယ်ထဲကို မျက်စိ၊ နှာခေါင်း၊ လည်ချောင်းတွေကတစ်ဆင့် ဝင်ရောက်နိုင်တယ်လို့ အဆိုပါဆရာဝန်များအသင်းက ဆိုပါတယ်။


**၇။ ဗိုက်နာခြင်း**

အစားအသောက်ပျက်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းသွားခြင်းတို့ ခံစားရတတ်ပါတယ်။ အထူးသဖြင့် ဘာအကြောင်းမှမရှိဘဲ ဗိုက်နာလာပြီး ပျောက်သွားတတ်ပါတယ်။ အမေရိကန် အစာလမ်းကြောင်းဆိုင်ရာ ဆေးပညာဂျာနယ်မှာ အခုလို ဝမ်းဗိုက်ပြဿနာလေးတွေ ခံစားရခြင်းဟာ ကိုဗစ် – ၁၉ နဲ့ သက်ဆိုင်နေပါတယ်။ တရုတ်နိုင်ငံ ဟူပေပြည်နယ်မှာ ဒီရောဂါပျံ့နှံ့နေစဉ် လေ့လာမှုအရ ရောဂါကူးစက်ခံနေရသူ ၂၀၄ ဦးတို့ရဲ့ ၄၀ ဒသမ ၅ ရာခိုင်နှုန်းတို့မှာ ဗိုက်နာတယ်၊ ဝမ်းပျက်တယ်ဆိုတာ တွေ့ရတယ်လို့ ဆိုပါတယ်။

**၈။ မောပန်းနွမ်းနယ်ခြင်း**

အအေးမိ၊ တုပ်ကွေးနဲ့ အခြားဗိုင်းရပ်စ်အဖျားရောဂါတို့လိုမှာပဲ မောပန်းနွမ်းနယ်၊ ခြေလက်မသယ်ချင် ဖြစ်နေတတ်ပါတယ်။ အိပ်ရာထဲမှာပဲ လှဲနေချင်ပါတယ်။ ဘာမှမလုပ်ချင်ပါဘူး။ အိပ်တော့လည်း အိပ်မပျော်ဘူး။ ချောင်းဆိုးရင်ကျပ်လာလို့ပေါ့။ ဒါဟာ ကိုဗစ်–၁၉ ကြောင့်ပဲဆိုတာ သတိရှိစေချင်ပါတယ် စသည်ဖြင့် The Mirror သတင်းစာ 27.3.2020 မှာ ဖော်ပြထားတာတွေ့ရပါတယ်။

"၁.၃.၂၀၂၀ ရက်နေ့က ဝင်ဘာလေဘောလုံးကွင်းကြီးထဲမှာ ဘောလုံးပွဲ ကြည့်နေရင်းနဲ့ ချောင်းဆိုးလာတယ်။ နောက်နေ့တွေမှာ ပိုပြီးတော့ နေထိုင်မကောင်း ဖြစ်လာတယ်။ တစ်နေ့ပြီးတစ်နေ့ မောပန်းနွမ်းနယ်လာတယ်၊ ကိုက်ခဲလာတယ်၊ ချောင်းလည်း ပိုဆိုးလာတယ်။ ဒီလိုနဲ့ ရက်သတ္တသုံးပတ်လောက်ဖြစ်လာတယ်။ ဒါတွေကို ကျွန်တော် သိပ်အရေးမထားခဲ့ဘူး။ I am Hero လေ။ ကျွန်တော့်လောက် ကျန်းမာတာရှိမလား၊ ဘာမှဖြစ်လာနိုင်တဲ့သူ မဟုတ်ဘူးလို့ အထင်ကြီးခဲ့တယ်။ မိသားစုရဲ့ အကြံပေးမှုတွေကိုလည်း ဂရုမစိုက်ခဲ့ဘူး။ နောက်ဆုံးမသက်သာတော့တာနဲ့ ကျွန်တော့်ဇနီးက သူနာပြုယာဉ်ခေါ်ပြီး ဆေးရုံကိုပို့လိုက်တယ်။ ဆရာဝန်တွေက ကျွန်တော်သာ တရုတ်ပြည်က ပြန်လာတယ်ဆိုရင် ကိုဗစ် – ၁၉ ကူးနေပြီလို့ ပြောနိုင်တယ်တဲ့။ ပုံစံတွေက သိပ်တူနေတာကိုး။ ဒါနဲ့ကျွန်တော့်ကို လိုအပ်တာတွေ ဆက်လက်စစ်ဆေးကြပြီး ကျွန်တော့်မှာ ကိုဗစ်ဗိုင်းရပ်စ်ပိုးရှိနေပြီ၊ သိပ်ကိုအရေးကြီးနေပြီဆိုပြီး အရေးပေါ်ကုသခန်းမှာ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံတွေ ဝတ်ထားတဲ့ ကျန်းမာရေး




ဝန်ထမ်းတွေနဲ့ ကုသပေးပါတယ်။ အသက်ရှူစက်အပါအဝင် အရေးပေါ်ဆေးကုသမှုကိရိယာတွေနဲ့ ကုသပေးပါတယ်။ ဒါပေမယ့် အခြေအနေက ဆိုးလာနေပါတယ်" လို့ အသက် ၃၉ နှစ်ရှိ Matt Dockray ဆိုသူက ပြောပြပါတယ်။ သူဟာ လန်ဒန်မြို့ NHS ဆေးရုံကြီးမှာ ပြင်းထန်တဲ့ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေရဲ့ တိုက်ခိုက်မှုကို ခံစားနေရပါတယ်။ သူရဲ့ အသက်ရှူလမ်းကြောင်းဟာ ဆိုးဆိုးရွားရွား ပျက်စီးပြီလို့ ဆိုပါတယ်။ သူဟာ သေမင်းရဲ့ ခံတွင်းဝကို ရောက်နေပြီလို့လည်း သိရပြီး ဆရာဝန်တွေက အပြင်းအထန် ကြိုးစားကုသနေကြပါတယ်။ သူ့မိသားစုနဲ့လည်း အရေးပေါ်ကုသခန်းတွင်းကနေသာ ဆက်သွယ်နိုင်ပါတော့တယ်။

**(Matt Dockray)**

ဒီရောဂါဟာ သိပ်ပြင်းထန်တယ်၊ မပေါ့ဆကြနဲ့။ ကျွန်တော်ဟာ ပေါ့ဆမိခဲ့လို့ ဒီလိုခံစားရတာ။ Stay at home, Not to be Idiots တဲ့။ အိမ်မှာပဲနေကြပါ။ လူအ လူနတွေ အဖြစ်မခံပါနဲ့လို့ သတိပေးသွားပါတယ်။

ကိုဗစ် – ၁၉ ရောဂါရဲ့လက္ခဏာတွေကတော့ –

၁။ ကိုယ်အပူချိန်တက် ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်း၊
၂။ ချောင်းဆိုးခြင်း၊ သွေးပါလာတတ်ခြင်း၊
၃။ အသက်ရှူကျပ်ခြင်း၊ အဆုတ်ရောင်ခြင်း၊
၄။ ဝမ်းပျက်ခြင်း၊
၅။ ကြွက်သားများ ကိုက်ခဲခြင်းတို့ဖြစ်ပြီး ပြင်းထန်လာပါက သွေးဆိပ်တက်ခြင်း၊ အသက်ရှူလမ်းကြောင်းပျက်စီးခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းတို့ အထိဖြစ်စေကာ အသက်ဆုံးရှုံးနိုင်သည်အထိ ဖြစ်စေနိုင်ကြောင်း သိရပါတယ်။

ဒါကြောင့် ကိုဗစ်–၁၉ ရောဂါရဲ့လက္ခဏာတွေကို သေချာစွာ ဂရုပြုစောင့်ကြည့်ကြပြီး လိုအပ်သည်များကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

စိုးရိမ်လွန်ခြင်းနဲ့ စိုးရိမ်နည်းခြင်း အစွန်းနှစ်ပါးရှောင်ကာ လိုအပ်သည်များ စုပေါင်းဆောင်ရွက်ကြဖို့သာ ဖြစ်ပါတယ်ခင်ဗျား။

Source–

(COVID–19 is an emerging, rapidly evolving situation.
Get the latest public health information from CDC: https://www.coronavirus.gov .
Get the latest research from NIH: https://www.nih.gov/coronavirus).



စွန့်ပစ်အမှိုက်များ သွားရောက်သိမ်းဆည်းမည့် သန့်ရှင်းရေးဝန်ထမ်းများအား မှာကြားနေစဉ်။



စွန့်ပစ်အမှိုက်များနှင့် အမှိုက်ပုံးများကို ပိုးသတ်ဆေးဖျန်းနေစဉ်။

# ရန်ကုန်မြို့ရှိ ကန့်သတ်စောင့်ကြည့် စင်တာများနှင့် ဆေးရုံ၊ ဆေးခန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များအား စနစ်တကျ မီးရှို့ဖျက်ဆီး

**ရန်ကုန် မေ ၄**

ရန်ကုန်မြို့ရှိ ကန့်သတ်စောင့်ကြည့် စင်တာများနှင့် ဆေးရုံ၊ ဆေးခန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များအား ပတ်ဝန်းကျင်ရှိ ပြည်သူများ ရောဂါကူးစက်မှုမရှိစေရန်အတွက် စနစ်တကျသိမ်းဆည်းကာ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

“ဒီဟာတွေက တစ်ရက်တည်းလုပ်ရမှာ မဟုတ်ဘူး။ ရက်ရှည် သိမ်းဆည်းရမှာ ဖြစ်တဲ့အတွက် တာဝန်ထမ်းဆောင်မယ့် ဝန်ထမ်းတွေကို သီးသန့်ထားရှိထားပါတယ်။ အမှိုက်သိမ်းယာဉ် ခြောက်စီးမှာ ယာဉ်မောင်းတစ်ယောက် အကူကတော့ တချို့ယာဉ်တွေမှာ နှစ်ယောက်၊ တချို့ယာဉ်တွေမှာ သုံးယောက်ထားပေးတယ်။ သန့်ရှင်းရေးဆောင်ရွက်မယ့် ဝန်ထမ်းတွေကို တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံတွေ ဝတ်ပေးထားတယ်။ လှိုင်သာယာထိန်ပင်မှာ သူတို့ကို သီးခြားနေထိုင်စေပြီး မနက် မိုးလင်းတာနဲ့ ကန့်သတ်စောင့်ကြည့်ရသူတွေ ထားတဲ့နေရာတွေက အမှိုက်တွေ သွားသိမ်းပါတယ်။ သီးသန့်ယာဉ်၊ သီးသန့်လူနဲ့ သီးသန့်အဖွဲ့ဖွဲ့ပြီး အမှိုက်တွေကို စနစ်တကျ သိမ်းဆည်းပေးနေပါတယ်” ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က ပြောသည်။

အဆိုပါ ကန့်သတ်စောင့်ကြည့် စင်တာများမှ ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များအား စနစ်တကျ သိမ်းဆည်းနိုင်ရန်အတွက် အမှိုက်သိမ်းယာဉ်များကို သီးသန့်စီစဉ်ထားပြီး တာဝန်ထမ်းဆောင်မည့် ယာဉ်မောင်းနှင့် သန့်ရှင်းရေးဝန်ထမ်းများကိုလည်း သီးသန့်အဖွဲ့ဖွဲ့ကာ ဆောင်ရွက်ပေးထားကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

ရန်ကုန်မြို့ရှိ ကန့်သတ်စောင့်ကြည့် စင်တာများနှင့် ဆေးရုံ၊ ဆေးခန်းများမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်များကိုလည်း နေ့စဉ် အမှိုက်သိမ်းယာဉ် ၁၈ စီးစာခန့် သိမ်းဆည်းရကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

“ကန့်သတ်စောင့်ကြည့်ရသူတွေ ထားတဲ့နေရာတွေကထွက်တဲ့ စွန့်ပစ်အမှိုက်တွေအပြင် ဆေးရုံ၊ ဆေးခန်းတွေက စွန့်ပစ်တဲ့အမှိုက်တွေကိုလည်း သိမ်းဆည်းပေးရပါတယ်။ ထိန်ပင်သုသာန်မှာရှိတဲ့ အမှိုက်မီးရှို့စက်မှာပဲ ပေါင်းပြီး မီးရှို့ဖျက်ဆီးပါတယ်။ တစ်ရက်ကို ဆေးရုံ၊ ဆေးခန်းကထွက်တဲ့ စွန့်ပစ်အမှိုက်တွေက ကားကိုးစီးလောက် သိမ်းရတယ်။ ကန့်သတ်စောင့်ကြည့်ရသူတွေ ထားတဲ့နေရာတွေက စွန့်ပစ်တဲ့အမှိုက်တွေက တစ်နေ့ကို ကားကိုးစီးလောက် သိမ်းရတယ်။ မီးရှို့တဲ့နေရာရောက်ရင်လည်း ကားတံခါးဖွင့် သိမ်းဆည်းလာတဲ့အမှိုက်တွေကို ဆေးပြန်ဖျန်းပြီး အမှိုက်မီးရှို့ပါတယ်။ အမှိုက်သိမ်းယာဉ်တွေကိုလည်း ဆေးဖျန်းတာတွေ၊ ကားရေဆေးတာတွေ ပြန်လုပ်တယ်။ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံတွေကိုလည်း စနစ်တကျချွတ်ပြီး မီးရှို့ဖျက်ဆီးတယ်။ တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ခိုင်းတယ်။ ကိုယ်အပူချိန်တိုင်းတာတွေ လုပ်ပေးတယ်”ဟု ဒေါက်တာအောင်မြင့်မော်က ပြောသည်။

ရန်ကုန်မြို့ရှိ ကန့်သတ်စောင့်ကြည့်ရသူတွေ ထားရှိသည့်နေရာများနှင့် ဆေးရုံ၊ ဆေးခန်းများမှ သိမ်းဆည်းလာသည့် စွန့်ပစ်အမှိုက်များကို လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်၌ တည်ဆောက်ထားသည့် တစ်ရက်လျှင် တန်ချိန် ၂၀ ကျ မီးရှို့ဖျက်ဆီးနိုင်သည့် အပူချိန် ၁၂၀၀ ဒီဂရီစင်တီဂရိတ်ရှိ အမှိုက်မီးရှို့စက်တွင်ထည့်ကာ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-အောင်မြင့်မော်**



စွန့်ပစ်အမှိုက်များ သိမ်းဆည်းနေစဉ်။



ထိန်ပင်သုသာန်၌ စွန့်ပစ်အမှိုက်များကို မီးရှို့ဖျက်ဆီးနေစဉ်။

# နေပြည်တော် ပျဉ်းမနားမြို့နယ်၌ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေး



**နေပြည်တော် မေ ၄**

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ရောင်းဝယ်ရေးသမဝါယမအသင်းများက မြို့နယ်သမဝါယမအသင်းစုနှင့် ပူးပေါင်း၍ အခြေခံစားသောက်ကုန်၊ လူသုံးကုန်၊ ကိုဗစ်-၁၉ ကာကွယ်ရေး နှာခေါင်းစည်းများ၊ ပိုးသတ်ဆေးများ၊ လက်သန့်ဆေးရည်များကို ပျဉ်းမနားမြို့နယ်အတွင်း ရွာကောက်နှင့် ရန်အောင်ရပ်ကွက်ရှိ ပြည်သူများထံသို့ ဆန်အိတ်ကြီး အိတ် ၃၀၊ ဆန်ခြောက်ပြည်အိတ် ၆၀၊ စားသုံးဆီအမျိုးမျိုးဘူး ၁၂၀၊ ဆားအထုပ် ၅၀၀၊ ကြာဆံထုပ် ၁၅၀၊ ခေါက်ဆွဲထုပ် ၁၀၀၊ အခြားစားသောက်ကုန်ပစ္စည်းများ ရောင်းချပေးခဲ့ပြီး ဆန်ခြောက်ပြည်တစ်အိတ်လျှင် ငွေကျပ် ၈၄၀၀၊ လက်လီတစ်ပြည်လျှင် ငွေကျပ် ၁၂၀၀၊ ဆားတစ်ထုပ်လျှင် ငွေကျပ်၂၀၀၊ ဆီတစ်ဘူးအနည်းဆုံး ငွေကျပ် ၈၀၀ မှ နှစ်ပိဿာဘူးတစ်ဘူးလျှင် ငွေကျပ် ၁၆၀၀၀ အထိ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည်။

ရောင်းချပေးသည့် ဆန်အမျိုးအစားများမှာ ပေါ်ဆန်းနှင့် ဧရာမင်း ဖြစ်ပြီး ဆီအမျိုးအစားများမှာ ပဲဆီ၊ နေကြာဆီ၊ Goody ဟင်းသီးဟင်းရွက်ဆီတို့ဖြစ်သည်။ ထိုသို့ရောင်းချရာတွင် လာရောက်ဝယ်ယူသည့်ပြည်သူများအား ရောဂါကူးစက်မှုအန္တရာယ်မှ ကင်းဝေးစေရန် လက်သန့်ဆေးရည်ဖြင့် သန့်စင်စေခြင်း၊ သုံးပေအကွာမှ တန်းစီဝယ်ယူစေခြင်းတို့ဖြင့် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းမှာ ဈေးနှုန်းကြီးမြင့်ခြင်း မရှိစေရေးအတွက် ညှိနှိုင်းထိန်းသိမ်းရန်ရည်ရွယ်၍ သမဝါယမအသင်းများကလည်း ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှု ခံယူနိုင်စေရေး ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍သတင်းရယူခြင်း၊ အသွားအလာ ကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များရရှိနိုင်ရေးအတွက် နေ့စဉ်သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၃-၅-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၄-၅-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၅၈) ဦးရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၄-၅-၂၀၂၀) ရက်နေ့၊ ည (၅:၃၀) နာရီ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံ/အိမ်/ဟိုတယ်တွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသောသူ (၈၄)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (ဇယား-၁) တွင်ဖော်ပြထားရှိသောသူ (၁) ဦး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါ ပိုးတွေ့ရှိ(တွေ့ရှိ)ရပြီး ကျန် (၈၃) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

ဇယား-၁

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၄-၅-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားလာမှုအခြေအနေ | ယခုဆေးကုသမှုခံယူလျက်ရှိသည့်နေရာ | အသွားအလာ ကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့်ရက် | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 21 | ၂၄ နှစ် | မ | အမေရိကန် - ကိုရီးယား သမ္မတနိုင်ငံ - ထိုင်း | ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး | ၂၆-၃-၂၀၂၀ | တွေ့ရှိ |

- ကျန်လူနာ (၈၃) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိပါ။

၄။ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (Case-21) သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်သည့် အသက် (၂၄) နှစ်အရွယ် အမျိုးသမီး (၁) ဦးဖြစ်ပြီး မိခင်နှင့် မောင်တော်စပ်သူတို့နှင့်အတူ (၂၄-၃-၂၀၂၀) ရက်နေ့တွင် အမေရိကန်နိုင်ငံမှ ကိုရီးယားသမ္မတနိုင်ငံသို့ လေကြောင်းလိုင်းဖြင့်ထွက်ခွာခဲ့ကာ ကိုရီးယားသမ္မတနိုင်ငံမှတစ်ဆင့် ထိုင်းနိုင်ငံသို့ (၂၅-၃-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ရောက်ရှိခဲ့ပါသည်။ ထိုင်းနိုင်ငံမှတစ်ဆင့် (၂၆-၃-၂၀၂၀) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ ဗိုလ်တထောင်မြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် အသွားအလာကန့်သတ်ခြင်းပြုလုပ်ရန် ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာသည် (၂-၅-၂၀၂၀) ရက်နေ့မှစ၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း စသည့်ရောဂါလက္ခဏာများ ခံစားခဲ့ရသဖြင့် ယင်းနေ့တွင်ပင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ ထပ်မံညွှန်းပို့ခဲ့ရာ စောင့်ကြည့်လူနာအဖြစ် သီးသန့်ထားရှိပြီး ဓာတ်ခွဲနမူနာအား ပေးပို့စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ လူနာအား ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိပြီး လတ်တလောကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၅။ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (၂၀) ဦးအနက် ချင်းပြည်နယ်၊ တီးတိန် ပြည်သူ့ဆေးရုံတွင် လူနာ(၁)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၁၀) ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် လူနာ (၁) ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ(၁)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြောင်းရွှေ့လူနာ(၁)ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့တွင် ပြည်သူ့ဆေးရုံ၊ ပေါက်ခေါင်းမြို့မှ ပြောင်းရွှေ့လူနာ (၄)ဦး စုစုပေါင်း (၁၈) ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ(၂) ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၆။ ယခုအခါ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၄-၅-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (၂၁) ဦး တွေ့ရှိလာရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေး အချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏ မိသားစုနှင့် ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မြို့မဈေး၌ ရှင်းလင်းဆွေးနွေး

**ဂန့်ဂေါ မေ ၄**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဂန့်ဂေါမြို့ မြို့မဈေး ပုံကျဈေးတွင် ဈေးရောင်းသူ ဈေးဝယ်သူများအား ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့ဖြန့်ဝေကြသည်။

ထိုသို့ဖြန့်ဝေပြီး ကိုဗစ်-၁၉ ရောဂါကို ထိထိရောက်ရောက် ကာကွယ်နိုင်သော နည်းလမ်းမှာ ရေနှင့်ဆပ်ပြာဖြင့် လက်ကိုမကြာခဏ သေသေချာချာ အနည်းဆုံး စက္ကန့် ၂၀ ကြာဆေးကြောခြင်း အပါအဝင် အချက်အလက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဈေးအဝင်တွင် ရုပ်ရှင်သရုပ်ဆောင်များဖြင့် သင်ကိုယ်တိုင်ကာကွယ်ဖို့အတွက်၊ သင့်ပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက်၊ သင့်မြို့ရွာကို ကာကွယ်ဖို့အတွက်၊ သင့်တိုင်းပြည်ကို ကာကွယ်ဖို့အတွက်၊ အိမ်မှာပဲနေပါ၊ အပြင်မထွက်ပါနဲ့ စသည့် အသိပေးနှိုးဆော်ချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ပြသခဲ့ကြောင်း သိရသည်။

**စိန်ကျော်**



## ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်နည်းအား လက်တွေ့သရုပ်ပြ

**ကလိန်အောင် မေ ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့၌ ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်နည်းအား လက်တွေ့သရုပ်ပြသမှုကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါကုသရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေကြရသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်နည်းများ၊ သိသင့်သိထိုက်သည်များကို မြို့တာဝန်ခံဆရာဝန် ဒေါက်တာထွန်းထွန်းအောင်က ရှင်းလင်းပြောကြားခဲ့ပြီး တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံအား လက်တွေ့ဝတ်ဆင်ပြသပေးခဲ့ကြောင်း သိရသည်။

**မိုးမိုးခိုင်**

## မင်းတပ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အထောက်အကူပြုပစ္စည်းဝယ်ယူရန် အလှူငွေပေးအပ်

**မင်းတပ် မေ ၄**

မင်းတပ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွင် အထောက်အကူပြုပစ္စည်းများဝယ်ယူရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းရောထိုက်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်တို့က အလှူငွေကျပ် ၁၅၀၀၀၀ ကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနိုင်ထံ ယမန်နေ့နံနက်ပိုင်းက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနိုင်က "ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ဝတ်စုံ၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ လက်ဆေးဆပ်ပြာများနဲ့ အလှူငွေများလာရောက်လှူဒါန်းသူတွေက နေ့တိုင်းလိုလိုရှိပါတယ်။ လာရောက်လှူဒါန်းတဲ့ အလှူရှင်တွေ၊ CSOs တွေကို ဂုဏ်ပြုမှတ်တမ်းပေးအပ်ဖို့စီစဉ်ထားပါတယ်"ဟု ပြောကြားသည်။

မင်းတပ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအဖွဲ့နှင့် CSOs များပူးပေါင်း၍ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းအောင်(ပြန်/ဆက်)**





## ဖန်းမောက်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါအတွက် အလှူငွေများ လှူဒါန်း

**ဖန်းမောက် မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် အနောက်ဘက် မံအင်ဒေသရှိ ကုမ္ပဏီများနှင့် စေတနာရှင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အလှူငွေနှင့် နှာခေါင်းစည်းများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါမြို့အဝင် ရောဂါကာကွယ်ထိန်းချုပ်ရေးဂိတ်၌ ပြုလုပ်သည်။

**လာရောက်လှူဒါန်း**

အဆိုပါ လှူဒါန်းပွဲတွင် အနောက်ဘက် မံအင်ဒေသရှိ ကုမ္ပဏီများနှင့် စေတနာရှင်များက အလှူငွေကျပ်သိန်း ၈၀ နှင့် နှာခေါင်းစည်း ၈၀၀ တို့ကို လာရောက်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီဟန်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်လင်းနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး မြို့အဝင်ဂိတ်၌ လွှဲပြောင်းလက်ခံရယူခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဖန်းမောက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း ၁၄ ရက် ပြည့်မြောက်ပြီးသူ ၆၈ ဦးရှိ

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ နှင့်ပတ်သက်၍ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း ၁၄ ရက်ပြည့်မြောက်ပြီးသူ ၆၈ဦးရှိကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မေ ၂ ရက် ညနေ ၄ နာရီအထိ ထုတ်ပြန်ချက်စာရင်းများအရ သိရသည်။




မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်များတွင် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း ပြုလုပ်ထားသူ ၈၂ ဦးနှင့် သတ်မှတ်နေရာ တွင် အသွားအလာစောင့်ကြည့်ခြင်း ပြုလုပ်ထားသူ ၄၆၁၀ ရှိကာ ၁၄ ရက်ပြည့်မြောက်ပြီးသူ ၆၈ ဦးရှိကြောင်း အဆိုပါစာရင်းများအရ သိရသည်။

### ကန့်သတ်စောင့်ကြည့်

ကန့်သတ်စောင့်ကြည့်သည့်ဟိုတယ်များမှာ မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ်တွင် ၂၁ ဦး၊ ညောင်ဦးမြို့ရှိ ဟိုတယ်များဖြစ်သော ရာဇဂြိုလ်ဟိုတယ်တွင် ၁၅ ဦး၊ လောကသစ္စာဟိုတယ်တွင် ၄၆ ဦးနှင့် ရွှေပိုးအိမ်ဟိုတယ်တွင် ၁၀ ဦး စုစုပေါင်း ၈၂ ဦးတို့ဖြစ်ကြောင်း သိရသည်။ သတ်မှတ်နေရာတွင် အသွားအလာစောင့်ကြည့်ခြင်း ပြုလုပ်ထားသူ မန္တလေးခရိုင်တွင် ၁၈၃ ဦး၊ ပြင်ဦးလွင်ခရိုင်တွင် ၅၃၈ ဦး၊ ကျောက်ဆည်ခရိုင် တွင် ၁၃၂ ဦး၊ မြင်းခြံခရိုင်တွင် ၄၈၀၊ မိတ္ထီလာခရိုင်တွင် ၁၄၃၈ ဦး၊ ရမည်းသင်းခရိုင်တွင် ၁၄၉၅ ဦးနှင့် ညောင်ဦးခရိုင်တွင် ၃၄၄ ဦး စုစုပေါင်း ၄၆၁၀ ရှိကြောင်း အဆိုပါထုတ်ပြန်ချက် စာရင်းများအရ သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ကန့်သတ်စောင့်ကြည့်သည့်နေရာများအနေဖြင့် မန္တလေးခရိုင်တွင် ၂၅ နေရာ၊ ပြင်ဦးလွင်ခရိုင်တွင် ၄၄ နေရာ၊ ကျောက်ဆည်ခရိုင်တွင် ၅၂ နေရာ၊ မြင်းခြံခရိုင်တွင် ၁၃၄ နေရာ၊ မိတ္ထီလာခရိုင်တွင် ၂၇၈ နေရာ၊ ရမည်းသင်းခရိုင်တွင် ၂၀၈ နေရာနှင့် ညောင်ဦးခရိုင်တွင် ၇၃ နေရာ စုစုပေါင်း ၈၁၄ နေရာ ပြင်ဆင်ထားရှိကာ လူဦးရေ ၂၉၃၀၉ ဦး အသုံးပြုနိုင်ကြောင်း သိရပြီး လက်ရှိတွင် ၁၄ ရက်ပြည့်မြောက်ပြီးသူ ၆၈ ဦးရှိကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ မေ ၂ ရက်ညနေ ၄ နာရီအထိ ထုတ်ပြန်ချက်စာရင်းများအရ သိရသည်။

**သန်းဇော်မင်း**
**(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပြည်ပမှပြန်လည်ဝင်ရောက်လာသူများကို စောင့်ကြည့်ရေးစခန်း ၁၄ ခုဖြင့် စောင့်ကြပ်ကြည့်ရှု

**မုံရွာ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိရာ လတ်တလော ရောဂါကူးစက်ပြန့်ပွားလျက်ရှိသော နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို နေရာရှစ်ခုမှ စောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်ပြီး စောင့်ကြည့်ရေးစခန်း ၁၄ ခုဖြင့် ဖွင့်လှစ်ကာ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိကြောင်း မုံရွာမြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

"မြို့ရဲ့အဓိကကျတဲ့ နေရာရှစ်ခုမှာ ကျန်းမာရေးစစ်ဆေးတဲ့အဖွဲ့တွေ ထားရှိပြီး ပြည်ပမှပြန်လာတဲ့သူတွေ ပါ မပါ စစ်ဆေးတယ်။ ပြည်ပမှပြန်လာတဲ့သူတွေပါလာရင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာတွေဆီကို ပြန်မလွှတ်သေးဘဲ မုံရွာမြို့ နန္ဒဝန်ရပ်ကွက်က ဝန်ထမ်းအိမ်ရာမှာရှိတဲ့ တိုက်အမှတ်(၆)နဲ့ (၇)မှာ ထားသလို မြို့နယ်အတွင်းက အခြေခံပညာကျောင်း ၁၃ ကျောင်းမှာ စောင့်ကြည့်စခန်းတွေ ဖွင့်လှစ်ပြီး ပြည်ပမှပြန်လာတဲ့သူတွေမှာ ရောဂါပိုး ရှိ-မရှိကို ၁၄ ရက်ကြာ စောင့်ကြည့်တာတွေလုပ်နေပါတယ်။ တကယ်လို့ ပိုးတွေ့ခဲ့ရင် အထူးစောင့်ကြပ်ကြည့်ရှုကုသနိုင်တဲ့ ယာယီဆေးရုံတစ်ရုံ အသင့်ထားရှိပြီးဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာလည်း ကော်မတီတွေ ဖွဲ့စည်းပြီး ပိုးသတ်ဆေးဖျန်းတာတွေ၊ အသံချဲ့စက်နဲ့လိုက်ပြီး အသိပညာပေးတာတွေ၊ ဗီနိုင်းပိုစတာကပ်တာတွေကို လုပ်ဆောင်နေပါတယ်"ဟု မုံရွာမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက ပြောကြားသည်။

မုံရွာမြို့နယ်အတွင်းရှိ စောင့်ကြည့်ရေးစခန်း ၁၄ ခုတွင် မေ ၂ ရက်အထိ ပြည်ပမှပြန်လာသူ ၄၁၇ ဦးကို စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ခွဲခန်းအဖြေ စောင့်ကြည့်သံသယလူနာ တစ်ဦးရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**





# ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ကန့်ဘလူ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၂ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများကို ဝန်ဆောင်မှုပေးသော ရုံးဌာနဖြစ်ရာ ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် စာအုပ်စာစောင်များ လာရောက်ငှားရမ်းဖတ်ရှုလျက်ရှိပြီး ဝင်ထွက်သွားလာနေကြသော စာဖတ်ပရိသတ်များအား ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကာကွယ်နိုင်ရန်အတွက် ပိုးသတ်ဆေးဖျန်းခြင်းဖြစ်သည်။

ပိုးသတ်ဆေးဖျန်းရာတွင် ရုံးတွင်းရုံးပြင်၊ လူထုအခြေပြုဗဟိုဌာနခန်းမ၊ ပြခန်းငယ်ခန်း၊ ကလေးစာဖတ်ခန်း၊ လူဝင်လူထွက်သွားလာမှုများသောနေရာများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းကာ ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားမော်တော်ယာဉ်ဖြင့် ကျေးရွာအရောက် စာအုပ်များငှားရမ်းပေး

**မြောင်းမြ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေးအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားမော်တော်ယာဉ်ဖြင့် မေ ၃ ရက် နံနက်က မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာသို့သွားရောက်ကာ စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် "ကိုဗစ်-၁၉ မိမိကစ၍ ကာကွယ်ပါ" လက်ကမ်းစာစောင်များ အခမဲ့ပေးဝေကာ ကျန်းမာရေးဆိုင်ရာအသိပညာများ ပေးဝေခဲ့ ကြောင်း သိရသည်။



"ကျေးရွာတွေမှာ ပြည်ပက ပြန်လာသူရှိရင် သက်ဆိုင်ရာကို အကြောင်းကြားဖို့၊ မိမိအိမ်မှာ ကန့်သတ်စောင့်ကြည့်ဖို့ လုပ်မယ်ဆိုရင် အိမ်မှာပဲနေဖို့၊ လက်ကိုစင်ကြယ်အောင် မကြာခဏ စနစ်တကျ ဆေးကြောဖို့နဲ့ လူထူထပ်တဲ့နေရာတွေကို သွားလာခြင်းကနေ တတ်နိုင်သလောက် ရှောင်ကြဉ်ဖို့ အသိပညာပေး ပြောကြားပေးခဲ့ပါ တယ်" ဟု ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားမော်တော်ယာဉ်ဖြင့်လိုက်ပါသူ ဒေါ်ထက်ထက်စုက ပြောကြားသည်။

**သင်းရနံ့**
**(မြရာမြေ)**

■

# မုံရွာမြို့ပေါ်ရှိ အဓိကလမ်းမကြီးများ၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**မုံရွာ မေ ၄**

မုံရွာမြို့ပေါ်ရှိ အဓိကလမ်းမကြီးများ၌ စည်ပင်ကားကြီးများသုံး၍ ပိုးသတ်ဆေးဖျန်းခြင်းကို မေ ၃ ရက်ညက စတင်ဖျန်းပက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်ထံမှ သိရသည်။

"ဗိုလ်ချုပ်လမ်း၊ ကန်သာယာက Ocean Super Center ထိ၊ ကျောက္ကာလမ်းမကြီးတလျှောက်၊ ရုံးကြီးလမ်းတစ်လျှောက်၊ ရွှေစည်းခုံလမ်းမကြီးတစ်လျှောက်တွေမှာ ဆေးဖျန်းခဲ့ပါတယ်။ ဂါလန် ၈၀၀ ဆံ့ ကားနှစ်စီးနဲ့ အသွားအပြန် ခုနစ်ခေါက်ဆေးဖျန်းခဲ့တာပါ"ဟု ဦးသစ်ထူးမြင့်က ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စည်ပင်အဖွဲ့ပိုင်ကားများ အသုံးပြု၍ ပိုးသတ်ဆေး ဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်၊ တိုင်းဒေသကြီးအမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

စည်ပင်အဖွဲ့ပိုင်ကားနှစ်စီးအသုံးပြု၍ မုံရွာမြို့ သာစည်လမ်း၊ ပြည်ထောင်စုလမ်းမနှင့် ကမ်းနားလမ်းတစ်လျှောက်တို့တွင် မေ ၄ ရက်ညတွင် ပိုးသတ်ဆေးဆက်လက်ဖျန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## နယ်စပ်ဝင်ပေါက်မှဝင်ရောက်လာသူများအား ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးစစ်ဆေး



**မိုင်းစံ မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းစံမြို့၌ မေ ၄ ရက်နံနက် ၉ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ထိုင်းနိုင်ငံဘက်မှ ခရီးသည်များတင်ဆောင်ဝင်ရောက်လာသည့် မော်တော်ယာဉ်များတွင် ကျန်းမာရေးစစ်ဆေးခြင်း၊ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါ လက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများအပြင် လူစုလူဝေးရှိသည့်နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် သတ်မှတ် စောင့်ကြည့်ကာလ ၁၄ ရက်ကို အသွားအလာကန့်သတ်နေထိုင်ရန် ပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့အုပ်ချုပ်ရေးမှူး၏ကြီးကြပ်မှုဖြင့် မြို့ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ချို(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေး နံရံကပ်စာစောင်များ ပြသ

**ဂန့်ဂေါ မေ ၄**

ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးနှိုးဆော်ချက်များကို ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မြေစိုက်နံရံကပ်ပြဘုတ်တွင် မေ ၄ ရက် မွန်းလွဲပိုင်းမှစတင်ကာ ပြသထားသည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးနှိုးဆော်ချက်များအား ရုပ်ရှင်သရုပ်ဆောင်များဖြင့် သင်ကိုယ်တိုင်ကာကွယ်ဖို့အတွက်၊ သင့်ပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက်၊ သင့်မြို့ရွာကို ကာကွယ်ဖို့အတွက်၊ သင့်တိုင်းပြည်ကို ကာကွယ်ဖို့အတွက် အိမ်မှာပဲနေပါ၊ အပြင်မထွက်ပါနဲ့ စသည့် အသိပေးနှိုးဆော်ချက်များကို သီးသန့်နံရံကပ်ဘုတ်ဖြင့်စီစဉ်ကာ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် ပြသထားကြောင်း သိရသည်။ **စိန်ကျော်**

## မုံရွာမြို့အခြေပြုအဝေးပြေးကားလိုင်းများ ခရီးသည်စီးနင်းမှုနည်းပါးနေသော်လည်း ပုံမှန်အတိုင်းပြေးဆွဲ

**မုံရွာ မေ ၄**

မုံရွာမြို့အခြေပြု အဝေးပြေးကားလိုင်းများအနေဖြင့် ခရီးသည်စီးနင်းမှုနည်းပါးနေသော်လည်း ပုံမှန်အတိုင်း ပြေးဆွဲပေးနေကြောင်း မုံရွာမြို့ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းထံမှ သိရသည်။

"သင်္ကြန်မတိုင်ခင်ကာလက လက်မှတ်ကြိုဝယ် ကြိုရောင်းတွေရှိနေတဲ့အတွက် ကားဂိတ်တွေ အနေနဲ့ ရပ်ချင်ရင်လည်း ရပ်မရသလို ရပ်လည်း မရပ်ကြပါဘူး။ ပုံမှန်ဈေးနှုန်း ပုံမှန်အတိုင်း ရောင်းနေကြတာပါ။ ကားလည်းပုံမှန်ထွက်နေပါတယ်၊ ကားလျှော့တာလည်းမရှိပါဘူး။ အရင်က တည်းကမှ တစ်ဂိတ်မှ တစ်စီးနှစ်စီးလောက်ပဲ ထွက်တာပါ။ နှစ်စီးထွက်တာကလည်းအထူးနဲ့ ရိုးရိုး ကားရှိပြီး ကြိုဝယ်တာတွေရှိတော့ ကားပြောင်း မရဘူး။"ဟု ဦးရဲထွန်းက ပြောကြားသည်။

ကားလက်မှတ်ဖြတ်ပြီး အကြောင်းကြောင်း ကြောင့် အဆင်မပြေ၍ မလိုက်ဖြစ်သည့်ခရီးသည် ကများနေပြီး ရန်ကုန်–မုံရွာပြေးသည့် ကားဂိတ် ၂၀ ခန့်ရှိကြောင်း သိရသည်။

"သင်္ကြန်တွင်းကတော့ နှစ်တိုင်းလိုဂိတ်တွေ ပိတ်ကြမယ်၊ မေ ၁၁ ရက်အထိ ထွက်ကြမှာပါ။ နှစ်ဆန်း ၂ ရက်မှပြန်ထွက်ကြမှာပါ။ စစ်ကိုင်းတိုင်းဒေသကြီး မှာတော့ ကားခပုံမှန်ပဲယူတယ်။ ပိုယူတာတွေ နှစ်ဆယူတာတွေမရှိပါဘူး။ လူတော့လျှော့တင်တယ်။ သိပ်ပြီး ထွေထွေထူးထူး လျှော့စရာမလိုပါဘူး။ ခရီးသည်က အလိုလိုပါးနေတော့ လျှော့ပြီးသား ဖြစ်သွားတယ်။ မုံရွာကနေ ရန်ကုန်သွားတာ တော်တော်လေး နည်းသွားပါတယ်။ ရန်ကုန်က မုံရွာလာတာတော့ ရှိပါတယ်။"ဟု ၎င်းက ဆက်လက် ပြောကြားသည်။



မုံရွာကားလေးဝင်းအတွင်း ကားဂိတ်ပေါင်း ၈၀ကျော်ရှိပြီး အဝေးပြေးဂိတ်များသာ ပုံမှန်ခရီးစဉ် အတိုင်း ထွက်ခွာပေးနေသော်လည်း ခရီးတိုကား အသင်းများအနေဖြင့် ကားစီးရေထက်ဝက်ခန့် လျှော့ချပြေးဆွဲခြင်းများရှိသည်။

"မုံရွာ–မန္တလေးအရင်က ၁၂ စီးလောက်ထွက်တဲ့ အသင်းဆိုရင် အစီးရေလျှော့သွားပါတယ်။"ဟု ကားဂိတ်တာဝန်ခံတစ်ဦးက ပြောကြား သည်။

ကိုဗစ်–၁၉ ကူးစက်ကာလဖြစ်သည့်အတွက် ကားဝင်းအတွင်းရှိ ကားဂိတ်တိုင်း လက်ဆေးကန်၊ လက်ဆေးရည်များ အထူးဂရုပြုထားကြသလို မီးသတ်ဦးစီးဌာနအကူအညီဖြင့် ကားဂိတ်အခန်းတိုင်းနှင့် ကားများတွင် ပိုးသတ်ဆေးများ ကာကွယ်ဆေးဖျန်းပေးထားကြောင်း သိရသည်။

"ခရီးသည်တွေကိုလည်း အပူချိန်တိုင်းပြီး ပုံမှန်အပူချိန်ရှိမှ ခရီးထွက်ခွင့်ပေးတယ်။ အပူချိန်မြင့်တယ်ဆိုရင် ကျန်းမာရေးဌာနကိုဆက်သွယ်ပြီး ဆက်လုပ်စရာရှိတာဆက်လုပ်တယ်။ အပူချိန်တိုင်းတာမှုတွေကို ကားဂိတ်တိုင်းက သူ့အစီအစဉ်နဲ့သူလုပ်တယ်။ အပူချိန်မြင့်တဲ့ခရီးသည်ပါရင် ကျွန်တော်တို့ကို ဆက်သွယ်တယ်။ ကျန်းမာရေးဌာနကို ဆက်သွယ်လုပ်ဆောင်ပါတယ်။"ဟု ဦးရဲထွန်းက ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်

**ရန်ကုန် မေ ၄**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း သုံးခွမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ လျှပ်စစ်အင်ဂျင်နီယာ ဦးသက်မောင်ထွေးဦးဆောင်၍ မေ ၂ ရက် နံနက် ၁၀ နာရီက လျှပ်စစ်လိုင်းကြိုးများနှင့် မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းကြသည်။

အောင်ဇေယျလမ်းမကြီးတစ်လျှောက်၊ တပင်ရွှေထီးလမ်း၊ မင်းရဲကျော်စွာလမ်း၊ မာဃလမ်းတို့တွင်အဖွဲ့များခွဲကာ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး အတွက် ၁၁ကေဗွီ၊ ၃၃ကေဗွီ၊ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ကော့သောင်း မေ ၄**

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကိုဗစ်–၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများကို မေ ၂ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင် ရွက်ခဲ့ကြသည်။


**ဆောင်ရွက်လျက်ရှိ**

ခရိုင်ရုံး စာကြည့်တိုက်သို့ လာရောက်မည့်ပြည်သူများ စာကြည့်တိုက်သို့မဝင်မီ လက်ဆေးနိုင်ရန် လက်ဆေးဘေစင်၊ရေ၊ ဆပ်ပြာရည်၊ လက်သန့်ဆေးရည်နှင့် လက်သုတ်ပဝါများထားရှိပေးထားပြီး စနစ်တကျ လက်ဆေးနည်းအဆင့်ဆင့်ကို သိရှိလိုက်နာနိုင်ရေး ချိတ်ဆွဲပြသပေးထားကာ လက်ဆေးကြရန် မေတ္တာရပ်ခံပန်ကြား အသိပေးခြင်း စသည့် ကာကွယ်မှုလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအကြား ကျန်းမာရေးအသိနှင့် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သိသင့်သိထိုက်သည်များ၊ ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများ၊ ရောဂါ ကူးစက်မှုမဖြစ်ပွားရေး ရှောင်ရန်၊ ဆောင်ရန်များ၊ လက်ဆေးကြသည့်အလေ့အထ ပြည်သူများ အကြား ကျင့်သုံးကြရေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များကို အသိပညာပေး ဖော်ပြရိုက်နှိပ်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေး လက်ကမ်းစာစောင်များအား အများပြည်သူသိရှိနိုင်ရန် လိုက်လံဖြန့်ဝေ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


**ကျော်စိုး(ကော့သောင်း)**




















# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## သူတို့မပါ ဓမ္မသာကစ္ဆာနှင့် ဗုဒ္ဓအလိုကျ ဓမ္မဆောင်းပါးများ

စာရေးသူ ဦးဆန်းလင်း(ဆည်မြောင်း) စီစဉ်ရေးသားသည့် သူတို့မပါ ဓမ္မသာကစ္ဆာနှင့် ဗုဒ္ဓအလိုကျ ဓမ္မဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

လောကတွင် လူလည်နှင့် လူရိုးဟူ၍ အုပ်စုနှစ်စုခွဲထားနိုင်ကြောင်း မှတ်သားဖူးသည်။ လူလည်သည် ဗီဇအားဖြင့် ဉာဏ်ထက်မြက်၍ အရာရာ၌ အသိအမြင်သဘောပေါက်လွယ်သဖြင့် နှစ်လိုဖွယ်ကောင်းသော်လည်း ထိုမှလွန်၍ လူလိမ်ဖြစ်သွားလျှင်ကား စက်ဆုပ်ရွံရှာ အော့နှလုံးနာဖွယ် ဖြစ်သွားတော့သည်။ လူရိုးသည် ရိုးသားခြင်းဟူသော အရည်အချင်းဖြင့် နှစ်လိုဖွယ်ကောင်းသော်လည်း ထိုမှလွန်၍ လူအဖြစ်သွားလျှင် အလွန် စိတ်ပျက်စရာကောင်းလှသည်။

စာအုပ်ကိုရွှေရည်ဦးစာပေ၊ အမှတ်-၃၈၃၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၆၀၀ဖြင့် ဖြန့်ချိသည်။





## နိဗ္ဗာန်

စာရေးသူ ဉာဏ်ပွင့်အောင်(ကွမ်းခြံကုန်း) စီစဉ်ရေးသားသည့် နိဗ္ဗာန် စာအုပ်ထွက်ရှိလာသည်။

နိဗ္ဗာန်ကို အာရုံပြုခြင်းမှာ ဖောက်ထွင်းသိမြင်မှု အားကောင်းစေသော အကျိုးရရှိစေရန်အတွက် ချုပ်ဆဲ ချုပ်တာမှန်သမျှ ခန္ဓာမှာဖြစ်တယ်။ လောဘ၊ ဒေါသ၊ မောဟတို့ဖြစ်တာ ခန္ဓာပါ။ နိဗ္ဗာန်ဟာ နဂိုတည်းက ခန္ဓာနဲ့မဆိုင် သီးခြားရှိနေတဲ့ အမတဓာတ်ဖြစ်၍ ချုပ်စရာကိစ္စမရှိပါ။ ခန္ဓာပြင်ပဖြစ်၍ ခန္ဓာမှာပင် ချုပ်သော သဘောတရားဟာ နိဗ္ဗာန်မဟုတ်ကြောင်း သတိမူကြလေ။ ချုပ်ကြောင်းရေးသော ပရိယတ်ဓမ္မတိုဟာ ပရိနိဗ္ဗာန်ကိုဆိုကြောင်း မှတ်ကြလေဟု အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို ကံ့ကော်မြိုင်စာပေ၊ အမှတ်-၇၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၅၁၁၅၆၀၉၀မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။




## အတွေးခေါင်မိခြင်း

စာရေးသူ အောင်ကျူး စီစဉ်ရေးသားသည့် အတွေးခေါင်မိခြင်း စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အမှုမဲ့အမှတ်မဲ့အလွဲများ၊ မလိုလားအပ်တဲ့ဖိအားတွေ၊ ထင်သာမြင်သာတဲ့အချက်များ၊ မြန်မာမှုစံနှုန်းနဲ့ တန်ဖိုးများ၊ လက်ဦးဆရာ၊ ပွဲ့ကိုင်တာလား ကြိုးကိုင်တာလား၊ တွန်းအားမှသည် ဖိအားဖြစ်၊ ပွဲ့ကိုင်လမ်းညွှန် ပေးရာက တစ်ဆင့်၊ ပန်းခြံထဲက ဖြစ်ရပ်ကလေးတစ်ခု၊ အသေးအဖွဲ့ကိစ္စဆိုပေမယ့် စိန်ခေါ်မှုတွေရဲ့အခြေခံအချက်၊ နည်းမှန်လမ်းမှန် ချစ်တတ်ကြစို့ စသည့် အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို ခင်မြတ်သူစာပေ၊ ဖုန်း-၀၉ ၉၆၄၀၈၂၁၆၄နှင့် ၀၉ ၇၃၀၈၂၁၆၄မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။



## မောင်ပိုက်ခြံ၏ ကလေးတေးကဗျာများ

စာရေးသူ မောင်ပိုက်ခြံ စီစဉ်ရေးသားသည့် ပျူစောထီးမှသည် ဗိုလ်ချုပ်အောင်ဆန်းသို့ ကလေးတေးကဗျာများစာအုပ် ထွက်ရှိလာသည်။

ကလေးတေးကဗျာများကို ရေးသားကြရာတွင်လည်း မြန်မာနိုင်ငံ၌ရှိပြီး ဖြစ်သော မူလကလေးတေးကဗျာများ၏ သဘောအတိုင်း သံစုံစနစ်ဖြင့် ဖြစ်စေရန်၊ အသံတစ်မျိုးတည်းပေါ်တွင်သာ အားပြုထားသော အသံသေနစ် မဖြစ်စေရန်တို့ကို ရည်ရွယ်ခဲ့သည်။ စာရေးသူသည် ဘဝ၏ ကောင်းမှုတစ်ခု၊ ကလေးများအတွက် ကောင်းမှုတစ်ခုကို မြန်မာကလေးတေးကဗျာများ အတွက် ကောင်းမှုတစ်ခုကိုစွမ်းအားရှိသမျှ အားထုတ်ကာ လက်ဆင့်ကမ်း လိုက်ခြင်းဖြစ်သည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။





## ရွေးကောက်ပွဲနီးလာချိန်ဆိုတော့ နိုင်ငံရေးကို ခေါက်မိမှဖြစ်မယ်

စာရေးသူ အံ့မောင်စီစဉ်ရေးသားသည့် ရွေးကောက်ပွဲနီးလာချိန်ဆိုတော့ နိုင်ငံရေးကို ခေါက်မိမှဖြစ်မယ် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တိုင်းပြည်အပေါ်သစ္စာ၊ ပြည်သူအပေါ်မေတ္တာ၊ ဟိုတုန်းက တက္ကသိုလ်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း သူ့နှလုံးသား သူ့ရှုန်းအား သူ့ပခုံးများ၊ သမ္မာသကေ်ပွေါ စိတ်ရှည်ခြင်းမေတ္တာတရား ကျင့်ပွားကြပါ၊ ရိုးသားခြင်းရဲ့ မွေးရနံ့သေခြင်းကိုကျော်လွန်သွားတယ်၊ စာအုပ်ဈေးရောင်းပွဲတော်မှာ စာအုပ်ကောင်းတွေတွေ့ရတယ်၊ စာပေဝေဖန်ရေးလုပ်ကြရင်း မြန်မာစာပေ ပိုတိုးတက်ဦးမယ် စသည့် စိတ်ဝင်စားဖွယ်များကိုရေးသားထားသည်။

စာအုပ်ကို ယဉ်မျိုးစာပေဖုန်း-၀၉ ၇၃၂၀၁၅၈၆မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။





## ဝိုင်အမ်ဘီအေ ဒီရေအနိမ့်အမြင့်

စာရေးသူ တီမိုးအေး(ကျန်းမာ) စီစဉ်ရေးသားသည့် ဝိုင်အမ်ဘီအေ ဒီရေအနိမ့်အမြင့် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြန်မာတို့၏ သမိုင်းနောက်ခံအခြေအနေ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းပေါ်ထွက်လာခြင်း၊ ဝိုင်အမ်ဘီအေအသင်းနှင့် မြန်မာ့နိုင်ငံရေးပြဿနာ၊ မုန်တိုင်းထန်ထန် ဒီရေကြမ်းကြမ်း ကြုံတွေ့ခဲ့ရသည့် ပြည်သူဘဝ၊ မြန်မာစာပေတိုးတက်ပြန့်ပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဝိုင်အမ်ဘီအေ အသင်း၏ ဘာသာ၊ သာသနာရေးဆိုင်ရာဂုဏ်ပြုထိုက်သူတစ်ဦး စသည်တို့ကို ရေးသားထားသည်။

ကိုနေမျိုးမြင့် အမှတ်-၅၅/၇(အေ)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၄၅၀၀၀၆၈၃၂နှင့် ၀၉၇၉၈၈၈၀၄၈၂တို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ဖြင့် ဖြန့်ချိသည်။





## မျောက်တရားသူကြီးနှင့် အခြားပုံပြင်များ

စာရေးသူဇာနီအောင် (ရမ္မာဝတီ) ရေးသားပြုစုသည့် မျောက်တရားသူကြီးနှင့် အခြားပုံပြင်များစာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် မျောက်တရားသူကြီး၊ သတ္တိနဲ့ ဗျူဟာ၊ ရောမကျေးဇူးရှင်၊ လိပ်ကပေးတဲ့ပညာ၊ မျောက်ကပေးတဲ့သုတ၊ ဘဝဥပမာ၊ ချစ်မောင်နှမ၊ တကယ့်သား၊ သူ့စေတနာနဲ့သူ၊ အစစ်အမှန်၊ အဖေ့အတွက်၊ အသွားနဲ့အပြန် စသည့် ဗဟုသုတရဖွယ်ပုံပြင်များကို နွေရာသီကျောင်းပိတ်ရက်တွင် ကလေးသူငယ်များ ဖတ်ရှု၍ လိမ္မာစေရန်ရည်ရွယ်ရေးသားထားသည်။

စာအုပ်ကို သွန်းဝတီဦးစာပေ၊ အမှတ်-၂၂၉၊ လမ်း-၃၀(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၃၁၀၅၂၅၄၉မှ တန်ဖိုးငွေကျပ် ၆၀၀ဖြင့် ဖြန့်ချိသည်။




## မစ္စတာမောင်မှိုင်း၏ဒေါင်းဋီကာသစ် နှစ် ၁၀၀ပြည့်

မစ္စတာမောင်မှိုင်း၏ဒေါင်းဋီကာသစ် နှစ် ၁၀၀ ပြည့် စာအုပ် စတုတ္ထအကြိမ်အဖြစ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဆရာကြီးသည် လွတ်လပ်ရေးကိုအရေးဆိုရာ၌ ပြည်သူက အုံကြွထောက်ခံကြဟူ၍တိုက်တွန်းထားရာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကိုယ်ပိုင်ဟန်ဖြစ်သော စကားဖန်တစ်လှည့်၊ တေးကဗျာတစ်လှည့်နှင့် အရေးအသား၊ ကျမ်းကိုးများအပါအဝင် ရာဇဝင်ပုဂ္ဂိုလ်ကျော် ၁၁၂ဦးနှင့် စာပြုစာဆိုပုဂ္ဂိုလ်တို့ အကြောင်းရေးသားထားပြီး မြန်မာရာဇဝင်နှင့် မြန်မာစာပေအတွက် အရေးပါ အရာရောက်သဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ဖြစ်သည်။

စာအုပ်ကို မဟာမှိုင်းစာပေ၊ အမှတ်-၅၊ ချမ်းသာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။

# မဟာအောင်မြေ၊ လှိုင်လင်နှင့် ရပ်စောက်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၃ ရက်မွန်းလွဲပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် လမ်း(၄၀) နှင့် (၄၁)လမ်းကြား၊ (၆၁)လမ်းတွင်တွေ့ရှိသည့် Crow အမျိုးအစားယာဉ်နှင့် ဆိုင်ကယ်တစ်စီးတို့ကို ရှာဖွေရာ ယာဉ်ပေါ်တွင် တုံရှီကောင်း၊ စောကွမ်(ခ)ဇော်မင်းငွေနှင့် ကျော်ပိုင်ဟိန်းတို့အားတွေ့ရှိရပြီး ယာဉ်ပေါ်မှ ကက်တမင်း ၄ ဒသမ ၇၅ ကီလိုနှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် မိုင်းပွန်-တောင်ကြီး သွားကားလမ်း ပွန်ချောင်းတံတားအနီးတွင် စိန်ဝင်းထွန်း(ခ)ကျောက်စိမ်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မေ ၂ ရက် ညပိုင်းက ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် လွယ်ကိုးကျေးရွာနေ စိုးမောင်၏တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၆၅ ပြား၊ ငွေကျပ် ၆၈၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



တုံရှီကောင်း၊ စောကွမ်(ခ)ဇော်မင်းငွေ၊ ကျော်ပိုင်ဟိန်းတို့အား သိမ်းဆည်းရမိသည့် ကက်တမင်းများနှင့်အတူ တွေ့ရစဉ်။



# ရေကြည်မြို့နယ်၌ တရားမဝင်သစ် တင်ဆောင်လာသော စက်လှေသုံးစင်း သိမ်းဆည်းရမိ

**ရေကြည် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းနယ်မြေရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ငဝန်မြစ်အတွင်းမှ တရားမဝင်သစ်တင်ဆောင်လာသော စက်လှေသုံးစင်းအား မတ် ၃၀ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အရ ငါးသိုင်းချောင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သန့်ဇင်မောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်မျိုးလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရေကြည်မြို့နယ်သစ်တောဝန်ထမ်းများ၊ ရေကြည်မြို့မရဲစခန်းမှ ဒုရဲအုပ်မောင်မောင်ကျော်၊ ကမ်းနီရဲကင်းမှ ရဲအုပ် ဇော်မင်းဦး၊ ရွှေဆောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ နွားကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ညောင်မှော်ကျေးရွာ အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ငဝန်မြစ်ကြောင်းတစ်လျှောက် တရားမဝင်သစ်များ သယ်ဆောင်နေကြောင်းသတင်းအရ လိုက်လံဖမ်းဆီးရန် ထွက်ခွာလာစဉ် ရေကြည်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ငဝန်မြစ်ကမ်းစပ်၌ စက်လှေတစ်စင်းရပ်ထားသည်ကိုတွေ့ရှိ၍ စစ်ဆေးရာ သစ်သားစက်လှေအတွင်းမှ တောင်သရက်သား ၇၁ ချောင်း (၁၃ ဒသမ ၀၉၄၆ တန်ခန့်)သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ သစ်သားစက်လှေအတွင်းမှ တောင်သရက်ခွဲသား ၇၁ ချောင်း (၁၆ ဒသမ ၂၁၄၀ တန်)၊ ဒွါရစုကျေးရွာအနောက်ဘက် ငဝန်မြစ်အတွင်း စက်လှေပေါ်မှ တရားမဝင် တောင်သရက် ၁၆၉ ချောင်း(၃၅ ဒသမ ၁၁၇၂ တန်ခန့်) စုစုပေါင်း အခြားခွဲသား ၃၁၁ ချောင်း(၆၄ ဒသမ ၄၂၅၈ တန်)နှင့် စက်လှေသုံးစင်း သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

# ဖားကန့်မြို့နယ်၌ မြေစာပုံတွင်ကျောက်ရှာဖွေသူတစ်ဦး ကျောက်တုံးထိမှန်သေဆုံး

**ဖားကန့် မေ ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ယနေ့ နံနက်ပိုင်းက စွန့်ပစ်မြေစာပုံတွင် ကျောက်ရှာဖွေနေသူတစ်ဦး ကျောက်တုံးထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီခန့်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု အောက်မက်လင်ချောင်းကျေးရွာအနီးရှိ စွန့်ပစ်မြေစာပုံတွင် အမြင့်ပေ ၂၀၀ ခန့်မှ အလေးချိန် ပိဿာ ၃၀ ခန့်ရှိ ကျောက်တုံးတစ်တုံး ပြုတ်ကျခဲ့ရာမှ မြေစာပုံအောက်ခြေတွင် ရေမဆေးကျောက်ရှာဖွေနေသူ ဆိပ်မူကျေးရွာအုပ်စု ဖားပြင်ကျေးရွာနေ ဦးဝင်းမောင်အားထိမှန်ကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။



သေဆုံးသူရုပ်အလောင်းအား မမုံကျေးရွာ လူမှုကူညီရေးအသင်းယာဉ်ဖြင့် ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၇၂၂ စီး၊ သွင်းကုန် ၁၇၇၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ သန်း)တန်ဖိုးရှိ Toyota Kluger အမျိုးအစား တရားမဝင်လိုင်စင်မဲ့ယာဉ်တစ်စီးအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မင်းလှမြို့နယ်၌ ခိုးမှုကျူးလွန်သူအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှု ထပ်မံပေါ်ပေါက်

**နေပြည်တော် မေ ၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရေနံမနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက် ည ၈ နာရီက ရေနံမနယ်မြေရဲစခန်း (ပ)၃၀/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉/ကျင့် ၅၄ အမှုမှ တရားခံ အေးမင်းစိုး(ခ) ကိုကိုနိုင်အား စစ်ဆေးရာ ၎င်းသည် ငဖဲမြို့နယ် စည်သာကျေးရွာ ဘုန်းကြီးပျံပွဲရှိ ဆိုင်ကယ်ရပ်နားရာနေရာမှ ဆိုင်ကယ်တစ်စီးအား ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ရေနံမနယ်မြေရဲစခန်းက ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မင်္ဂလာဒုံမြို့နယ်၌ နှစ်လုံးထီလောင်းကစား ပြုလုပ်သူအား အမှုဖွင့်အရေးယူထား

**နေပြည်တော် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဈေးရပ်ကွက် ယူကလစ်လမ်းနေ ကျော်ဇေယျာညွန့်၏နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မေ ၃ ရက် ညနေ ၃ နာရီခွဲတွင် ထောက်ကြန့်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ကျော်ဇေယျာညွန့်အား နေအိမ်တွင်တွေ့ရှိရပြီး နေအိမ်အတွင်းမှ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ၎င်းအား ထောက်ကြန့်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# တွံတေးမြို့နယ်၌ ဖဲလောင်းကစား ပြုလုပ်သူများအား အမှုဖွင့်အရေးယူထား

**နေပြည်တော် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာအရှေ့တောင်ဘက် အုန်းပင်ချောင်း အနောက်ဘက်ကမ်းရှိ လမုပင်အောက်တွင် ဖဲလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ မေ ၃ ရက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် တွံတေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးရာ အဆိုပါ လမုပင်အောက်တွင် ဒလမြို့နယ် ငါးတန်တစ်ရာကျေးရွာနေ ဇော်ဦးပါ ၁၂ ဦးအား တွေ့ရှိရပြီး ဖဲလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၅၀၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ၎င်းတို့အား တွံတေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# တောင်ဥက္ကလာပမြို့နယ်၌ ဖဲလောင်းကစား ပြုလုပ်သူများအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်ရှိ တာချီလိတ်ဘိလိယက်ခုံဆိုင်ရှေ့လမ်းဘေး၌ ဖဲလောင်းကစားပြုလုပ်နေကြောင်းသတင်းအရ မေ ၃ ရက် ညနေ ၃ နာရီက တောင်ဥက္ကလာပမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ (၁၂)ရပ်ကွက်နေ သီဟသော်(ခ)သီဟ၊ (၁၄/၂)ရပ်ကွက်နေ အောင်ကို၊ တစ်ရပ်ကွက်တည်းနေ သူရနှင့် ဒဂုံမြို့သစ်မြောက်ပိုင်း (၃၃)ရပ်ကွက်နေ ချစ်စွာတို့အား ဖဲလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား တောင်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မန်ယူကခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်နေတဲ့ ရာကီတစ်ကို ဘာစီလိုနာအသင်းက ဈေးနှုန်းသတ်မှတ်

မန်ယူအသင်းဟာ ဘာစီလိုနာအသင်းမှ ခရိုအေးရှား ကွင်းလယ်ကစားသမား ရာကီတစ်ကို ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်လျက်ရှိပြီး ဘာစီလိုနာအသင်းကလည်း အသင်းကနေ ထွက်ခွာခွင့်ပြုမှာဖြစ်တဲ့အပြင် အဲဒီကစားသမားရဲ့ ပြောင်းရွှေ့ကြေးကိုလည်း ပေါင် ၁၇ ဒသမ ၆ သန်းသတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ ခရိုအေးရှားကြယ်ပွင့်ကစားသမား ရာကီတစ်ကိုခေါ်ယူဖို့ ကာလရှည်စောင့်နေခဲ့ရတာလည်း ဖြစ်ပါတယ်။ လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေအရတော့ မန်ယူအသင်းအနေနဲ့ ရာကီတစ်ကို ခေါ်ယူနိုင်တော့မှာလည်း ဖြစ်ပါတယ်။

ရာကီတစ်ဟာ လက်ရှိဘာစီလိုနာအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းက လာမယ့်နှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး စာချုပ်သစ်ထပ်တိုးချုပ်ဆိုဖို့လည်း မရှိဘူးလို့သိရပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရာကီတစ်ဟာ ဘာစီလိုနာအသင်းနဲ့အတူ ၂၀၁၅ ခုနှစ်က ချန်ပီယံလိဂ်ဖလားရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၈ ခုနှစ်ကလည်းခရိုအေးရှားအသင်းကိုကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲ တက်လှမ်းခွင့်ရရှိရေး စွမ်းဆောင်ပေးခဲ့တဲ့ကစားသမားလည်း ဖြစ်ပါတယ်။

ဒါကြောင့် မန်ယူအသင်းက ဘရူနိုဖာနန်ဒက်စ်ကို မခေါ်ယူခင်အချိန်အထိ ရာကီတစ်ကို ခေါ်ယူဖို့ စီစဉ်ခဲ့တဲ့အပြင် ကွင်းလယ်ကစားသမား ပေါ့ဘာ အသင်းကနေ ထွက်ခွာမယ်ဆိုရင် ရာကီတစ်နဲ့ အစားထိုးသွားဖို့ နည်းပြဆိုးရှားက စီစဉ်နေတာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းကလည်း ဘာစီလိုနာအသင်းအနေနဲ့ နေမာကိုပြန်လည်ခေါ်ယူမယ်ဆိုရင် ကွင်းလယ်ကစားသမား ရာကီတစ်ကို ခေါ်ယူသွားမယ်လို့ ဆိုထားတာဖြစ်ပါတယ်။



❂ တိုကျိုမှ

တိုကျိုအိုလံပစ်ပြိုင်ပွဲကို ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ၂၀၂၁ ခုနှစ် ဇူလိုင် ၂၃ ရက်မှာ ကျင်းပဖို့ စီစဉ်ထားခဲ့တာဖြစ်ပါတယ်။ အဲဒီလို ကျင်းပမယ့်ရက်ကို ရွှေ့ဆိုင်းခဲ့တဲ့အပြင် ဘောလုံးကစားသမားတွေရဲ့ အသက်ကိုပါကန့်သတ်ခဲ့တာဖြစ်ပြီး အရင်ကရှိခဲ့တဲ့ နိုင်ငံကိုယ်စားပြုအသင်းတွေထဲမှာ တစ်သင်းကို ကန့်သတ်အသက်ကျော်လွန်တဲ့ ကစားသမားသုံးဦးကို ပါဝင်ကစားခွင့် ပေးထားဖို့လည်း ရှိနေတာ ဖြစ်ပါတယ်။ လာမယ့်နှစ်ထဲမှာ ကျင်းပမယ့် အိုလံပစ်ပြိုင်ပွဲမှာ အမျိုးသားဘောလုံးသမားတွေရဲ့ အသက်ကို ကန့်သတ်ခဲ့ပေမယ့် အမျိုးသမီးဘောလုံးသမားတွေရဲ့အသက်ကို ကန့်သတ်ခဲ့ခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် – စုစည်းသည်




၂၀၁၉ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် တတိယရခဲ့သည့် MIU အသင်း။

# အာဆီယံအဆင့် ဖူဆယ်ပြိုင်ပွဲများ၊ ယူ-၁၅ အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို ပုံမှန်အတိုင်းကျင်းပနိုင်ရန် ဆောင်ရွက်

ရန်ကုန် မေ ၄

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဩဂုတ်လအထိ ကျင်းပမည့်ပြိုင်ပွဲများကို ရွှေ့ဆိုင်းထားသော်လည်း နှစ်ကုန်ပိုင်းတွင် ကျင်းပရန်စီစဉ်ထားသည့် အာဆီယံအဆင့် ဖူဆယ်ပြိုင်ပွဲနှစ်ခု၊ ယူ-၁၅ အမျိုးသမီးဘောလုံးပြိုင်ပွဲ နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲတို့ကို ပုံမှန်အတိုင်းကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာဆီယံဆုဇူးကီးဖလားပြိုင်ပွဲကို ပုံမှန်အတိုင်းကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသလို စက်တင်ဘာတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲနှင့် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်းကျင်းပရန် စီစဉ်ထားသည့် အာဆီယံဖူဆယ်ပြိုင်ပွဲ၊ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာဆီယံသဲသောင်ပြင်ဘောလုံးပြိုင်ပွဲတို့ကို သတ်မှတ်ထားသည့်ရက်များအတိုင်း ကျင်းပနိုင်ရန် မျှော်မှန်းထားခြင်းဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လူငယ်အမျိုးသမီးပြိုင်ပွဲများအနက် ယူ-၁၅ ပြိုင်ပွဲကို ၂၀၁၉ ခုနှစ်က ယူ-၁၆ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီး မြန်မာအသင်းသည်အောင်မြင်မှုမရဘဲ အုပ်စုအဆင့်မှထွက်ခဲ့ရသည်။

၂၀၁၉ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး ၂၀၁၉ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင်မူ မြန်မာကလပ် MIU အသင်းသည် တတိယဆုရရှိခဲ့သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ပြိုင်ပွဲ ကိုးပွဲကျင်းပရန် စီစဉ်ထားပြီး မေလမှ ဩဂုတ်လအထိ ကျင်းပမည့် အာဆီယံ ယူ-၁၆ အမျိုးသားပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ အမျိုးသားပြိုင်ပွဲ၊ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲနှင့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတို့ကို ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရွှေ့ဆိုင်းထားပြီး နှစ်ကုန်ပိုင်းမှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် နှစ်ကုန်ပိုင်းတွင် ပြိုင်ပွဲများပြန်လည်ကျင်းပနိုင်ရန် မျှော်မှန်းထားပြီး ကိုရိုနာဗိုင်းရပ်စ်အခြေအနေအပေါ် မူတည်နေသည်။ အရှေ့တောင်အာရှနိုင်ငံအားလုံးတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသောကြောင့် အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ငါးလအတွင်း ကျင်းပရန်ရှိသည့် ပြိုင်ပွဲအချို့ကို ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ပြိုင်ပွဲများအနက် အာဆီယံ သဲသောင်ပြင်ဘောလုံးပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲများတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အာဆီယံသဲသောင်ပြင်ဘောလုံးပြိုင်ပွဲကိုလည်း အခြေအနေအပေါ်မူတည်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းရှိ၊ မရှိ ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဟန်ဆီဖလစ် ၂၀၂၃ ခုနှစ်အထိ စာချုပ်သစ်ချုပ်ဆို

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းရဲ့ နည်းပြဟန်ဆီဖလစ်ဟာ ၂၀၂၃ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

အသက် ၅၅ နှစ်အရွယ်ရှိ ဟန်ဆီဖလစ်ဟာ နီကိုကိုဗက်ရဲ့ လက်ထောက်နည်းပြဘဝနဲ့ အခုနှစ်ဘောလုံးရာသီအစမှာ ရှိနေခဲ့တာဖြစ်ပြီး နိုဝင်ဘာ ၃ ရက်က ဘိုင်ယန်မြူးနစ်အသင်းက နီကိုကိုဗက်ကို ထုတ်ပယ်ခဲ့ပြီးနောက်မှာ ယာယီနည်းပြအဖြစ် တာဝန်ယူခဲ့ရတာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းကို ၂၁ ပွဲမှာ ၁၈ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့အတွက် ယာယီနည်းပြအဖြစ်ကနေ အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ ၂၀၂၃ ခုနှစ်အထိ မြူးနစ်မြေမှာ ဆက်ရှိနေမယ့် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။



❖ ကျောဖုံးမှ

မွန်ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပိုးသတ်ဆေးဖျန်းခြင်းအပြင် ပင်စင်လစာထုတ်ယူကြသည့် အငြိမ်းစားဝန်ထမ်းများ၊ ဘဏ်နှင့် ဆက်သွယ်သူများ၊ ငွေသွင်း/ငွေထုတ် လာရောက်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်းတို့ကို အစိုးရရုံးဖွင့်ရက်များတွင် ဆောင်ရွက်ပေးလျက်ရှိပြီး ဘဏ်အဝင်ဝတွင် လက်များသန့်စင်စွာ ဆေးကြောနိုင်ရန်အတွက် လက်ဆေးဆပ်ပြာရည်နှင့် လက်ဆေး ဘေစင်များကိုလည်း ထားရှိဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**

✻ မြဝတီမှ


ထိုသို့ ဆောင်ရွက်ရာတွင် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးထိန်လင်းအောင်က စောစောပြောမိုဘိုင်းအပလီကေးရှင်းစနစ်၏ ဖုန်းတွင်ရယူပုံ၊ ရည်ရွယ်ချက်များနှင့် အသုံးပြုပုံများကို ကန့်သတ်စောင့်ကြည့်စခန်းရှိ ကြီးကြပ်သူများအား တစ်ဆင့်ရှင်းလင်းပြောပြပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကိုရိုနာဗိုင်းရပ်စ်ရောဂါ(ကိုဗစ်-၁၉) အသက်ရှူလမ်းကြောင်းဆိုင်ရာ အသိပညာပေးပိုစတာကပ်ခြင်းများလည်း ဆောင်ရွက်ခဲ့သည်။

**သတင်းပို့နိုင်သည့်စနစ်ဖြစ်**

အဆိုပါ မိုဘိုင်းအပလီကေးရှင်းစနစ်သည် ကန့်သတ်ခံထားရသူတစ်ဦးအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို လိုက်နာဆောင်ရွက်နေသည့်ကာလအတွင်း မိမိတို့၏ကျန်းမာရေးအခြေအနေကို မိုဘိုင်းအပလီကေးရှင်း ဖုန်းမှတစ်ဆင့် သတင်းပို့နိုင်သည့်စနစ်ဖြစ်ကြောင်းနှင့် မြဝတီမြို့ရှိ ကျန်ရှိသော ကန့်သတ်စောင့်ကြည့်စခန်းများတွင်လည်း အသိပေးရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ပင့်ခ်နဲ့ သားဖြစ်သူတို့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရ

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ပင့်ခ်က သူနဲ့ အသက် သုံးနှစ်အရွယ် သားဖြစ်သူတို့ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၃ ရက်မှာ ပင့်ခ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း ရေးသားဖော်ပြခဲ့တာပါ။ ပင့်ခ်ရဲ့ ဖော်ပြချက်အရ သူနဲ့ သားဖြစ်သူတို့ဟာ လွန်ခဲ့တဲ့ သီတင်းပတ်နှစ်ပတ်ခန့်ကတည်းက ရောဂါလက္ခဏာတွေကို ခံစားခဲ့ရကြောင်း၊ စမ်းသပ်စစ်ဆေးခဲ့ရာမှာ ကူးစက်ခံထားရသည်ကို တွေ့ရှိခဲ့ရကြောင်းနဲ့ နေအိမ်မှာပင် ကုသမှုတွေ ခံယူနေကြောင်း ဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

ကုသမှုတွေ ခံယူခဲ့ပြီးနောက်ပိုင်းမှာ ပြန်လည်ကျန်းမာလာခဲ့ကြောင်းနဲ့ လတ်တလောမှာတော့ ပြန်လည်စမ်းသပ်စစ်ဆေးခဲ့ရာ ရောဂါပိုးမတွေ့ရှိကြောင်း ပြသခဲ့တာကြောင့် ပြန်လည်ကောင်းမွန်လာခဲ့ပြီဖြစ်ကြောင်းလည်း တစ်ပါတည်း ရေးသားဖော်ပြခဲ့ပါတယ်။

# ဂျန်ကန်ဆွတ်ဘက်တွင် ရပ်တည်သွားမည်ဖြစ်ကြောင်း ပရိသတ်များပြောကြား



တောင်ကိုရီးယားကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျန်ကန်ဆွတ်ဟာ လတ်တလောမှာ မိခင်ဖြစ်သူ ပိုင်ဆိုင်တဲ့ အေဂျင်စီနဲ့ လမ်းခွဲခဲ့ကာ အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မိခင်ဖြစ်သူဟာ လက်ရှိမှာ ပြဿနာတွေနဲ့ရင်ဆိုင်နေရပေမယ့် မင်းသားရဲ့ ပရိသတ်အဖွဲ့ကတော့ သူ့ဘက်ကနေ ရပ်တည်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျန်ကန်ဆွတ်ရဲ့ မိခင်ဖြစ်သူဟာ လတ်တလောမှာ တရားစွဲဆိုခံထားရပါတယ်။ သူပိုင်ဆိုင်တဲ့ ထရီးဂျေအင်တာတိန်းမန့်ဟာ ဝင်ငွေခွန်နဲ့ပတ်သက်ပြီး လိမ်လည်မှုတွေရှိခဲ့တာကြောင့် ယခုလို တရားစွဲဆိုခံထားရတာလည်း ဖြစ်ပါတယ်။

ဂျန်ကန်ဆွတ်ဟာ မိခင်ဖြစ်သူပိုင်ဆိုင်တဲ့ အေဂျင်စီအောက်မှာ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်နေရာကနေ လတ်တလော ပြဿနာတွေ ဖြစ်လာချိန်မှာ ထရီးဂျေနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာပါတယ်။ ဒီလိုအချိန်မှာ သူ့ရဲ့ပရိသတ်တွေက ဂျန်ကန်ဆွတ်ဘက်ကနေ ရပ်တည်ပေးသွားမှာဖြစ်ကြောင်း ဆိုပါတယ်။

ဂျန်ကန်ဆွတ်ရဲ့ ပရိသတ်အဖွဲ့က မင်းသားဘက်က ရပ်တည်ကြောင်း စာတစ်စောင်ကို လတ်တလောမှာ ရေးသားဖော်ပြခဲ့ကြပါတယ်။ ဒီစာထဲမှာ ပရိသတ်အဖွဲ့နဲ့ အေဂျင်စီက ဂျန်ကန်ဆွတ်အမည်နဲ့ ပြုလုပ်ခဲ့တဲ့ လှူဒါန်းမှုတွေကို ဖော်ပြခဲ့ပြီး ဂျန်ကန်ဆွတ်အပေါ် အွန်လိုင်းပေါ်ကနေတစ်ဆင့် အမုန်းစကား ရေးသားဖော်ပြမှုတွေကို အေဂျင်စီအနေနဲ့ တုံ့ပြန်ခဲ့တဲ့အပေါ် ကျေးဇူးတင်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

# အဖွဲ့ဝင်အစုံအလင်နဲ့ ဖျော်ဖြေချင်ကြောင်း လီတာ့ခ် ပြောကြား



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Super Junior ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီတာ့ခ်ဟာ လတ်တလောပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ တစ်ချိန်က အဖွဲ့ဝင်အစုံအလင်နဲ့ စင်မြင့်ထက် ဖျော်ဖြေခဲ့ရတာကို ပြန်လည်သတိရကာ အဖွဲ့ဝင်အစုံအလင်နဲ့ တေးဂီတဖျော်ဖြေပွဲပြန်လည်ပြုလုပ်လိုကြောင်း ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နယူးစ်ဝမ်းမီဒီယာက တေးဂီတခရီးသက်တမ်း ၁၅ နှစ်ခန့်ရှိခဲ့ပြီဖြစ်တဲ့ အမျိုးသားအဖွဲ့ရဲ့ ခေါင်းဆောင် လီတာ့ခ်နဲ့ လတ်တလောမှာ အင်တာဗျူးပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါအင်တာဗျူးမှာ လီတာ့ခ်က သူ့အနေနဲ့ တေးဂီတလောကအတွင်း စတင်ဝင်ရောက်ဖြစ်ခဲ့ပုံနဲ့ ခေါင်းဆောင်အဖြစ် ရွေးချယ်ခံခဲ့ရတဲ့အကြောင်းတွေကို ဖြေကြားပေးခဲ့ပါတယ်။

လတ်တလောမှာ အဖွဲ့ဝင်တွေဟာ တစ်ကိုယ်တော်လှုပ်ရှားမှုတွေ ပိုမိုလုပ်ဆောင်လာပြီး အဖွဲ့လိုက်လှုပ်ရှားမှုတွေ နည်းပါးလာတဲ့အပေါ် လီတာ့ခ်က သူ့ရဲ့အမြင်ကိုလည်း အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ ဂီတခရီးမှာ နှစ်အတော်ကြာရှင်သန်နေတဲ့ တေးဂီတအဖွဲ့ဖြစ်တဲ့ Super Junior အနေနဲ့ အဖွဲ့ရဲ့ နာမည်ကို ရှင်သန်အောင်ကြိုးစားနေသကဲ့သို့ အဖွဲ့အမည်အောက်မှာပင် တစ်ဦးချင်းစီရဲ့ လှုပ်ရှားမှုတွေကိုလည်း လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ပေါ့ပ်ကြယ်ပွင့်က ဆိုပါတယ်။

အဖွဲ့အနေနဲ့ ဂီတခရီးမှာ အခက်အခဲတွေကို များစွာ ဖြတ်ကျော်ခဲ့ရကြောင်း၊ အခွင့်အရေးရမယ်ဆိုရင် အဖွဲ့စတင်ခဲ့ချိန်ကရှိခဲ့တဲ့ အဖွဲ့ဝင် ၁၃ ဦးလုံး အစုံအလင်နဲ့ ဖျော်ဖြေရေးစင်မြင့်ထက် ပြန်လည်တက်ရောက်ခွင့်ရလိုကြောင်းလည်း လီတာ့ခ်က ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အေးပြည့်-စုစည်းသည်

# ဆမ်စမစ်သ်ရဲ့ တေးအယ်လ်ဘမ်သစ် အမည်ပြောင်းလဲ

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဆမ်စမစ်သ်က လတ်တလော ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်အကြောင်း ထင်ဟပ်စေဖို့ရာ မကြာမီ ထုတ်လွှင့်သွားမယ့် သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို အမည်ပြောင်းလဲပေးခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဗြိတိန်ပေ့ါပ်ကြယ်ပွင့် ဆမ်စမစ်သ်ရဲ့ တေးအယ်လ်ဘမ်သစ် To Die For ကို လာမယ့် မေ ၁ ရက်မှာ စတင်ထုတ်လွှင့်နိုင်ဖွယ်ရှိပါတယ်။ ဆမ်စမစ်သ်က သူ့ရဲ့တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်ကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုတွေကြောင့် ရွှေ့ဆိုင်းကြောင်းနဲ့ တေးအယ်လ်ဘမ်နဲ့ပတ်သက်ပြီး ပြောင်းလဲမှုတွေ ပြန်လည်ပြုလုပ်ထားကြောင်းလည်း သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးပြောကြားခဲ့ပါတယ်။



ဖက်ရှင်အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Suecomma Bonnie မှ ၂၀၂၀ နွေရာသီအတွက် ရည်ရွယ်ထုတ်လုပ်ထားသည့် ပစ္စည်းများအတွက် ကြော်ငြာကို လေ့စ်အိန်ဂျလိစ်တွင် ရိုက်ကူးပေးခဲ့သည့် ဆောင်းဟေကို။

# ခေါင်းဆောင်မင်းသားအဖြစ်ပါဝင်ဖို့ရာ ဆွေးနွေးနေတဲ့ လီဂွမ်ဆူ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ဟာသသရုပ်ဆောင်တစ်ဦးဖြစ်သူ လီဂွမ်ဆူဟာ လတ်တလောမှာ ရုပ်ရှင်သစ်တစ်ကားမှာ အဓိကဇာတ်ဆောင်နေရာကနေ ပါဝင်သွားဖို့ရာ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၃ ရက်မှာ လီဂွမ်ဆူရဲ့ အေဂျင်စီမှ သတင်းရင်းမြစ်တစ်ဦးက မင်းသားဟာ Gwanghwamun Jealousy Fight လို့ ယာယီအမည်ပေးထားတဲ့ ရုပ်ရှင်သစ်မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သွားဖို့ရာ ဆွေးနွေးနေကြောင်း ထုတ်ဖော်ပြောကြားလာတာပါ။ အေဂျင်စီဘက်ကလည်း လီဂွမ်ဆူဟာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ဖို့ရာ ဆွေးနွေးနေပြီး အသေးစိတ်ကိုတော့ ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိသေးကြောင်း မီဒီယာကို ပြောကြားခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ကိုထုတ်လုပ်သွားမယ့် ကုမ္ပဏီဘက်က လတ်တလောမှာ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းတွေဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုတွေကြောင့် ရပ်နားထားကြောင်း၊ ပြန်လည်စတင်သွားမယ့်အစီအစဉ်တွေကို ဆွေးနွေးနေဆဲဖြစ်ကြောင်းနဲ့ အသေးစိတ်ကိုတော့ ပြောကြားနိုင်ခြင်း မရှိသေးကြောင်းလည်း ဖြေကြားခဲ့တယ်လို့ သိရပါတယ်။

Gwanghwamun Jealousy Fight ဟာ လူလေးဦးအကြားက မနာလိုမှုနဲ့ ချစ်ခြင်းတွေအကြောင်း ဖော်ကျူးထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်းလည်း သိရပါတယ်။

## ပုသိမ်ကြီးမြို့နယ်၌ ဆည်ရေသောက်စနစ်ဖြင့် နွေစပါးများစတင်စိုက်ပျိုး

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဆည်တော်ကြီး၊ ဆည်တော်လေး ဆည်ရေသောက်စနစ်ဖြင့် နွေစပါးများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီဒေသမှာ နွေစပါးတွေစတင်စိုက်ပျိုးနေပါပြီ၊ စိုက်ပျိုးတဲ့ နွေစပါးကတော့ ရွှေသွယ်ရင်ပဲစိုက်တာများတယ်၊ သုခတို့၊ မဂျမ်းတောတို့၊ ရက်တစ်ရာမျိုးတို့လည်း စိုက်ကြတယ်၊ ဆည်ရေသောက်စနစ်နဲ့ စိုက်ပျိုးတာပါ၊ ခုချိန်မှာတော့ ပျိုးထောင်ပြီး စတင်စိုက်ပျိုးနေကြပါပြီ" ဟု ပုသိမ်ကြီးမြို့နယ် ဥယျာဉ်လေးကျေးရွာမှ စပါးစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

နွေစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် "ကျွန်တော်ကတော့ ရက်တစ်ရာမျိုးပဲ စိုက်တယ်၊ တစ်ဧကကို မျိုးစပါးသုံးတင်းလောက်ပျိုးထောင်ရတယ်၊ ပျိုးထောင်ပြီး နှစ်ပတ်လောက်ကြာရင် လယ်ထဲမှာ ရေသွင်းတာတို့၊ ထယ်ရေးပြင်တာတို့ ပြုလုပ်ပြီး စပါးခင်းထဲပြောင်းစိုက်တာပဲ၊ ရက်တစ်ရာစပါးဆိုတော့ ဝါဆို၊ ဝါခေါင်လလောက်မှာ ရိတ်သိမ်းကြပါတယ်၊ နွေစပါးက ပိုးကျမှာပဲကြောက်ရတယ်၊ ပိုးမကျရင် တစ်ဧကကို တင်း ၈၀ မှ တင်း တစ်ရာကျော်ထိ ထွက်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပုဂံခေတ်မှသည် ခေတ်အဆက်ဆက်စပါးကျီဟု တင်စားခေါ်ရသော ပုသိမ်ကြီးမြို့နယ်သည် ဆန်စပါးကို အဓိကစိုက်ပျိုးကာ ပဲ၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်၊ ကွမ်းရွက်၊ ပန်းအစရှိသော သီးနှံများကို ဆည်တော်ကြီး၊ ဆည်တော်လေးဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိရာ သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း**
**(ပြန်/ဆက်)**





## ထန်းလျှော်ကုန်ကြမ်းများ တစ်နှစ်စာအတွက်သိုလှောင်၊ ထန်းလျှော်ခွာသူများ ပုံမှန်ဝင်ငွေရရှိ

**တံတားဦး မေ ၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းတွင် ထန်းလျှော်တောင်းရက်လုပ်ရန် ထန်းလျှော်ကုန်ကြမ်းများကို တစ်နှစ်စာအတွက် ဝယ်ယူသိုလှောင်လျက်ရှိရာ ထန်းလျှော်ခွာသူများ ပုံမှန်ဝင်ငွေရရှိလျက်ရှိကြောင်း တံတားဦးမြို့နယ် ဘလဲ့ဘကျေးရွာမှ ထန်းလျှော်ခွာသူ ကိုသန်းမြင့်ဇော်ထံမှ မေ ၂ ရက် က သိရသည်။

ထန်းလျှော်ကုန်ကြမ်း ဝယ်ယူကာ ထန်းလျှော်ခွာသည့်လုပ်ငန်းကို နှစ်စဉ် တပို့တွဲလ၊ တပေါင်းလ၊ တန်ခူးလနှင့် ကဆုန်လများတွင် အများဆုံးပြုလုပ်ကြသည်။ လက်ရှိကာလ ထန်းလက်တစ်ခုလျှင် ငွေကျပ် ၅၀ နှုန်းဖြင့် ဝယ်ယူကာ ထန်းလျှော်ခွာကြရသည်။ ထန်းလက်တစ်ခုလျှင် ထန်းလျှော်သုံးဖက်(သုံးခု)ရရှိကြောင်း သိရသည်။

ထန်းလျှော်သိုလှောင်သူများမှာ ထန်းလက်များကို ဝယ်ယူကာ ထန်းလျှော်ခွာသူကို ငှားကြရသည်။ ထန်းလျှော်အငှားခွာသူများမှာ ထန်းလျှော်တစ်ရာလျှင် (ထန်းလျှော် ၁၀၀ လျှင်) ငွေကျပ်နှစ်ထောင်ရရှိပြီး နေ့စဉ်လျှော်ဖက် ၆၀၀ ကျော်ခွာပြီးသည့်အတွက် နေ့စားခ ၁၂၀၀၀ ကျော် ပုံမှန်ရရှိသည်။

ထန်းလက်များမှ ထန်းလျှော်ခွာပြီးသည့် ထန်းလက်များကို ထန်းလျှော်တောင်းရက်လုပ်ရာတွင် တောင်းအနားကွပ်အဖြစ် ပြုလုပ်ကြသည်။ လက်ရှိကာလတွင် ထန်းလျှော်တောင်းရက်လုပ်ရန်အတွက် ထန်းလျှော်ကုန်ကြမ်းများ တစ်နှစ်စာ သိုလှောင်နေသည့်အတွက် ထန်းလျှော် အငှားခွာသူများ ပုံမှန်ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## ဂန္ဓမာပန်းစိုက်ခင်းများ ခေတ်မီနည်းစနစ်များကိုအသုံးပြုကာ ရေဖျန်းပိုက်များဖြင့် စိုက်ပျိုး



**ကောလင်း မေ ၄**

ဂန္ဓမာပန်းစိုက်တောင်သူများသည် တစ်နှစ်ပတ်လုံးစိုက်ပျိုးလေ့ရှိပြီး ယခင်ကရေလောင်းခြင်း၊ ရေစက်တင်ခြင်းများကို ပြုလုပ်ကြရကာ ယခုအခါ ခေတ်မီရေဖျန်းပိုက်များကို အသုံးပြုလာကြသည်။ ရေပန်းဖြင့် ရေပေးဝေစိုက်ပျိုးမှုစနစ်တွင် ရေလေလွင့်မှုနည်းပါးကာ ထိရောက်သည်။

စိုက်ပြီးသုံးလကျော် လေးလအရောက်တွင် ပန်းများဈေးကွက်အတွင်း ရောင်းချနိုင်သည့်အနေအထားသို့ရောက်ရှိသည်။

လက်ရှိကာလတွင် ကောလင်းမြို့အနီးမှ စိုက်ခင်းများမှာ ဆန်းမား၊ ကြွေဖြူ၊ မရမ်း၊ အိုဆာမရမ်း၊ လပ်ကီး၊ သရဖီမျိုးများကို အများစုစိုက်ပျိုးကြပြီး ပန်းစိုက်ပျိုးမှုတွင် ရေဖျန်းပိုက်လိုင်းများ အသုံးပြုခြင်းဖြင့် လုပ်ငန်းတွင်ကျယ်ကာ လုပ်အားကိုလျှော့ချနိုင်ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## ကျောက်ဆည်မြို့၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးမြေစိုက်ဘုတ်တွင် ပြသ

**ကျောက်ဆည် မေ ၄**

ကိုဗစ်- ၁၉ ကူးစက်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ကျောက်ဆည်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်လည်း မေ ၃ ရက် နံနက် ၉ နာရီက ပြည်သူများ ကျန်းမာရေးအသိရှိစေရန်အတွက် ရုပ်ရှင်ဂီတအနုပညာရှင်များ၏ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများ ပြသထားသည်။

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးတွင် ယခုကဲ့သို့ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ ကျန်းမာရေး အသိပညာပေး ဓာတ်ပုံများအပြင် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မြို့မဈေးကြီးနှင့် အေးမြကြည်လင်ဈေးကြီးတို့တွင် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စာကြည့်တိုက်သို့ စာငှား၊ စာဖတ်သူများလက်ဆေးရန်အတွက် လက်ဆေးဆပ်ပြာများ၊ လက်ဆေးရေစင်များ ထားရှိပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နေ့စဉ်ထုတ်ပြန်ထားမှုများကို ပြန်လည်ကူးယူ ဖော်ပြပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**





## ရေစကြိုမြို့နယ်၌ သောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာနေပြည်သူများအား သောက်သုံးရေဖြန့်ဝေ

**ရေစကြို မေ ၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရာ မေ ၄ ရက် နံနက် ၈ နာရီက ထန်းငယ်တောကျေးရွာအုပ်စု ကျောက်လှေခါးကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရေစကြိုမြို့နယ် ကျောက်လှေခါးကျေးရွာတွင် နွေရာသီကာလ ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ယင်းနေ့နံနက်ပိုင်းက ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအဖွဲ့က ခရိုင်ကျေးလက်ဦးစီးဌာနပိုင် ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၄၈၀၀ အား လှူဒါန်းပေးခဲ့သည်။

ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဌာနခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် မြေသားမိုးရေလှောင်ကန် ပြုပြင်ခြင်းလုပ်ငန်း လေးခု၊ ရေစက်ရုံ၊ ရေကန်ပါဝင်သော စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်းလုပ်ငန်း သုံးခုနှင့် တွင်းတိမ် တူးဖော်ခြင်းလုပ်ငန်းတစ်ခု၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် အရှည် ၉၀၀၈ ပေရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတစ်ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်တင်တင်မာထံမှ သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# ကျိုက်လတ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အလှူငွေနှင့် ကျန်းမာရေးပစ္စည်းများ လှူဒါန်း



**ကျိုက်လတ် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီသို့ ရန်ပုံငွေကျပ် သိန်း ၁၂၀ နှင့် ကျန်းမာရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဂွါမိုးမြတ်မြတ်သူက ပြည်ပမှ ပြန်လာသူများ၏အခြေအနေများ၊ အသွားအလာကန့်သတ်ထားရှိမှုများ၊ စားသောက်ဆိုင်များ ဆောင်ရွက်ထားမှုများ၊ ဈေးများတွင် ပိုးသတ်ဆေးဖျန်းခြင်း အခြေအနေများကို မေးမြန်းဆွေးနွေးပြီး အသွားအလာကန့်သတ်ထားရှိမှုနှင့်ပတ်သက်၍ ငြင်းဆန်မှုများရှိပါက သက်ဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်းမှာကြားဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင်က မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၂၀ နှင့် ကျန်းမာရေးပစ္စည်းများအား ကရင်တိုင်းရင်းသားရေးရာဝန်ကြီးက ပေးအပ်လှူဒါန်းရာ မြို့နယ်မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရီရီမြင့်(ပြန်/ဆက်)

# လှိုင်းဘွဲမြို့၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး နှိုးဆော်ချက်စာစောင်များအား နံရံကပ်ပြဘုတ်၌ ပြသ

**လှိုင်းဘွဲ မေ ၄**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက် စာစောင်များအား ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ နံရံကပ်ပြဘုတ်တွင် ပြသဆောင်ရွက်ခဲ့သည်။



**ပြသဆောင်ရွက်**

အဆိုပါ မြေစိုက်နံရံကပ်ပြဘုတ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်၊ ရုပ်ရှင်သရုပ်ဆောင်များဖြင့် သင့်ကိုယ်သင် ကာကွယ်ဖို့အတွက်၊ သင့်ပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက်၊ သင့်မြို့ရွာကို ကာကွယ်ဖို့အတွက်၊ သင့်တိုင်းပြည်ကို ကာကွယ်ဖို့အတွက် အိမ်မှာပဲနေပါ၊ အပြင်မထွက်ပါနဲ့ စသည့်အသိပညာပေးနှိုးဆော်ချက်များကို သီးသန့်နံရံကပ်ပြဘုတ်ဖြင့် ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ပြသဆောင်ရွက်ထားကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# ကြိမ်ချောင်းကျေးရွာသို့ အသားကဏ္ဍဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေကျပ် သိန်း ၂၅၀ လွှဲပြောင်းပေးအပ်

**ဝန်းသို မေ ၄**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အသားကဏ္ဍဖွံ့ဖြိုးရေးအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (အသားကဏ္ဍ)ရန်ပုံငွေကျပ် သိန်း ၂၅၀ ကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကြိမ်ချောင်းကျေးရွာသို့ ယနေ့နံနက်ပိုင်းက လွှဲပြောင်းပေးအပ်ခဲ့သည်။

လွှဲပြောင်းပေးရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းတို့က ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီထံသို့ သဘောတူစာချုပ်များနှင့် စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း(အသားကဏ္ဍ)တွင် အသင်းဝင်များအနေဖြင့် နွားမွေးမြူရေး၊ ကြက်မွေးမြူရေး(ဥစားကြက်နှင့် အသားတိုး)၊ ဝက်မွေးမြူရေးနှင့် အခြားသောမွေးမြူရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်ဖြစ်ပြီး အတိုးရငွေများကို ကျေးရွာရှိ အသားကဏ္ဍအထောက်အကူပြုလုပ်ငန်းများနှင့် ကျေးရွာမှ အများသဘောတူအတည်ပြုသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာတင်လှိုင်ဝင်းထံမှ သိရသည်။

ကြိမ်ချောင်းကျေးရွာတွင် အိမ်ခြေ ၁၂၅ အိမ်၊ လူဦးရေ ၇၆၀ ရှိပြီး စီမံကိန်းလည်ပတ်ရန်ပုံငွေမှ ဝက်မွေးမြူရေးကိုသာ အဓိကထားမွေးမြူကြမည်ဖြစ်၍ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်(GAHP)စနစ်ဖြင့် မွေးမြူနိုင်ရေးအတွက် အသင်းဝင်များအား သင်တန်းပို့ချပေးပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာတင်လှိုင်ဝင်းက ပြောကြားသည်။

မွေးကြူဇင်

# သုံးခွမြို့နယ် ရပ်ကွက်များအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**သုံးခွ မေ ၄**

သုံးခွမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီမှ ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၃ ရက် ည ၉ နာရီက အမှတ် (၁)ရပ်ကွက်၊ (၃)ရပ်ကွက်၊ (၁၁)ရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့လိုက်လံဆောင်ရွက်ပေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး မြို့နယ်အဆင့်ကော်မတီအဖွဲ့ဝင်များမှကြီးကြပ်၍ မြို့နယ်စည်ပင်သာယာဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့နှင့် တကောကျေးရွာ ဖြူစင်ပရဟိတအဖွဲ့တို့ပူးပေါင်းပါဝင်ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းအား ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စည်သူလင်း(ပြန်/ဆက်)



ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်၌ ရထားဘူတာရုံများနှင့် ဗဟိုလမ်းရှိ ကားမှတ်တိုင်များအား မေ ၃ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြစဉ်။ သန္တာမေ(ပြန်/ဆက်)



# ဝင်းကြီးကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်း ပြီးစီး

**ဝန်းသို မေ ၄**

ဝန်းသိုမြို့နယ် ဝင်းကြီးကျေးရွာတွင် ရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

ဝင်းကြီးကျေးရွာ ရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဝန်းသိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်အရ ဦးစီးဌာနက ထောက်ပံ့ပေးသော ငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေအပြင် ကျေးရွာလူထုလုပ်အားများဖြင့် ကိုယ်တိုင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကွန်ကရစ်လမ်းအား အနံ ၁၄ ပေ၊ အမြင့် ခြောက်လက်မဒုဖြင့် အရှည်ပေ ၁၅၀၀ ထိရရှိအောင် ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ယင်းလမ်းဆောင်ရွက်ပြီးပါက အိမ်ခြေ ၁၇၂ အိမ်မှ အိမ်ထောင်စုဝင်များ၏ သာရေး၊ နာရေး၊ လူမှုရေး၊ စီးပွားရေးများအပြင် သင်တောအခြေခံပညာအထက်ကျောင်းခွဲတွင် ပညာသင်နေကြသည့် ကျောင်းနေအရွယ်ကလေးများအားလုံးအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

မွေးကြူဇင်

## ကြော်ငြာ၊ အသိပေးနှိုးဆော်ချက်

### မူပိုင်ခွင့်ဆိုင်ရာ ခွင့်ပြုချက်တောင်းခံခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတို့ ပူးပေါင်းကာ အောက်ဖော်ပြပါ တေးသီချင်းများအား ရိုက်ကူး ထုတ်လုပ်၍ သင်္ကြန်ကာလအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်တွင် အများပြည်သူများ ကြည့်ရှုနိုင်ရန် ထုတ်လွှင့်လိုပါသဖြင့် သုံးစွဲခွင့်ပြုနိုင်ပါရန် တေးသီချင်းများနှင့် ပတ်သက်သည့် မူပိုင်ခွင့်ရှိသူများအား မေတ္တာရပ်ခံအပ်ပါသည်။

၂။ အကယ်၍ သဘောမတူခဲ့ပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖုန်း ၀၆၇-၇၉၄၇၇၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မိုးဥ ဖုန်း ၀၉-၅၁၉၆၈၅၀ ထံသို့ ဆက်သွယ် အကြောင်းပြန်ကြားပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

#### မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်မည့် သင်္ကြန်တေးသီချင်းများ

| စဉ် | သီချင်းအမည် | တေးရေး | သီဆိုသူ |
|---|---|---|---|
| ၁ | ပျော်ခင်းသင်္ကြန် | မောင်မောင်အေး(အလင်္ကာဝတ်ရည်) | ရွှေယမင်းဦး |
| ၂ | မန်းတောင်ရိပ်ခို | မြို့မငြိမ်း | ဂရေဟမ် |
| ၃ | ချစ်စရာ့သင်္ကြန် | စောင်းလှိုင်ဝင်းမောင် | ဆောင်းနှင်းဝေဝေ |
| ၄ | သင်္ကြန်တော်ဦး | စောင်းလှိုင်ဝင်းမောင် | ကျော်သီယ |
| ၅ | နှစ်သစ်နိဒါန်း | ကျော်ဆွေ(ယဉ်ကျေးမှု) | ဖြူနှင်းခိုင် |
| ၆ | ချမ်းခိုက်ခိုက်တုန် | နန္ဒအောင် | စိမ့်နေခြည် |
| ၇ | တစ်နှစ်နှမ်းတစ်နှစ်ဆန်း | မျိုးနွယ်ဆွေ | အိုင်းရင်းဇင်မာမြင့် |
| ၈ | ကဲကြမယ်ဒီရေပွဲ | နေခြည်ကိုတင်ဦး | ဇာနည်အောင် |
| ၉ | လမ်းလျှောက်သင်္ကြန် | ခိုင်ခန့်ဇော် | ဇာနည်အောင် |
| ၁၀ | တစ်ခိုင်လုံးရွှေ | ယဉ်နွဲ့လှရွှေ | အောင်ကျော်ဆန်း |
| ၁၁ | ပုဂံကစတဲ့သင်္ကြန် | ခိုင်ခန့်ဇော် | ဇာနည်အောင် |
| ၁၂ | ချစ်စရာ့မဟာသင်္ကြန် | ကျော်ဇင်သက် | ကျော်ဇင်သက် |
| ၁၃ | အေးမြကြည်စေသင်္ကြန်ရေ | အောင်သက်ထွဏ်း | အောင်ကျော်ဆန်း |
| ၁၄ | ရွှေမန်းသင်္ကြန် | စိန်မွတ္တား | ဇာနည်အောင် |
| ၁၅ | သင်္ကြန် Non Stop<br>တူးပို့တူးပို့<br>ရွှေမန်းမာလာ<br>ရွှင်လန်းချမ်းမြေ့ပါစေ | <br>မြို့မငြိမ်း<br>မြို့မငြိမ်း<br>ခင်မောင်သန်း(တေးချစ်သူ) | ရင်ဂိုးစည်သူလွင်၊<br>ဂရေဟမ် |
| ၁၆ | ရွှေစွန်ညို | ရဲခေါင်(ရှုပ) | အောင်ကျော်ဆန်း |

## ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

ယနေ့အချိန်တွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများကို အမျိုးသားအဆင့် ဆောင်ရွက်လျက်ရှိရာတွင် တောင်သူလယ်သမားဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများ အချိန်မီဆောင်ရွက်ရန် အခက်အခဲများ တွေ့ကြုံလာနိုင်ပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်မှု မထိခိုက်စေရန်တို့အတွက် လူအင်အားအနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်ရေး၊ စိုက်ပျိုးရေးနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြရန်အလို့ငှာ စက်မှုလယ်ယာဦးစီးဌာနက စွမ်းအားရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တောင်သူဦးကြီးများနှင့် စိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် နီးစပ်ရာစက်မှုလယ်ယာစခန်းများတွင်လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့လည်းကောင်း ဆက်သွယ်အကူအညီ ရယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

ညွှန်ကြားရေးမှူးချုပ် - ၀၉ ၅၀၀၇၅၇၆<br>၀၆၇ ၃၄၃၁၂၁၀

ဒုတိယညွှန်ကြားရေးမှူးချုပ် - ၀၉ ၂၅၀၂၈၉၂၉၉<br>၀၆၇ ၃၄၃၁၂၁၂

ညွှန်ကြားရေးမှူး(လုပ်ငန်း) - ၀၉ ၄၂၂၀၀၀၂၂၁<br>
ညွှန်ကြားရေးမှူးချုပ်ရုံး - ၀၆၇ ၃၄၃၁၂၃၄<br>
စက်မှုလယ်ယာဦးစီးဌာန(လုပ်ငန်းဌာနခွဲ) - ၀၆၇ ၃၄၃၁၂၁၈<br>
တိုင်းဒေသကြီးနှင့် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနရုံးများ<br>
မြို့နယ်စက်မှုလယ်ယာစခန်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## အသိပေးနှိုးဆော်ပန်ကြားခြင်း

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း (ဗဟို)

COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလတွင် သံဃာတော်များ၊ သီလရှင်များ ဆွမ်း၊ ကွမ်း အခက်အခဲ မဖြစ်စေရန်နှင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး နှစ် (၂၅၀၀) မှ နှစ် (၅၀၀၀)တိုင်အောင် တည်တံ့ပြန့်ပွားစေရေးအကျိုးငှာ အဘိုးကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးအားရည်မှန်း၍ဆွမ်း၊ ကွမ်းအခက်အခဲရှိသည့်နိုင်ငံအနှံ့အပြားရှိရဟန်း၊ သံဃာ၊ သာမဏေ၊ သီလရှင်များအားမြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ) မိသားစုမှ နေ့စဉ် တစ်ပါးလျှင် ကျပ် (၁၀၀၀) နှုန်းဖြင့် ကပ်ရောဂါဘေး အန္တရာယ်ကင်းဝေးချိန်အထိ လှူဒါန်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီး သာသနာရေးမှူးများထံမှ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများရှိ စာရင်းများကိုရယူကာ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင်ဖွဲ့စည်းထားသည့် သာသနာ့နဂ္ဂဟအသင်းများနှင့်ပူးတွဲပြီး လှူဒါန်းမှုများအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လျှောက်ထားကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**

**အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း(ဗဟို) ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်း၀၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း - ၀၁ ၆၅၅ ၉၇၃၊ ၀၁ ၆၅၆ ၆၂၇၊**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း(ဗဟို)



# မွန်ပြည်နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**မော်လမြိုင် မေ ၄**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ် မွန်ပြည်နယ်ရုံးနှင့် ဘဏ်ခွဲ(၁)၊ (၂)တို့အား ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဘဏ် မွန်ပြည်နယ်ရုံးအား ပိုးသတ်ဆေးဖျန်းခြင်းကို မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ မေ ၃ ရက် ညနေပိုင်းတွင် ဆောင်ရွက်ခဲ့သည်။ ဘဏ်ခွဲ(၁)၊ (၂)အား ဒုတိယအကြိမ် ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက လာရောက်ဖျန်းပေးခဲ့ကြသည်။

**စာမျက်နှာ ၂၄ ကော်လံ ၄ သို့ ❖**

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၄**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေမည်ဖြစ်ပါသည်။

မေ ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည် ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

မေ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို မေလ ၁၂ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှုံပြည်ရခိုင်ပုံရိပ်အချပ်ပိုကို မေလ ၁၅ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ကြာသပတေးနေ့) တိုင်း ထုတ်ဝေသည့် ရခိုင်ရွှေမြေအချပ်ပိုကို မေလ ၁၆ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့) တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာအချပ်ပိုကို မေလ ၁၆ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေလ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

## တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်မည့် ဘောလုံးသမားများ၏အသက်ကို ၂၄ နှစ်အထိသာ လက်ခံမည်ဟု ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ကန့်သတ်

**တိုကျို မေ ၄**

လာမယ့်နွေရာသီကာလအတွင်းမှာ ကျင်းပဖို့ စီစဉ်ထားတဲ့ တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်မယ့် ဘောလုံးသမားတွေရဲ့အသက်ကို ၂၃ နှစ်ကနေ ၂၄ နှစ်အထိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကန့်သတ်လိုက်ပြီ ဖြစ်ပါတယ်။

တိုကျိုအိုလံပစ်ပြိုင်ပွဲဟာ အခုနှစ်ထဲမှာ ကျင်းပဖို့ စီစဉ်ထားတာဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ရပ်ဆိုင်းခဲ့ရပြီး လာမယ့်နှစ်မှာ ကျင်းပဖို့ ပြန်လည်စီစဉ်ခဲ့တာ ဖြစ်ပါတယ်။

**စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❂**



၂၀၁၆ ခုနှစ်က ရီယိုဒီဂျနေးရိုးတွင် ကျင်းပခဲ့သည့် အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် ဘရာဇီးအသင်းမှကစားသမားများ အောင်ပွဲခံနေစဉ်။



## မြဝတီမြို့ရှိ ရွှေမြဝတီ ကန့်သတ်စောင့်ကြည့်စခန်းတွင် စောစောပြော မိုဘိုင်းအပလီကေးရှင်းအကြောင်း အသိပညာပေး

**မြဝတီ မေ ၄**

ကရင်ပြည်နယ် မြဝတီမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကန့်သတ်စောင့်ကြည့် ခံရသူများအတွက် စောစောပြော မိုဘိုင်းအပလီကေးရှင်းစနစ်၏ ရည်ရွယ်ချက်များနှင့် အသုံးပြုပုံများကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရွှေမြဝတီ ကန့်သတ်စောင့်ကြည့်စခန်းတွင် သွားရောက်ရှင်းလင်းပြသပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂၄ ကော်လံ ၄ သို့ ✻


ကြေးမုံ ယနေ့ ဖတ်စရာ

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၁ သန်းကျော်ရှိလာ၊ ၅၈၀၀၀ ကျော် သေဆုံး — စာမျက်နှာ » ၁၂



ရန်ကုန်မြို့ရှိ ကန့်သတ်စောင့်ကြည့်စင်တာများနှင့် ဆေးရုံ၊ ဆေးခန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များအား စနစ်တကျ မီးရှို့ဖျက်ဆီး — စာမျက်နှာ » ၁၆

နှာခေါင်းစည်းတပ်ရမလား၊ မတပ်ရဘူးလား — ဆောင်းပါး စာမျက်နှာ » ၆

တရုတ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူများအား အောက်မေ့သတိရသည့် အခမ်းအနား ကျင်းပ — စာမျက်နှာ » ၁၃

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း — စာမျက်နှာ » ၁၇

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၅၊ ၂၀၂၀ (တနင်္ဂနွေနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စာတုဗ္ဗ (၁) နှစ်တာ

# သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်

သတင်းဆောင်းပါး - နိုင်လင်းကြည်၊ ဓာတ်ပုံ - ဟိန်းစည်သူ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ သာမက အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်လည်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ထို့ပြင် မြန်မာ့ရှေးဟောင်း အမွေအနှစ်များနှင့် ယဉ်ကျေးမှုလက္ခဏာများကို မပျောက်ပျက်အောင် ကာကွယ်စောင့်ရှောက်ကာ ရိုးရာဂီတနှင့် အနုပညာများဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပျံ့နှံ့စေရန် အသိပေးတင်ဆက်ဖျော်ဖြေလျက်ရှိသည်။

သာသနာတော်ဆိုင်ရာ အချက်အလက်များအရ မြန်မာနိုင်ငံတွင် ဘာသာဝင်ဦးရေ ရာခိုင်နှုန်းကို ကြည့်မည်ဆိုပါက ဗုဒ္ဓဘာသာဝင် ၈၇ ရာခိုင်နှုန်းကျော်၊ ဘုန်းတော်ကြီးနှင့် သီလရှင်ကျောင်းပေါင်း ၇၂၀၀၀ ကျော်၊ ခရစ်ယာန်ဘာသာဝင် ၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် ဘုရားရှိခိုးကျောင်း ၇၆၀၀ ကျော်၊ အစ္စလာမ် ဘာသာဝင် ၄ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဝတ်ပြုကျောင်းပေါင်း ၁၁၀၀ ကျော်၊ ဟိန္ဒူဘာသာဝင်သူည ဒသမ ၅ ရာခိုင်နှုန်းနှင့် ဟိန္ဒူဘုရားရှိခိုးကျောင်း ၁၀၀၀ ကျော်ရှိသည်။ နတ်ကိုးကွယ်မှုသည ဒသမ ၈ ရာခိုင်နှုန်းနှင့် အခြားကိုးကွယ်မှုသုည ဒသမ ၂ ရာခိုင်နှုန်းရှိသည်။

ဗုဒ္ဓဘာသာသည် နိုင်ငံသားတိုင်းရင်းသားပြည်သူအများစု ကိုးကွယ်သည့်ဘာသာဖြစ်ပြီး ဗုဒ္ဓသာသနာသည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၆၀၀ ကျော်မှစတင်ကာ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရှေးအကျဆုံးနှင့် အထင်ကရ ဘာသာတစ်ခုဖြစ်ပြီး ရဟန်းသာမဏေပေါင်း ငါးသိန်းကျော်ရှိပြီး ရဟန်းသာမဏေများနှင့်ပတ်သက်သည့် အခမ်းအနားများကို ရာသီအချိန်ကာလအလိုက် ကျင်းပပေးလျက်ရှိရာ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ကထိန်သင်္ကန်းကပ်လှူသည့် မင်္ဂလာအခမ်းအနားများကို နှစ်စဉ်မပြတ်ကျင်းပပေးလျက်ရှိသည်။

ဗုဒ္ဓဘာသာ၏ အရင်းခံရေသောက်မြစ်သည် ပရိယတ္တိသာသနာဖြစ်ပြီး ပရိယတ္တိသာသနာ တည်တံ့ခိုင်မြဲရန် အဘိဓမ္မာနှင့် ဝိသုဒ္ဓိစာမေးပွဲ၊ ပိဋကတ်သုံးပုံစာမေးပွဲနှင့် ပါဠိပထမပြန် စာမေးပွဲတို့ကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

သုတ္တန်၊ ဝိနည်းနှင့် အဘိဓမ္မာ စသည့် ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံ ဖြေဆိုနိုင်လျှင် တိပိဋကဓရဘွဲ့နှင့် ပိဋကတ်သုံးပုံ ရေးဖြေအောင်မြင်လျှင် တိပိဋကကောဝိဒဘွဲ့ ချီးမြှင့်ခဲ့ပြီး တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲများ ကျင်းပခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း သာသနဓဇအာဇာနည် ၁၅ ပါးပေါ်ထွန်းခဲ့သည်။

၂၀၁၇ ခုနှစ်တွင် သာသနဓဇအာဇာနည် တစ်ပါးပေါ်ထွန်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံဆောင်နှင့် ရေးဖြေစာမေးပွဲများတွင် သာသနဓဇအာဇာနည် တစ်ပါး ပေါ်ထွန်းခဲ့သည်။ ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓသာသနာ ကိုးကွယ်သည့် နိုင်ငံ ငါးနိုင်ငံအနက် တိပိဋကဓရ၊ တိပိဋကကောဝိဒနှင့် တိပိဋကဓမ္မဘဏ္ဍာဂါရိက ဆိုသည့် သာသနဓဇအာဇာနည်များ ပေါ်ထွန်းသည့်နိုင်ငံမှာ မြန်မာတစ်နိုင်ငံတည်းသာ ရှိသည်။

၁၉၈၀ ပြည့်နှစ် ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးက ရဟန်းသာမဏေ ငါးသိန်းကျော်ထဲကနေ ရဟန်းများကို ဆန္ဒမဲပေးရွေးချယ်ခဲ့ရာ ဗဟိုသံဃာ့ဝန်ဆောင် သံဃာတော် အပါး ၃၀၀ ပေါ်ထွန်းခဲ့သည်။ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီး ၁၁၁ ပါးက ဦးဆောင်ပြီး လက်ရှိအချိန်တွင် ဆရာတော်ကြီးများသည် သက်တော် ၉၀၊ ၁၀၀ တန်းတွင် ရောက်ရှိနေပြီဖြစ်သည်။

## ဗုဒ္ဓဘာသာကို ကမ္ဘာသို့ ပြန့်ပွား

သာသနာရေးပိုင်းတွင် သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့ရှိရာ သာသနာရေးဦးစီးဌာနသည် သာသနာတော်နှင့်ပတ်သက်သည့် စည်းကမ်းထိန်းသိမ်းရေးနှင့် ဝိနည်းဓမ္မကံကိစ္စရပ်များအပြင် ပရိယတ္တိစာမေးပွဲများ ကျင်းပရေးကို တာဝန်ယူဆောင်ရွက်ရသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့ရှိသည်။ ဗုဒ္ဓဘာသာကို ကမ္ဘာသို့ပြန့်ပွားစေရေးရည်မှန်းချက်များနှင့်အတူ အထူးသဖြင့် နိုင်ငံခြားသားရဟန်းသံဃာများ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို ဦးစားပေးသင်ကြားပေးနေသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ထားသည်။


သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

ယဉ်ကျေးမှုပိုင်းတွင် အနုပညာဦးစီးဌာနသည် အနုပညာအထက်တန်းကျောင်း(မန္တလေး)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့ရှိသည်။ ရန်ကုန်တွင် အနုပညာအထက်တန်းကျောင်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်

အထူးကဏ္ဍ [ ခ] သို့ »»



ကုန်သည်လမ်း(၃၁)လမ်းနှင့် (၃၂)လမ်းကြား၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို တွေ့ရစဉ်။

၂၀၁၇ ခုနှစ်တွင် သာသနဓဇအာဇာနည်တစ်ပါး ပေါ်ထွန်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံဆောင်နှင့် ရေးဖြေစာမေးပွဲများတွင် သာသနဓဇအာဇာနည် တစ်ပါး ပေါ်ထွန်းခဲ့သည်။ ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓသာသနာ ကိုးကွယ်သည့် နိုင်ငံ ငါးနိုင်ငံအနက် တိပိဋကဓရ၊ တိပိဋကကောဝိဒနှင့် တိပိဋကဓမ္မဘဏ္ဍာဂါရိက ဆိုသည့် သာသနဓဇအာဇာနည်များ ပေါ်ထွန်းသည့်နိုင်ငံမှာ မြန်မာတစ်နိုင်ငံတည်းသာ



၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

(ရန်ကုန်)တို့ ရှိသည်။

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)၊ (နေပြည်တော်)နှင့် (မန္တလေး)တို့ရှိသည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်များဦးစီးဌာနတွင် အမျိုးသားပြတိုက်(ရန်ကုန်)နှင့် အမျိုးသားပြတိုက်(နေပြည်တော်)တို့အပြင် ရှေးဟောင်းသုတေသနနှင့်ပတ်သက်သည့် သင်တန်းကျောင်းများကို ဖွင့်လှစ်ထားသည်။

၂၀၁၆ ခုနှစ် ဧပြီလမှစတင်ကာ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ကျိုက်ထီးရိုးစေတီတော်မြတ်နှင့် မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်များကို သိသာထင်ရှားအောင် ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်ခဲ့သည်။

“ရွှေတိဂုံစေတီတော်မြတ်ကြီးကို အစအဆုံး ပြန်လည်ပြုပြင်ခဲ့ပါတယ်။ ရွှေသင်္ကန်းကပ်ရင် ငါးနှစ်ခံပါတယ်။ သဘာဝရွှေဟာ ရာသီဥတုနဲ့ လေဒဏ်မိုးဒဏ်ကြောင့် ငါးနှစ်ပြည့်ရင် ရွှေမိုက်ပြန်ထုတ်ရပြီး အသစ်ပြန်လည်ကပ်လှူ ပူဇော်ရပါတယ်။ ရွှေမိုက်ထုတ်လို့ရတဲ့ ပမာဏ အများဆုံး ၃၀ ရာခိုင်နှုန်းဖြစ်ပြီး ကျန်တဲ့ ၇၀ ရာခိုင်နှုန်းက ရာသီဥတုဒဏ်နဲ့ လေလွင့်ဆုံးရှုံးတာတွေ များပါတယ်။ ဒီပမာဏဟာ ကုဋေပေါင်းရာချီပြီး တန်ဖိုးကြီးမားပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက ပြောသည်။

“နောင်မှာ တာရှည်ခံဖို့၊ လေလွင့်ဆုံးရှုံးမှုနည်းပါးစေဖို့ နည်းလမ်းရှာတဲ့အခါ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၂၀ ကျော် ကာလတုန်းက မင်းတုန်းမင်းရဲ့ သမီးတော်တင်လှူခဲ့တဲ့ တစ်ပေပတ်လည် ခြောက်ကျပ်သားရှိတဲ့ ရွှေစင်ရွှေပြားကို တွေ့ရပါတယ်။ အဲဒါကို အနည်းငယ်သန့်ရှင်းလိုက်တာနဲ့ ပကတိရွှေစင်လိုပဲ အရောင်ဝင်းထိန်နေပါတယ်။ ဒါကို နမူနာယူပြီး တစ်ပေပတ်လည် ခြောက်ကျပ်သားရှိတဲ့ ရွှေပြားကြိတ်စက်ရုံကို ဂျပန်နိုင်ငံကနေ မှာယူပြီး ရွှေတိဂုံစေတီတော် ပရဝဏ်အတွင်းမှာ တည်ဆောက်ပြီး ရွှေစင်ရွှေပြားတွေ သွန်းခတ်နေပါပြီ။ ငှက်ပျောဖူးတော်ကနေ ကြာမောက်ကြာလန်၊ ဖောင်းရစ် စသည်ဖြင့် တဖြည်းဖြည်းနဲ့ အောက်ခြေအထိ ကပ်လှူပူဇော်သွားမှာ ဖြစ်ပါတယ်။ ကပ်လှူပူဇော်ပြီးရင် နှစ်ပေါင်းရာချီခံမှာ ဖြစ်ပါတယ်။ နောက်စေတီတော်ရင်ပြင်မှာ ခင်းထားတဲ့ကျောက်ပြားတွေက ခေတ်ကာလအမျိုးမျိုးမှာ အလှူရှင်တွေ အပေါ်မူတည်ပြီး အဖြူရောင်၊ အညိုရောင်နဲ့ အနက်ရောင် မျိုးစုံဖြစ်တဲ့အတွက် ကျောက်ပြားတွေက နွေဆိုရင် မနင်းနိုင်ပါဘူး။ အဲဒါတွေကို ခွာပြီး နေပူခံအဖြူရောင် စကျင်ကျောက်ပြားစစ်စစ်ကို ရင်ပြင်တော်ကြီး တစ်ခုလုံးမှာ ကပ်လှူပူဇော်ခဲ့ပါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

စေတီတော်၏ ၂၀၁၉ ခုနှစ် ဘဏ္ဍာငွေစာရင်းချုပ်အရ မြန်မာငွေကျပ် ၉၀ ဘီလီယံခန့်နှင့် အမေရိကန်ဒေါ်လာ ၁၆ သန်းကျော် ရှိပြီး ဂျပန်ယန်းနှင့် ထိုင်းဘတ်တို့လည်းရှိကြောင်း သိရသည်။ အဆိုပါ ဘဏ္ဍာငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် စနစ်တကျအပ်နှံထားကြောင်း သိရသည်။ ရွှေတိဂုံစေတီတော်ကြီး၏ လိုအပ်ချက်ကို နေ့စဉ်လစဉ် အလှူငွေဖြင့် ပြည့်မီကျော်လွန်အောင် သုံးစွဲနိုင်ကြောင်း သိရသည်။

ကျိုက်ထီးရိုးစေတီတော်မြတ်သည် မြန်မာနိုင်ငံတွင် ရက်ရှည်အကြာဆုံးသော ဘုရားပွဲကျင်းပသည့် စေတီတော်ဖြစ်ပြီး ဘုရားပွဲတော်ကာလမှာ ခုနစ်လဖြစ်သည်။ ကျိုက်ထီးရိုးစေတီတော်မြတ်သို့ ဘုရားဖူးရာသီအမြင့်ဆုံးအချိန်ကာလဖြစ်သည့် ဆောင်းရာသီတွင် ပြည်တွင်းပြည်ပဘုရားဖူး ဧည့်သည် သိန်းချီလာရောက်လျက်ရှိသည်။ ထို့ကြောင့် ကျိုက်ထီးရိုးစေတီတော်မြတ်ကို သံဃမဟာနာယကအဖွဲ့၏ ဩဝါဒနှင့်အညီ ဘက်စုံပြုပြင်မွမ်းမံမှုများပြုလုပ်ခဲ့ရာ ယခုအချိန်တွင် အခမဲ့တည်းခိုနိုင်ရေး စီစဉ်ပေးထားသည့်အပြင် ဆောင်းရာသီတွင် အနွေးပေးစနစ်နှင့် နွေရာသီတွင် လေအေးပေးစနစ်တို့ကို စီစဉ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

“ဗုဒ္ဓသာသနာတော်ဟာ နိုင်ငံအတွက် ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံတဲ့ဘာသာဖြစ်ပါတယ်။ သံဃာတော်အပါး ငါးသိန်းကျော်အတွက် ဆွမ်း၊ သင်္ကန်း၊ ကျောင်းနှင့် ဆေးပစ္စည်းလေးပါးပြည့်စုံဖို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွေကို ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ပါတယ်။ ပစ္စည်းလေးပါးထဲက ဆွမ်းနဲ့ပတ်သက်ပြီး ပြည့်စုံစေဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက ဦးစီးပြီး အလှူရှင် ဒါယကာ၊ ဒါယိကာမတွေရဲ့ ကောင်းမှုနဲ့ လောင်းလှူခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံစေတီတော်မြတ်ကြီး၌ သံဃာတော်အပါး ၁၈၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ သံဃာတော်အပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်လေဆိပ်၌ သံဃာတော်အပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွေကို ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကရင်ပြည်နယ် ဘားအံမြို့ လေယာဉ်ကွင်း၌ သံဃာတော်အပါး ၅၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့သည်။

### ထာဝရငြိမ်းချမ်းရေးစေတီတော်

မြန်မာနိုင်ငံအတွက် အဓိက လိုအပ်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ရည်သန်၍ နေပြည်တော်၌ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ခဲ့ပြီး စေတီတော် ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

### နိုင်ငံတွင်းရှိ ကိုးကွယ်ရာ ဘာသာများကို ကူညီစောင့်ရှောက်ခြင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ခရစ်ယာန်ဘာသာ၊ အစ္စလာမ် ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်မှုတို့ကိုလည်း ကူညီ စောင့်ရှောက်ပေးလျက်ရှိသည်။ အဆိုပါ ဘာသာများ၏ နေ့ထူး နေ့မြတ်အခမ်းအနားများသို့လည်း ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တက်ရောက်အားပေးသည်။

### ဘာသာပေါင်းစုံချစ်ကြည်

မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုဖြစ်သည့်အတွက် ဘာသာပေါင်းစုံချစ်ကြည်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို မြို့နယ်အဖွဲ့ ၁၂၁ ဖွဲ့၊ ခရိုင်အဖွဲ့ ၄၀ နှင့် တိုင်းဒေသကြီး/ပြည်နယ် ၁၁ ဖွဲ့၊ ဗဟိုအဖွဲ့တစ်ဖွဲ့ စုစုပေါင်း ၁၇၃ ဖွဲ့အထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ဘာသာပေါင်းစုံချစ်ကြည်ပူးပေါင်းဆောင်ရွက်ရေးအနေဖြင့် လေးနှစ်တာကာလအတွင်း ညှိနှိုင်းဆွေးနွေးမှု အကြိမ်ပေါင်း ၂၅၀ ကျော် ပြုလုပ်နိုင်ခဲ့သည်။

### ဘာသာပေါင်းစုံငြိမ်းချမ်းရေး ဆွေးနွေး

ဘာသာရေးကို အခြေခံသည့် လူမျိုးရေးပဋိပက္ခ မဖြစ်ပွားရေး တားဆီးကာကွယ်နိုင်ခဲ့သည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားစေရေးအတွက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပခဲ့ပြီး RFP အဖွဲ့နှင့် ချိတ်ဆက်ကာ မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ တက်ရောက်သည့် Religion for Peace Forum ကို (၃)ကြိမ် ကျင်းပနိုင်ခဲ့သည်ကို တွေ့မြင်ရသည်။

ယင်းသို့ကျင်းပရခြင်းသည် ဘာသာပေါင်းစုံနှင့် လူမျိုးပေါင်းစုံအတွင်း ငြိမ်းချမ်းရေး၊ လူငယ်များအရေး၊ အမျိုးသမီးများကို အကာကွယ်ပြုရန်နှင့် ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရန်ဆိုသည့် ရည်မှန်းချက်များနှင့် ကျင်းပခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ယဉ်ကျေးမှုကဏ္ဍတွင် အရေးပါသည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့မှစတင်ကာ ယူနက်စကိုဝင်ရေး ဆောင်ရွက်ခဲ့ရာ စိန်ခေါ်မှုများစွာကို ဖြတ်ကျော်ခဲ့သည်။ ပုဂံဒေသသည် နှစ်ပေါင်းထောင်ချီသည့် ယဉ်ကျေးမှုအမွေအနှစ်များရှိခြင်းကြောင့် ယင်းအမွေအနှစ်

အထူးကဏ္ဍ [ ဂ ] သို့ »»»



အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် e-Library ဝန်ဆောင်မှုပေးနေမှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

များကို ထိန်းသိမ်းရန် လိုအပ်သည်။

**ပုဂံဒေသ ယူနက်စကိုဝင်ခဲ့**

အမွေအနှစ်ဒေသတွင် မြို့ရွာများ ရောထွေးနေမှုသည် သမိုင်းရေစီးကြောင်းနှင့် အတူပါလာခဲ့သည့် ကိစ္စလည်းဖြစ်သည်။ ရှေးဟောင်းယဉ်ကျေးမှုနှင့် ခေတ်သစ်မြို့ပြ ကျေးရွာများ ရောပြွမ်းနေသည့် အမွေအနှစ်ဒေသတစ်ခုဆိုရင်လည်း မှန်ပေသည်။ ထို့ကြောင့် ယူနက်စကို အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ခဲ့ရပြီး အကောင်းဆုံး ညှိနှိုင်းနိုင်ခဲ့ခြင်း၏ အကျိုးရလဒ်အဖြစ် ၂၀၁၉ ခုနှစ် ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၁၀ ရက်အထိ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ကျင်းပသည့် ကမ္ဘာ့အမွေအနှစ် ကော်မတီ အစည်းအဝေးတွင် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်ဒေသ စာရင်းဝင်အဖြစ် တရားဝင်သတ်မှတ်ခြင်းခံခဲ့ရသည်။ ယင်းမှာ ပုဂံသူပုဂံသားများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ အောင်ပွဲလည်း ဖြစ်သည်။ ပုဂံဒေသ ယူနက်စကိုဝင်ခဲ့ချိန်မှစတင်ကာ ပြည်တွင်းပြည်ပဘုရားဖူးနေ့စဉ် ထောင်သောင်းချီ တိုးတက်လာလျက်ရှိသကဲ့သို့ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာကြောင်း သိရသည်။

**မြောက်ဦးဒေသ**
**ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး**

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ဆောင်ရွက်ခဲ့သည့်အပြင် ရခိုင်ပြည်နယ်တွင် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေး နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ယူနက်စကိုတင်သွင်းမည်**

"မြောက်ဦးဒေသနဲ့ ပတ်သက်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ အဆိုပြုလွှာမူကြမ်းကို ပေးပို့နိုင်ခဲ့ပါတယ်။ အဆိုပြုလွှာမူချောကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှာ အပြည့်အစုံတင်ပြဖို့ ညှိနှိုင်းတဲ့အခါ ယူနက်စကိုဌာနချုပ်က သဘောတူခဲ့ပါတယ်။ မြောက်ဦးဒေသမှာရှိတဲ့ အလွန် သက်တမ်းရှည်ကြာလှတဲ့ အာနန္ဒစန္ဒြ ကျောက်စာကို ၂၀၁၈ ခုနှစ် ဇွန်လကတည်းက အာရှ-ပစိဖိတ်ဒေသအတွင်း ကမ္ဘာ့မှတ်တမ်း စာရင်းဝင်အဖြစ် တင်သွင်းနိုင်ခဲ့ပါတယ်။ ဒါဟာ ရခိုင်တိုင်းရင်းသားတွေနဲ့ ပြည်ထောင်စုကြီး တစ်ခုလုံးအတွက် ဂုဏ်ယူစရာအောင်မြင်မှု မှတ်တမ်းတစ်ခုဖြစ်ပါတယ်။ ရွှေတိဂုံ စေတီတော်မြတ်ကြီးကို ယူနက်စကိုတင်သွင်းမှာဖြစ်ပြီး အဆိုပြုအမွေအနှစ်စာရင်းကို ယူနက်စကိုဌာနချုပ်သို့ တင်သွင်းထားပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှင်းပြသည်။

**ရှေးဟောင်းပစ္စည်းများ စုဆောင်းထိန်းသိမ်း**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ရှေးဟောင်းပစ္စည်းအမျိုးပေါင်း ၉၆၀၀ ကျော်အတွက် ငွေကျပ် ၂၄၆၈ သိန်းကျော် ချီးမြှင့်နိုင်ခဲ့ပြီး ရှေးဟောင်းပစ္စည်းလှူဒါန်းအပ်နှံသူ ၁၈ ဦးထံမှ မြန်မာ့ယဉ်ကျေးမှု အမွေ အနှစ် ပစ္စည်းအရေအတွက် ၅၀ ကို စုဆောင်းထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ပစ္စည်းများကို မူလကတည်းက သားစဉ်မြေးဆက်ထိန်းသိမ်းထားသည်ဖြစ်စေ၊ တွေ့ရှိထိန်းသိမ်းထားသည်ဖြစ်စေ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်သို့ လာရောက်အပ်နှံမည်ဆိုပါက ရွှေဆိုလျှင် ကာလပေါက်ဈေးပေးပြီး မူလဈေးနှုန်းအပြင် ပျူခေတ်လက်ရာ၊ ပုဂံခေတ်လက်ရာ၊ အင်းဝခေတ်လက်ရာ စသည့် ခေတ်အလိုက် အနုစိတ်လက်ရာတန်ဖိုးကိုလည်း ထပ်ဆောင်းပေးလျက်ရှိသည်။ ယင်းသို့ ဆောင် ရွက်မှုကြောင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ နယ်စပ်မှ ပြည်ပကို ယိုစီးသွားမှုသည်လည်း လျော့နည်းသွားပြီဖြစ်သည်။



၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် တင်လှူပူဇော်မည့် ဌက်မြတ်နားတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

"ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ ထိန်းသိမ်းရာမှာ ပြည်သူတွေ ပါဝင်လုပ်ဆောင်နိုင်ဖို့အတွက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်တွေပါဝင်တဲ့ ရှေးဟောင်းဝတ္ထုပစ္စည်းတွေ ကာကွယ်ထိန်းသိမ်းရေးဥပဒေနဲ့ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေတို့ကို အဆင့်ဆင့် လွှတ်တော်ကိုတင်ခဲ့တဲ့အတွက် လွှတ်တော်က ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါတယ်။ လက်တွေ့ဆောင်ရွက်နိုင်ဖို့ ၂၀၁၆ ခုနှစ်မှာ နည်းဥပဒေတွေကို ထုတ်ပြန် ပြဋ္ဌာန်းခဲ့ပါတယ်။ ရှေးဟောင်းအမွေအနှစ်တွေကို ယဉ်ကျေးမှုဌာနသာမက ပုဂ္ဂလိက မြန်မာနိုင်ငံသားတွေကပါ ထိန်းသိမ်းခွင့်ကိုလည်း တရားဝင်စောင့်ရှောက်ခွင့် ရသွားပြီဖြစ်ပါတယ်။ ပြတိုက်ဖွင့်ပြီး စောင့်ရှောက်လို့ရပါတယ်။ လိုအပ်တဲ့ မှတ်ပုံတင်ခြင်းနဲ့ စာရင်းသွင်းခြင်း စတဲ့လုပ်ငန်းတွေကို ဝန်ကြီးဌာနကနေ ကူညီဆောင်ရွက်ပေးနေပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဆိုသည်။

**ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်**

၂၀၁၆ ခုနှစ် ဩဂုတ်လတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ပုဂံဒေသတွင် စေတီပုထိုးသာသနိကအဆောက်အအုံ ပျက်စီးမှုအဆူ ၃၈၉ ဆူ ရှိခဲ့သည်။ ငလျင်ကြောင့် ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အရေးပေါ်ထိန်းသိမ်းရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပ ပညာရှင်များနှင့်အတူ အနုစိတ်လက်ရာများကို ရှေးဟောင်းလက်ရာမပျက် ပြုပြင်မှုများ ဆောင်ရွက်ခဲ့သည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဆက်စပ်ဌာနများနှင့် ချိတ်ဆက်ကာ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

> **ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကို မူလကတည်းက သားစဉ်မြေးဆက်ထိန်းသိမ်းထားသည် ဖြစ်စေ၊ တွေ့ရှိထိန်းသိမ်းထားသည်ဖြစ်စေ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်သို့ လာရောက်အပ်နှံမည်ဆိုပါက ရွှေဆိုလျှင် ကာလပေါက်ဈေးပေးပြီး မူလဈေးနှုန်းအပြင် ပျူခေတ်လက်ရာ၊ ပုဂံခေတ်လက်ရာ၊ အင်းဝခေတ်လက်ရာ စသည့် ခေတ်အလိုက် အနုစိတ်လက်ရာတန်ဖိုးကိုလည်း ထပ်ဆောင်းပေးလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်မှုကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ နယ်စပ်မှပြည်ပကို ယိုစီးသွားမှုသည်လည်း လျော့နည်းသွားပြီဖြစ်**

ပြုပြင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက "ပုဂံဒေသမှာရှိတဲ့ ဘုရားပုထိုးစေတီတွေကို ပြုပြင်ရာမှာ နိုင်ငံတော်ဘဏ္ဍာငွေကို မသုံးဘဲ ပြည်တွင်းပြည်ပ အလှူရှင်တွေဆီကနေ အလှူခံပြီးပြုပြင်မယ်လို့ ကတိပြုခဲ့တဲ့အတိုင်း ပြုပြင်ခဲ့ရာ လက်ရှိမှာ ၉၅ ရာခိုင်နှုန်းကျော် ပြင်ဆင်ပြီးပါပြီ။ ၂၀၂၀ ပြည့်နှစ်အတွင်းမှာ အားလုံးပြီးသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့်ပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့ ၃၈၉ ဆူမှာ သဗ္ဗညုပုထိုးတော်ကြီး မပါပါဘူး။ ကွင်းဆင်းစစ်ဆေးတဲ့အခါ မူလအတိုင်းတည်ရှိနေတာ တွေ့ရပါတယ်။ ပြိုကျခြင်း၊ ပဲ့ကျခြင်းမရှိပါဘူး၊ ကျန်တဲ့ သာသနိကအဆောက်အအုံတွေ ပြုပြင်ရင်းနဲ့ သံသယရှိတာနဲ့ သဗ္ဗညုပုထိုးတော်ကြီးကို ခေတ်မီတိုင်းတာတဲ့ စက်ကိရိယာတွေနဲ့ တိုင်းတာခဲ့ပါတယ်" ဟု ပြောသည်။

**e-Libraryစနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် လက်ရှိတွင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို အများပြည်သူ အလွယ်တကူ သွားလာဖတ်ရှုနိုင်မည့်နေရာကို ပြောင်းရွှေ့ဖွင့်လှစ်ရန် စီစဉ်လျက်ရှိပြီး အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ကို e-Library စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

"အခုလက်ရှိ စာကြည့်တိုက်က ကမ္ဘာအေးသီရိမင်္ဂလာလမ်းသွယ်ထဲမှာ ရောက်နေပါတယ်။ လမ်းကျဉ်းပြီး ချောင်ကျပါတယ်။ မြန်မာနိုင်ငံဟာ စာကြည့်တိုက်ယဉ်ကျေးမှုနဲ့ ကင်းကွာနေခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ စာကြည့်တိုက်ဆိုတာ စာအုပ်ငှားဖတ်တဲ့နေရာ သက်သက် မဟုတ်ပါဘူး။ စာကြည့်တိုက်ဟာ သုတေသီတွေအတွက် သုတေသနပြုတဲ့ ဗဟိုဌာန၊ အဆင့်မြင့်ပညာရပ်တွေ M.A., M.Sc. ဘွဲ့၊ ပါရဂူဘွဲ့နဲ့ တခြားဘွဲ့လွန်ဘွဲ့တွေ ကျမ်းပြုစုတင်သွင်းတဲ့အခါမှာ အချက်အလက်စုဆောင်းရတဲ့ဌာန၊ ကမ္ဘာမှာရှိတဲ့ အခြား စာကြည့်တိုက်ကြီးတွေနဲ့ ချိတ်ဆက်ပြီး သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရယူနိုင်တဲ့ စနစ်တွေနဲ့ စာကြည့်တိုက်ရဲ့ ကဏ္ဍက ကျယ်ဝန်းလှပါတယ်။ ပြည်သူတွေ၊ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူတွေ အတွက် အသိပညာဗဟုသုတတွေ ဖြန့်ဝေပေးတဲ့ဗဟိုဌာနကြီးလို့လည်း ပြောလို့ရပါတယ်။ ဒါကို ဖြည့်ဆည်းပေးဖို့အတွက် မြို့လယ်မှာရှိတဲ့ ကုန်သည်လမ်းကို ပြောင်းရွှေ့ဖို့ နိုင်ငံတော်ဘဏ္ဍာငွေ လုံလောက်အောင် ချပေးထားပါတယ်။ ဒါကြောင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနကို တာဝန်ပေးပြီး နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်ဖြစ်အောင် ပြုပြင်ခဲ့ရာမှာ ရာနှုန်းပြည့် နီးပါးပြီးနေပါပြီ။ အဆောက်အအုံပိုင်းဆိုင်ရာကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူပြီး ဂျာမနီနိုင်ငံမှာ အခြေစိုက်တဲ့ မြန်မာဗိသုကာပညာရှင်တွေက လာရောက်ပံ့ပိုးတာရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

စာကြည့်တိုက်ပိုင်းဆိုင်ရာတွင် ကုလသမဂ္ဂဌာနချုပ် စာကြည့်တိုက်တွင် ဒုတိယ စာကြည့်တိုက်မှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အငြိမ်းစားယူပြီး ပြန်လည်ရောက်ရှိလာသည့် ဆရာမကြီးများက ကမ္ဘာ့အဆင့်မီစေရေး စာကြည့်တိုက်အခင်းအကျင်းများကို ဝိုင်းဝန်းကူညီပေးလျက်ရှိခြင်းကြောင့် လက်ရှိတွင် စာကြည့်တိုက်ကို ဖွင့်လှစ်ရန်အသင့်ဖြစ်နေပြီ ဖြစ်သည်။

ရန်ကုန်တွင်ရှိသည့် စာကြည့်တိုက်နှင့် နေပြည်တော်တွင်ရှိသည့် စာကြည့်တိုက်ကို e-Library စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီး ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အပါအဝင် အခြား စာကြည့်တိုက်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရေးအတွက် မကြာမီကာလတွင် e-Library စနစ်အကောင်အထည် ပေါ်လာမည်ဖြစ်သည်။

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ဂ ] မှ



၂-၄-၂၀၁၉ ရက်နေ့မှ ၈-၄-၂၀၁၉ ရက်နေ့အထိ ပထမပြန်စာမေးပွဲဖြေဆိုနေမှုကို တွေ့ရစဉ်။

### မြန်မာသမိုင်းမှန်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ချက်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် တာဝန်ယူချိန်မှစတင်ကာ မြန်မာသမိုင်းအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ယနေ့ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများသည် အနာဂတ်ကာလတွင် သမိုင်းအဖြစ်ကျန်ရစ်မည်ဖြစ်သည့်အတွက် သမိုင်းမှန်ကန်ရေးသည် အရေးပါလျက်ရှိသည်။ သမိုင်းမှန်ကန်မှသာ အနာဂတ်မျိုးဆက်သစ်များအနေဖြင့် မှန်ကန်သည့်သမိုင်းကြောင်းအပေါ် လေ့လာသုံးသပ်ပြီး အနာဂတ်ပြည်ထောင်စုကြီး ပိုမိုရှင်သန်တိုးတက်ကြီးပွားအောင် ကြိုးပမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သမိုင်းနှင့်ပတ်သက်ပြီး အလေးထားဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ ပြုပြင်မွမ်းမံတည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ "အမျိုးသားဇာတ်ရုံ(ရန်ကုန်)ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက နှစ်နိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ်နဲ့ လက်ဆောင်ပေးခဲ့တဲ့ အဆောက်အဦဖြစ်ပါတယ်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၃၀ ခန့် ရှိသွားပြီဖြစ်ပါတယ်။ အဆောက်အအုံအတွင်းမှာ တပ်ဆင်ထားတဲ့ အသံစနစ်၊ အလင်းရောင်စနစ်၊ အအေးပေးစနစ်တို့ကအစ ပစ္စည်းတွေက ခေတ်မမီတော့ပါဘူး။ ဒါကြောင့် နိုင်ငံတကာအဆင့်မီဖို့ MoU အဆင့် လက်မှတ်ရေးထိုးပြီး တရုတ်ပညာရှင်တွေကနေ အမျိုးသားဇာတ်ရုံကြီးကို အသံပိုင်းဆိုင်ရာ၊ အလင်းပိုင်းဆိုင်ရာ၊ ဇာတ်ခုံပိုင်းဆိုင်ရာ၊ လေအေးပေးခြင်းဆိုင်ရာ အပါအဝင် ထိုင်ခုံတွေကအစ ပြန်ပြင်နေပါပြီ။ ၂၀၂၁ ခုနှစ် နှစ်လယ်လောက်ပြီးမှာဖြစ်ပါတယ်။ အနုပညာနဲ့ပတ်သက်ရင် နိုင်ငံတကာအဆင့်မီ ဇာတ်ရုံတစ်ခု ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

### လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတော်အဆင့်အခမ်းအနားများနှင့် နိုင်ငံတကာအကြီးအကဲများ၏ ချစ်ကြည်ရေးခရီးအဖြစ် လာရောက်သည့်အခါ အနုပညာဦးစီးဌာနက ဖျော်ဖြေတင်ဆက်မှုအပေါ် ဧည့်သည်တော်များက နှစ်သက်ကျေနပ်ပြီး အနုပညာဦးစီးဌာန၏ တင်ဆက်မှုတွေအပေါ်မှာ ဂုဏ်ပြုချီးကျူးမှုများ ရှိခဲ့သည်။ နှစ်နိုင်ငံအကြား အနုပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုလည်း MoU လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ရန် ကမ်းလှမ်းလျက်ရှိသည်။ ထို့ပြင် အနုပညာအထက်တန်းကျောင်း(မန္တလေး)နှင့် အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)များရှိ ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်ကိုလည်း ဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သမျှ အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် အနုပညာကိုတန်ဖိုးထား မြေတောင်မြှောက်ပေးခဲ့သည့်အတွက် အနုပညာကျောင်းများမှ ကျောင်းသားသစ် စတင်ခေါ်ယူချိန်တွင် ကျောင်းမှလက်ခံနိုင်သည့် ပမာဏထက် လေးငါးဆယ်ဆမက လျှောက်လွှာတင်လာခြင်းကို တွေ့ရသည့်အတွက် အနုပညာကျောင်းများတွင် စိတ်ဝင်စားသူ၊ သင်ကြားသူ ပမာဏမှာ သိသိသာသာ တိုးတက်အောင်မြင်လာကြောင်းသိရသည်။

### နိုင်ငံသားတိုင်းလွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရရှိစေရေး

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် သာသနာရေးကဏ္ဍမှာ နိုင်ငံသားတိုင်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရရှိစေရေးနှင့် နိုင်ငံသားအများစုကိုးကွယ်ရာဖြစ်သည့် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ရေး၊ ထွန်းကားပြန့်ပွားရေးတို့ကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် တာဝန်ရှိသူများက သက်ဆိုင်ရာသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် ညှိနှိုင်းတိုင်ပင်ပြီး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

"နိုင်ငံတော်အစိုးရရဲ့ သာသနာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို တစ်ဖက်တစ်လမ်းကနေ ကျေပွန်အောင် အကောင်းဆုံးကြိုးပမ်းထမ်းဆောင်လျက်ရှိပါတယ်။ မတူကွဲပြားတဲ့ အခြားဘာသာဝင်များနဲ့လည်း ချစ်ကြည်စွာ ပူးပေါင်းပြီး ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားတွေရဲ့အကျိုးကို သယ်ပိုးနိုင်ဖို့အတွက် လိုအပ်တဲ့အဖွဲ့အစည်းတွေ ဖွဲ့စည်းပြီး ဆောင်ရွက်တဲ့အခါမှာလည်း သိသာထင်ရှားတဲ့ အောင်မြင်မှုတွေ ရရှိနေပါတယ်။ နိုင်ငံတော်က အသိအမှတ်ပြုထားတဲ့ ဘာသာသာသနာအားလုံးကို တတ်နိုင်သမျှ ကူညီပါတယ်။ ဘာသာသာသနာတွေ တစ်ခုနဲ့တစ်ခု ပဋိပက္ခမဖြစ်အောင်လည်း ပြီးခဲ့တဲ့လေးနှစ်တာကာလအတွင်းမှာ ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ဘာသာရေးကို အခြေခံတဲ့ အမုန်းစကားတွေ တားဆီးကာကွယ်ရေး ဥပဒေကြမ်း အဆင့်ဆင့်ကိုလည်း ကနဦးရေးဆွဲပေးပြီး ပြည်ထဲရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးထားတာ ရှိပါတယ်။ စွမ်းအားရှိသမျှ ထမ်းရွက်လျက်ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

ယဉ်ကျေးမှုကဏ္ဍမှာ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ မျိုးဆက်သစ်အနုပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ရိုးရာအကများ၊ ဇာတ်တော်ကြီးများကိုလည်း အများပြည်သူကြားမှာ စိမ့်ဝင်ပျံ့နှံ့နိုင်ရန် နယ်လှည့်ဖျော်ဖြေမှုများကို အခါအခွင့်သင့်တိုင်း ဆောင်ရွက်လျက်ရှိသည်။

### ရုပ်သေးပညာရပ်ကို အထူးဦးစားပေးထိန်းသိမ်း

"တစ်ဖက်ကလည်း မြန်မာ့အနုသုခုမဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲတွေကိုလည်း ပုံမှန် ကျင်းပပေးလျက်ရှိပါတယ်။ တိမ်ကောပျောက်ကွယ်သွားနိုင်တဲ့ မြန်မာ့ရိုးရာရုပ်သေးပညာရပ်တွေကို အထူးဦးစားပေးတစ်ရပ်အနေနဲ့ ထိန်းသိမ်းကြိုးပမ်းလျက်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ဆရာဆရာမတွေကို ဝန်ကြီးဌာနက တာဝန်ယူပြီး အခြေခံကဗျာလွတ်အက သင်ကြားပေးမှုကိုလည်း နှစ်စဉ်ပြုလုပ်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေကို နောင်နှစ်ပေါင်းများစွာ တည်တံ့နိုင်စေရေးထိန်းသိမ်းတယ်၊ ရှာဖွေဖော်ထုတ်တယ်။ ပြည်တွင်းပြည်ပ သုတေသီတွေနဲ့ စိတ်ပါဝင်စားသူတွေ ပူးပေါင်းပါဝင်ပြီး ထိန်းသိမ်းတာတွေ၊ စုစည်းတာတွေကိုလည်း လုပ်နေပါတယ်။ ရရှိလာတဲ့အကျိုးအမြတ်တွေကိုလည်း စီးပွားရေးလုပ်ငန်း အရင်းအမြစ်သဖွယ် ပေါ်ပေါက်လာစေဖို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

ပုဂံဒေသကို ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖြစ်ပြီးနောက်ပိုင်း သဘာဝဘေးအန္တရာယ် ဖြစ်လာမည်ဆိုပါက ကြိုတင်ပြင်ဆင်ထားမှုများနှင့်စပ်လျဉ်း၍ "သဘာဝဘေးအန္တရာယ်တွေကတော့ အနည်းနဲ့အများဆိုသလို ဖြစ်နေတာပါ။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသဟာ စစ်ကိုင်းငလျင်ပြတ်ရွေ့ကြောပေါ်မှာ ရှိတဲ့အတွက် ငလျင်ဒဏ်ကိုခံရတဲ့နေရာ ဖြစ်ပါတယ်။ ပုဂံခေတ်ကတည်းက ငလျင်ဒဏ်ခံရတာဟာ မျက်မှောက်ခေတ်မှာ ငလျင်ဒဏ်ခံရမှုက အထင်ရှားဆုံးကတော့ ၁၉၇၅ ခုနှစ်က လှုပ်ခဲ့တဲ့ငလျင်နဲ့ ၂၀၁၆ ခုနှစ်မှာ လှုပ်ခဲ့တဲ့ငလျင်တို့ဖြစ်ပါတယ်။ ၁၉၇၅ခုနှစ် ငလျင်မှာ ဘုရားပုထိုးစေတီ အများအပြားထိခိုက်မှုရှိခဲ့သလို ၂၀၁၆ ခုနှစ် ငလျင်မှာလည်း ဘုရားပုထိုးစေတီပေါင်း ၃၈၉ ဆူ ရှိခဲ့ပါတယ်။ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ဖို့အတွက် ၂၀၁၄ – ၂၀၁၅ ကတည်းကစပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒါကလည်း ယဉ်ကျေးမှုအမွေအနှစ်တွေ ရေရှည်တည်တံ့နိုင်အောင်လို့ ဖြစ်ပါတယ်။ လူသားအားလုံးက လေးစားလိုက်နာပြီး အားလုံးထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ ကမ္ဘာ့အဆင့်ရောက်အောင် ကမ္ဘာ့အမွေအနှစ်စာရင်းကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်နေစဉ်ကာလဖြစ်တဲ့ ၂၀၁၆ ခုနှစ်မှာ ၆ ဒသမ ၈ ရှိတဲ့ ငလျင်လှုပ်ခဲ့ပါတယ်။ ဘုရားပုထိုးစေတီပေါင်း ၃၈၉ ဆူရှိခဲ့တဲ့အတွက် ဒေသခံတွေ၊ ခရိုင်၊ မြို့နယ်နဲ့ သက်ဆိုင်ရာဌာနတွေ၊ ပရဟိတအဖွဲ့တွေ၊ ပညာရှင်တွေ ပူးပေါင်းပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပါတယ်။ ဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ်တွေကို နမူနာယူပြီး စနစ်တကျပြန်လည်ထိန်းသိမ်းဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယသမ္မတ(၂) ဦးဆောင်တဲ့ ဗဟိုကော်မတီနဲ့ နယ်ပယ်စုံက ပညာရှင်တွေ ပူးပေါင်းပါဝင်တဲ့အဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ထိန်းသိမ်းမှုတွေကို စနစ်တကျ ဆောင်ရွက်ခဲ့ပါတယ်။ အခုထိခိုက်မှုကြောင့် ပျက်စီးတာကို ပြုပြင်ရုံသာမကဘဲ နောင်ဖြစ်လာမယ့် ဘေးအန္တရာယ်တွေအတွက်ပါ ကြိုတင်ခန့်မှန်းပြီး ပြည်တွင်းပြည်ပ ပညာရှင်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောသည်။

### မြန်မာ့သနပ်ခါး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး

မြန်မာ့သနပ်ခါးကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး တင်သွင်းရန်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက "၂၀၁၈-၂၀၁၉ မှာ သနပ်ခါးနဲ့ပတ်သက်တဲ့ လိုအပ်တဲ့ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုး၊ ယူနက်စကိုနဲ့ပတ်သက်တဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းဆောင်တာတွေ ဆောင်ရွက်ပါတယ်။ ပြီးခဲ့တဲ့ နှစ်လလောက်က မြန်မာနိုင်ငံ သနပ်ခါးညီလာခံကို မုံရွာမြို့မှာ ကျင်းပပြီး အထူးသဖြင့် သနပ်ခါးကို မှတ်ပုံတင်ခြင်းတို့နဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ ပြီးခဲ့တဲ့နှစ်လလောက်က သနပ်ခါးပွဲတော်ကို မုံရွာမြို့မှာ ကျင်းပပြီး မြန်မာ့သနပ်ခါးအဖွဲ့နှင့်အတူ ပူးပေါင်းပြီး သနပ်ခါးနဲ့ပတ်သက်တဲ့ ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် တင်သွင်းနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ သနပ်ခါးကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းတဲ့လုပ်ငန်းဟာ တကယ်တော့ ရေးသားမှုလုပ်ငန်းလည်း လုပ်ရသလို၊ စီမံခန့်ခွဲမှုအစီအစဉ်တွေကိုလည်း ဆောင်ရွက်ရပါတယ်။ လူမှုအဖွဲ့အစည်းတွေ အတူတကွ လက်တွဲဆောင်ရွက်ရတဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက် ဌာနခွဲ၊ ဌာနစုများရဲ့ ပြတိုက်တွေမှာ သနပ်ခါးကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းမှုလုပ်ငန်းနဲ့ ဆက်စပ်ပြီး လူတန်းစားအသီးသီး ပူးပေါင်းပါဝင်အကြံပြုနိုင်ဖို့ လုပ်ငန်းဆောင်တာတွေ၊ အကြံဉာဏ်ပေးမှု၊ ဖိတ်ခေါ်မှုတွေ ဆောင်ရွက်ထားပါတယ်" ဟု ရှင်းပြသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် သနပ်ခါးကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းမှုလုပ်ငန်းစဉ်အဖြစ် နိုင်ငံအတွင်းရှိ ယဉ်ကျေးမှုပြတိုက်များ၊ အမျိုးသားပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များတွင် Quick Response(QR) Codescan ဖတ်၍ သနပ်ခါးအသုံးပြုမှုဆိုင်ရာ ဆန်းစစ်ချက်ပုံစံတွင် ပါဝင်ဆန္ဒပြုမှတ်တမ်းများ ရေးသားစေခြင်းဖြင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုအမွေအနှစ်အား ယူနက်စကိုသို့ တင်ပြနိုင်ရေး ပြင်ဆင်ထားလျက်ရှိကြောင်း သိရသည်။



၂၇-၈-၂၀၁၉ ရက်နေ့တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၌ Miss & Mister Tourism and Culture Universe Co., Ltd နှင့် ပူးပေါင်း၍ မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ရည်ရွယ်ကာ Miss & Mister Tourism and Culture Universe 2019 International Beauty Pageant ပြိုင်ပွဲကြီးတွင် ပါဝင်သော National Costume Contest (နိုင်ငံတကာရိုးရာယဉ်ကျေးမှုဝတ်စုံပြိုင်ပွဲ) ကျင်းပစဉ်။

# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဧပြီ ၅၊ ၂၀၂၀
(တနင်္ဂနွေနေ့)


ဝတ္ထုတို

■ မင်းဟိဏ်းကြယ်




**အခန်း (၁)**

အသက်ပင် ခြောက်ဆယ်ကျော်ပြီလေ။ အသက်ကြီးလာတော့ အိပ်ချိန်တွေက လူငယ်တွေလောက် မလိုအပ်တော့ဘူး။ ညဆိုညည့်နက်မှအိပ်ပျော်တယ်။ မနက်ဆိုလည်း ၄ နာရီဒေါင်ဆိုတာနဲ့ နိုးနေတတ်တယ်။ ဒါပေမယ့် လုပ်စရာအလုပ်မရှိတော့ မျက်နှာသစ်၊ ဘုရားရှိခိုး၊ တရားထိုင်ပြီး အိပ်ရာပေါ် ပြန်မှေးနေလိုက်တယ်။

မနက်လင်းရောင်ခြည်က ပြတင်းတံခါးကို ထိုးဖောက်ပြီး ဇရာကြောင့် အိုဇာနေတဲ့မျက်နှာပေါ်ကို ကျရောက်လာတယ်။ ပြတင်းတံခါးကို ဖွင့်ပြီး ခြံထဲကို ငေးကြည့်လိုက်တယ်။

ရုတ်တရက်မြင်လိုက်ရတဲ့ မြင်ကွင်းတစ်ခုကြောင့် ဦးချစ်ခိုင်ရဲ့ ရင်ထဲနွေးခနဲ ဖြစ်သွားတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ဝမ်းနည်းစိတ်က ကြည်နူးမှုကို အနိုင်ယူသွားပြန်တယ်။ ရစ်ဝဲလာတဲ့ မျက်ရည်စတွေကို ဖြူနေပြီဖြစ်တဲ့ မျက်တောင်နဲ့ ပုတ်ထုတ်ရင်း ထိုမြင်ကွင်းလေးကို မက်မောအားကျစွာ ကြည့်နေမိပြန်တယ်။

ခရေပင်ရဲ့ ခွတိုင်ကြားမှာ တည်ဆောက်ထားတဲ့ စာအိမ်လေးက သပ်သပ်ရပ်ရပ်လေး။ ဒါကိုကြည့်ခြင်းအားဖြင့် မိသားစုတစ်ခုရဲ့ စည်းလုံးမှုကို သိနိုင်တယ်မဟုတ်လား။ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ကိုယ်နေရမယ့် အသိုက်အိမ်ရာကို ညီညီညွတ်ညွတ် တည်ဆောက်တတ်တဲ့ သူတို့လေးတွေရဲ့ စိတ်ထားက လူတွေထက် ချစ်ဖို့ကောင်းမနေဘူးလား။

ကြည့်စမ်းပါဦး။ အသိုက်ထဲက ငှက်စာပေါက်လေး နှစ်ကောင်ကို အစာခွံ့နေတဲ့ ဖနီးမောင်နှံတစ်စုံ။ တစ်လှည့်စီ အစာကောက်ပြီး ခွံ့နေကြတာ မိဘတာဝန်ကျေပွန်လိုက်ပုံများ။

"ပိကျိ ... ပိကျိ"

အသံစာစာလေးတွေက မိဘတွေကို ချွဲနေတာလား မပြောတတ်။ ဦးချစ်ခိုင်ရဲ့ သားသမီးတွေလည်း တစ်ချိန်က မိဘအနားမှာ ချွဲနွဲ့ခဲ့ကြဖူးတယ်မဟုတ်လား။ သူတို့လေးတွေလို ထမင်းလက်စုံစားခဲ့ကြတယ် မဟုတ်လား။

အရင်အချိန်တွေ ပြန်မြင်ယောင်လာတော့ ထိန်းထားတဲ့မျက်ရည်တွေက ရေတံခွန်တွေလို ဒလဟောစီးကျလာရော။ အခန်းထောင့်က တိုင်ကပ်နာရီကို ကြည့်လိုက်တော့ ၈ နာရီ ထိုးတော့မလားမသိဘူး။ မျက်စိကမှုန်နေတော့ သိပ်မသဲကွဲတော့ဘူး။ မျက်ရည်တွေကို လက်ဖမိုးနဲ့သုတ်ပြီး အိပ်ရာပေါ်က မျက်မှန်ကို ကောက်တပ်ပြီး သေချာကြည့်လိုက်တော့။

၈ နာရီအတိ။

**အခန်း (၂)**

အောက်ထပ်ကို အဆာပြေစားဖို့ ဦးချစ်ခိုင် ဆင်းလာလိုက်တယ်။ ဦးချစ်ခိုင်ကိုတွေ့တော့ အိမ်အကူ ဒေါ်ထားက _

"ဘဘကြီး အဆာပြေစားတော့မလား"

ဦးချစ်ခိုင် ခေါင်းညိတ်ပြလိုက်တယ်။ ညှော်ခန်းထဲ ခဏသွားပြီး သားသမီးတစ်ယောက်တလေများ ရှိမလားအထင်နဲ့ ကြည့်ခဲ့သေးတယ်။ မတွေ့ရ။ အရာအားလုံးက ငြိမ်သက်လျက်ပါပဲ။

လေးတွဲစွာနဲ့ ထမင်းစားခန်း ပြန်လာလိုက်တယ်။ အရာအားလုံးဟာ ခါတိုင်းလိုပါပဲ။ ဒီလိုနေ့တွေကို ဖြတ်သန်းလာရတာ ရက်ပေါင်းမနည်းတော့။ တစ်ခါတစ်ခါ မသိစိတ်ကနေ သိမ်ငယ်လာတတ်တယ်။ အမြဲတမ်းလည်း တွေးမိတယ်။

"ငါဟာ သူတို့အတွက် အရေးမပါတော့ဘူးလား"

ဒီလိုတွေးတိုင်း ရလဒ်ကမသေချာခဲ့ဘူး။ အကောင်းမြင်တဲ့စိတ်၊ သားသမီးတွေကို ချစ်တဲ့စိတ်လေးတွေနဲ့ ဖြည့်တွေးပေးလိုက်တော့ ရင်ထဲပေါ့သွားတယ်။

"ဩော် ... သူတို့မအားကြလို့ ဖြစ်ပါလိမ့်မယ်လေ"

ရင်ထဲပေါ့သွားတာမှန်ပေမယ့် နေ့တိုင်းလိုလိုဖြစ်လာတော့ အားငယ်မိတယ်။ တစ်ယောက်တည်း နေလာရတာကြာတော့ ကိုယ့်ကိုယ်ကိုယ် စကားမပြောတတ်တဲ့ "အ"နေသူတစ်ယောက်လို့တောင် ထင်မိတယ်။

"ဘဘကြီး တော်ပြီလား"

ထည့်ထားတဲ့ နွားနို့ခွက်က အရာမယွင်း။ ကြော်ထားတဲ့ ပေါင်မုန့်ကြက်ဥကြော်ကလည်း ဒီအတိုင်း။ ဒေါ်ထားရဲ့အမေးကို ပြန်မဖြေဘဲ အပေါ်ပြန်တက်ခဲ့တယ်။

အပေါ်ရောက်တော့ အခန်းတံခါးပိတ်ပြီး ကက်ဆက်လေးဖွင့်ကာ ကိုယ့်ကိုယ်ကိုယ် ပျော်ရွှင်အောင် ဖန်တီးပေမယ့် အချည်းအနှီးသာ ဖြစ်ခဲ့လေတယ်။

**အခန်း (၃)**

ညနေ ၅ နာရီထိုးပြီ။ ဦးချစ်ခိုင် ညှော်ခန်းမှာထိုင်ရင်း ဂျာနယ်တစ်စောင်ကို မှုန်ဝါးစွာ ဖတ်နေလိုက်တယ်။ တစ်အိမ်လုံးကတော့ ထုံးစံအတိုင်းပေါ့။ ငြိမ်သက်လို့နေတယ်။

တခြားမိသားစုတွေဆို ရုံးဖွင့်ရက်ကလွဲပြီး ကိုယ့်အိမ်မှာပဲ အချိန်ကုန်တတ်ကြတယ်။ ပိတ်ရက်တွေကို မိသားစုအတွက်အချိန်ပေးကြတယ်ပေါ့လေ။ ဒါပေမယ့် ဦးချစ်ခိုင်ရဲ့ သားသမီးသုံးယောက်ကတော့ တစ်နေ့မှမအားသလို တစ်နေ့မှလည်း အိမ်မှာလူမစုံတတ်ကြပေ။

"တီ ... တီ"

ခြံရှေ့က ကားဟွန်းသံကို ကြားလိုက်ရပေမယ့် ဘယ်သူလည်းဆိုတာ ဦးချစ်ခိုင်မသိ။ ပြတင်းတံခါးမှာ ကာရံထားတဲ့ ခန်းဆီးလိုက်ကာကို အသာဖယ်ပြီး ချောင်းမြောင်းကြည့်လိုက်တယ်။

"ဟော။ ပြန်လာပါပြီ။ သားလတ်"

စိတ်ထဲကရေရွတ်ရင်း နဂိုနေရာ ပြန်ထိုင်ပြီး ဖတ်လက်စဂျာနယ်ကို ဖတ်မြဲတိုင်း ဖတ်နေလိုက်တယ်။

"ဒေါ်ထားရေ။ ဒေါ်ထား"

အိမ်ထဲပင်မရောက်သေး။ လက်တစ်ဖက်က အင်္ကျီကြယ်သီးကိုဖြုတ်။ ကျန်တစ်ဖက်မှာ ကိုင်ထားတဲ့ အတတ်ချီကေစ့်ကို ဒေါ်ထားအားပေးလိုက်တယ်။

"ဒေါ်ထား။ ကျွန်တော်ရေချိုးမယ်။ ထမင်းပွဲ ပြင်ထားလိုက်။ ပြီးတာနဲ့ ကျွန်တော့်ကို လာခေါ်လိုက် အပြင်သွားစရာရှိတယ်"

ပြောပြောဆိုဆိုနဲ့ အပေါ်ထပ် တက်သွားတယ်။

"ဩော်။ ငါ့သားသမီးတွေ တယ်အလုပ်ကြိုးစားကြပါလား" လို့တွေးရင်း မသိမသာလိုမ့်တက်လာတဲ့ သက်ပြင်းမောကို မှုတ်ထုတ်လိုက်တယ်။

"ဟူး"

သားလတ်ပြန်လာပြီး မကြာလိုက်ဘူး။ အငယ်ကောင်လည်း ပြန်ရောက်လာတယ်။ အငယ်ကောင်လည်း ထိုနည်းလည်းကောင်းပဲ။ စားသောက်ပြီး အပြင်ပြန်ထွက်သွားပြန်တယ်။ အဖေတစ်ယောက်လုံး ညှော်ခန်းထဲမှာထိုင်နေတာ တွေ့ရောတွေ့ကြရဲ့လားမသိ။ အဖေ့ကို ဂရုစိုက်လိုက်ကြပုံများ။

၆ နာရီထိုးခါနီးတော့။ သမီးကြီး ပြန်လာရော။

"အဖေ စားပြီးပြီလား"

တော်ပါသေးရဲ့ဗျာ။ မေးဖော်တော့ရသေး။ ဦးချစ်ခိုင် မျှော်လင့်ချက်ကြီးစွာ ပြုံးပြရင်း ထိုင်နေရာကနေ သမီးဖြစ်သူထံ ချည်းကပ်သွားလိုက်ပြီး _

"ငါ့သမီး ထမင်းစားတော့မလား။ အဖေနဲ့ အတူတူ စားကြမယ်လေ။ ငါ့သမီးကြီးကို အဖေ စောင့်နေတာ"

ဦးချစ်ခိုင် သမီးကြီးဖြစ်သူရဲ့ ပခုံးကို ပုတ်ကာ ပြောလိုက်တယ်။ တကယ်တော့ ဦးချစ်ခိုင်စောင့်နေတာ သမီးကြီးတစ်ယောက်တည်းကိုမဟုတ်။ သားသမီးအားလုံးကို စောင့်နေတာ။ သားသမီးတွေနဲ့ ဦးချစ်ခိုင် ထမင်းလက်စုံမစားရတာ ဘယ်လောက်များကြာပြီလဲဆိုတာ မသိတော့ဘူး။ တိတ်ဆိတ်တဲ့ ထမင်းဝိုင်းမှာ အထီးကျန် အားငယ်စွာ စားသောက်ခဲ့ရတာတွေကို သူတို့မသိကျိုးကျွန်ပြုထားတာလား။ မပြောတတ်တော့။

"စားနှင့်ပါ အဖေရယ်။ မနက်ဖြန် လချုပ်တွေ တင်ရတော့မှာလေ။ အဲဒါ ဒီည အပြီးစစ်မှရမယ်။ သမီးမဆာသေးဘူး။ အဖေပဲ စားထားနှင့်လိုက်တော့နော် အဖေ"

စားထားနှင့်ရမှာလား။ ဦးချစ်ခိုင် စားထားနှင့်တဲ့ရက်တွေ များခဲ့ပေါ့။ အခုလည်း စားထားနှင့်ဦးတဲ့လား။

"စားထားနှင့်လိုက်ဦးပေါ့ ချစ်ခိုင်ရယ်။ မင်းဟာ လယ်မထွန်နိုင်တဲ့ နွားဖြစ်နေမှတော့ ဘေးမဲ့ပေးတာ ခံရတော့မှာပေါ့လေ။ မင်းငယ်ငယ်ကပြောခဲ့ဖူးတဲ့ ဆန်ကုန်မြေလေး လူ့ငနွားဆိုတာ အခုတော့ မင်းကိုယ်တိုင်ဖြစ်နေပြီပေါ့လေ။ စားထားနှင့်။ မင်းစားထားနှင့်လိုက်ဦး ချစ်ခိုင်ရေ"

ဦးချစ်ခိုင် တစ်ကိုယ်တည်း ဝမ်းနည်းစွာ ရေရွတ်ရင်း ထမင်းစားခန်းထဲဝင်လိုက်တယ်။ ဩော် ...အရာအားလုံးဟာ တိတ်ဆိတ်ငြိမ်သက်ဆဲပါပဲလေ။ ။

## လိုက်နာရှောင်ကြဉ်သတိယှဉ်

ကမ္ဘာကြီးကို ခြိမ်းခြောက်လာ
ဗိုင်းရပ်စ်ကိုရိုနာ။
ကြောက်မက်ဖွယ်ရာရောဂါဆိုး
ကိုရိုနာဗိုင်းရပ်စ်ပိုး။
အတင်းထိုးဖောက်ကူးစက်လွယ်
သတိရှိရမယ်။
ကြိုတင်ကာကွယ်ပြုလုပ်ထား
ဗိုင်းဝန်းညီညွတ်အား။
အသွားအလာဆင်ခြင်ပါ
လူစုစုရှိရာ။
ဘယ်ညာလက်များသန့်ရှင်းရေး
အမြဲပြုလုပ်ပေး။
လေးလေးစားစားလိုက်နာပါ
လူတိုင်းတာဝန်ဗျာ။
ဗိုင်းရပ်စ်ကိုရိုနာမျိုးတုံးဖို့
တိုက်ဖျက်ကြပါစို့။

**အောင်ငွေးနိုင်(ရေနံချောင်း)**

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

မျိုးဆက်သစ်လူငယ်
ကြေးမုံ
အထူးကဏ္ဍ

## တန်ခူးနွေဦး

ပန်းငုဝါ ရွှေရောင်လူး
အလှထူး တန်ခူးရာသီ။
ရွက်ဝါတွေ မြေပြင်ထက်
ဆင်းသက်ကြွေပြီ။
ဆက်ရက်သံ ညံစီစီ
နွေပန်းချီ ပီပြင်ဆန်း။
ဝေးမြိုင်ယံ
မွှေးကြိုင်လျှံ ရာသီပန်းတို့
ဖူးပွင့်ခိုင်လန်း။
ဥပြဲငယ် တွန်သံကျူး
အသွင်ထူး ငှက်ကြင်ဆွေ။
အထီးကျန် တစ်ကိုယ်ဆွေးလို့
လွမ်းတေးဆိုနေ။
ခါနွေဦးကျက်သရေ
တောင်ပြန်လေ တိုက်ခတ်လူး။
အို ပိတောက်ဝါ
ကြိုထောက်ကာ ပင်ယံထက်မှာ
ပွင့်ခက်ဆင်ဖူး။

သုန်မိုး(ကန်ညီနောင်)

## တမာပွင့်ဝေ အညာမြေ

ရှုခင်းသာတဲ့ အညာမြေ
တမာပွင့်ပန်းဝေ။
သာမောဆွေဖွယ် ထိုရိပ်နန်း
နွားချူသံကလွှမ်း။
မန်ကျည်းပင်တန်း ထိုးထိုးထောင်
အညာပုံရိပ်ဆောင်။
နွေဦးသာခေါင် အရိပ်ရ
ရိုးရှင်းသဘာဝ။
အညာဒေသ မြေပဲဆီ
သန့်ရှင်းလတ်ဆတ်သည်။
နှမ်းဆီမွှေးပါ မကျန်ရ
ဆီအိုးကြီးဒေသ။
ကြုံရာဆုံရ တစ်ခါမှာ
လက်ဆောင် ထန်းခေါက်ဖာ။
အညာရိုးရာ လက်လုပ်ဖြစ်
ဝယ်ယူ ဖျာ၊ ကွမ်းအစ်။
ရာသီသစ်လို့ အခွင့်သာ
အရောက်သွားကြည့်ပါ။
ကြည်နူးသာယာ စိတ်ချမ်းမြေ့
အမြဲတမ်းအောက်မေ့။

မောင်ခန့်(မြန်မာစာ)

# မွေးရပ်မြေနှင့် အတွေးစများ

ဆောင်းပါး

■ စကြာမေ (ဥဿပဲခူး)

တရိပ်ရိပ်ပြေးနေတဲ့ ကားမှန်ပြတင်းက ရှုခင်းတွေ။ ဘယ်တော့ပြန်လာမယ်မှန်းမသိလို့ နှုတ်မဆက်ခဲ့ရပေမယ့် ဘယ်အချိန်ပြန်လာခဲ့ပါစေ နွေးထွေးစွာ ကြိုလင့်နေတဲ့ ကျွန်မရဲ့ မွေးရပ်မြေကို မျက်ဝါးထင်ထင် မြင်တွေ့နေရသည်။

လူနေအထူထပ်ဆုံးသော နိစ္စဓူဝကိစ္စတွေများလွန်းပြီး အနယ်နယ်အရပ်ရပ်က လူတွေကို သားသမီးများပမာ ရင်ငွေ့ခိုလှုံစေခဲ့တဲ့ မြို့တော်။ ရွှေတိဂုံဘုရားကို ပြယုဂ်ထားပြီး မြန်ပြည်အလယ် ထည်ဝါနေတဲ့ မြို့ရွှေရန်ကုန်။ တကယ်တော့ ရန်ကုန်ဆိုတာ ကျွန်မဘဝရဲ့ ဒုတိယမြို့တော်ပါ။ ကျွန်မငယ်စဉ်ကပေ့ါ ရန်ကုန်ဆိုတာ တခဏမျှ ခြေချခွင့်ရ လျှင်တောင် ပျော်ရတဲ့မြို့ဖြစ်ခဲ့သည်။ ခေတ်မီသည်။ လိုချင်တာတွေရနိုင်သည်။ အခွင့်အလမ်းပေါများသည်။ ဘယ်လိုပဲ စိတ်ကူးယဉ်ခဲ့ပါစေ၊ ရန်ကုန်ဆိုတာ ကျွန်မ စိတ်ကူးထဲမှ ပြေးမလွတ်ခဲ့ပါ။

သမိုင်းစာအုပ်ထဲမှ အကြောင်းအရာတွေကတစ်ဆင့် ရန်ကုန်တက္ကသိုလ်ကို ကျွန်မရင်းနှီးခဲ့တယ်။ ခေတ်ပညာတတ်၊ မျိုးချစ်ခေါင်းဆောင်တွေများစွာ မွေးထုတ်ပေးခဲ့တဲ့ ခမ်းနားထည်ဝါသော ကျောင်းတော်ကြီး။ ဒါပေမယ့် ရန်ကုန်တက္ကသိုလ်ထက် ကျွန်မစိတ်အစဉ်ကို ညို့ယူနိုင်ခဲ့တာက ဆေးတက္ကသိုလ်။ နာမည်ကြားလိုက်တာနဲ့ ပြေးတက်ချင်စိတ်ပေါက်ခဲ့ရတဲ့ ကျောင်းတော်။ ရူးသွပ်ခဲ့ရတဲ့ ဆရာဝန်ဘဝ။ တကယ်တော့ ကျွန်မအတွက် ဆေးတက္ကသိုလ်ဆိုတာ ကာလအတန်ကြာသည်အထိ မြင်ဖူးခွင့်မရှိခဲ့ပါ။ အခုတော့ ကျွန်မ တက်ရောက်ပညာဆည်းပူးနေသည့် ကျောင်းတော်ကြီးပေ့ါ။

အခါအားလျော်စွာ ပိတ်သိမ်းလိုက်ရတဲ့ အမိကျောင်းတော်ကြီးက ကျွန်မကိုစိမ်းကားစွာ နှုတ်ဆက်ခဲ့ချေပြီ။ အမိရင်ခွင်ကို တိုးဝှေ့သော သမီးငယ်ပမာ ခိုဝင်ခဲ့ပေမယ့် လက်ပြနှုတ်ဆက်ခြင်းနဲ့ ကြိုလင့်ခံခဲ့ရသည်။ နွေကျောင်းပိတ်ရက်ဆိုသည်မှာ အမိကျောင်းတော်ကြီးနှင့် ဝေးကွာရသော ကာလများလို့ ကျွန်မ တိုးတိတ်စွာ ရေရွတ်နေတုန်း ကျောင်းတော်ကြီးကရော ကျွန်မတို့ကို လွမ်းနေမလား။ အခုတော့ တခဏတာ ခွဲခွာခဲ့ရပြီလေ။

မွန်းကျပ်သည့် မြို့ပြအနှောင်အဖွဲ့မှ ကင်းလွတ်တဲ့ တောရိပ်တောင်ရိပ်တွေနဲ့ လွှမ်းခြုံထားတဲ့ အိမ်အပြန်လမ်း။ မှိုင်းညို့ညို့ တောတန်းတွေ။ တသွင်သွင်စီးနေတဲ့စမ်းချောင်းလေးတွေ။ နွေစပါးအတွက် သိုလှောင်ထားတဲ့ ဆည်ရေ။ ရွက်ဝါတွေကို ပန်ဆင်ထားတဲ့ ပင်အိုပင်ပျိုတွေနဲ့အတူ အိမ်အပြန်လမ်းက စိုပြည်နေလေရဲ့။ ကျွန်မပြန်အလာကို ပြုံးစစနဲ့ ဆီးကြိုနေကြမယ့် မွေးရပ်မြေက ချစ်ရသော မိဘ၊ ဆွေမျိုးတွေ။ ဆက်သွယ်ရေးတွေ မည်မျှပင်ကောင်းမွန်နေပါစေ ချစ်ရသူများကို လူကိုယ်တိုင်တွေ့ခွင့်ရသည်လောက် ကြည်နူးဖွယ်ကောင်းနိုင်ပါ့မလား။

စည်းချက်မှန်မှန်နှင့် မောင်းနှင်လာသော ကား၏ မှန်တံခါးမှတစ်ဆင့် “ဘုရားကြီးမြို့မှ လှိုက်လှဲစွာ ကြိုဆိုပါ၏”ဟူသော ဆိုင်းဘုတ်ကလေးကို ကျွန်မမြင်လိုက်ရသည်။ ကားလမ်းဘေး တစ်ဖက်တစ်ချက်မှာ လယ်ကွင်းတွေ။ တချို့လည်း ရိုးပြတ်တွေပြည့်လို့။ တချို့လည်း နွေစပါးစိုက်ဖို့ ဆည်ရေတွေ လွှတ်ထားပြီးပြီ။ မြို့အဝင်ဆိုတွေ့ရမြဲ ကုက္ကိုလ်တန်း။

သိပ်မဝေးပါဘူး။ သံဝေဂတရားတွေ လွှမ်းခြုံထားတဲ့ ထန်းပင်ကုန်းသုသာန်။ အုတ်ဂူရောင်စုံလေးတွေက မမြဲခြင်းတရားကို ဖော်ကျူးလို့။ မီးသင်္ဂြိုဟ်စက်ကြီးကလည်း ဘဝရဲ့ နိဂုံးကို တစ်စွန်းတစ်စ လှစ်ဟပြနေသည်။ ထန်းပင်တွေကလည်း နွေဦးရဲ့ဆည်းဆာချိန် ကောင်းကင်ယံ နောက်ခံနှင့် ဆွေးဆွေးမြည့်မြည့်။

“ဘာလို့ ဆေးကျောင်းတက်လာလဲ”လို့ မေးရင် “ဝါသနာပါလို့ပါ”လို့ပဲ ကျွန်မဖြေခဲ့မိသည်။

ဒီစကားထက် လေးနက်တာရှိရင် ကျွန်မ ပြောလိုက်ချင်သည်။ ဝါသနာဆိုတဲ့ စကားလုံးက ကျွန်မရင်ထဲက ဆန္ဒတွေကို မဖော်ကျူးနိုင်ပါ။

“ဘယ်အချိန်ထဲက ဆရာဝန်အလုပ်ကို ဝါသနာပါတာလဲ”တဲ့။ ကျွန်မသူငယ်ချင်းတွေ မေးခဲ့ဖူးသည်။ ဘယ်သူတွေ၊ ဘယ်လိုပဲ ထင်ကြပါစေ၊ ကျွန်မကတော့ “အရင်ဘဝထဲက ဝါသနာပါတာ”လို့ ဖြေခဲ့မိတယ်။ ကျွန်မ မှတ်မိသလောက်တော့ ကျွန်မဆုတောင်းတိုင်းမှာ ဆရာဝန် ဖြစ်ရပါစေလို့ အမြဲပါတတ်တယ်။ ဒါ အတိတ်ဘဝကတည်းကလို့ တထစ်ချ မပြောနိုင်ပေမယ့် ဝေဝေဝါးဝါးတော့ ကျွန်မမှတ်မိနေသေးတယ်။

ဆရာဝန်တွေ၊ ဆရာမတွေက သိပ်ကို ပင်ပန်းတယ်။ သမီးပင်ပန်းမှာ စိုးတယ်လို့ ရေရွတ်ပြီး ဆေးကျောင်းမတက်ဖို့ မေမေပြောခဲ့ဖူးတယ်။ ကျွန်မဘဝမှာ မျှော်လင့်ခြင်းကောင်းကင်ကြီး ပြိုကျသွားသလိုပဲ။ အရာရာဟာ ပိန်းပိတ်အောင် မှောင်သွားခဲ့ဖူးသည်။ ကျွန်မမှာ ရှိလေသမျှ မျက်ရည်တွေ ကုန်ခမ်းသွားအောင်အထိလည်း ငိုကြွေးခဲ့ဖူးတယ်။ ဒါကတော့ အိပ်မက်တွေ ထင်ရှားစပြုလာခဲ့တဲ့ အချိန်မှာပေ့ါ။ ငယ်ငယ်ကတည်းက ဆရာဝန်လုပ်မယ် ပြောတိုင်း သရော်သလိုလို၊ လှောင်သလိုလိုနဲ့ မဖြစ်နိုင်တာကိုဆိုပြီး ရွဲ့စောင်းတဲ့ အကြည့်တွေကို ကျွန်မခံခဲ့ဖူးတယ်။ ကြီးကျယ်လိုက်တာ မဖြစ်နိုင်တာလို့ဆိုပြီး ကျွန်မရဲ့အိပ်မက်တွေကို နင်းခြေခံရဖူးတဲ့ အခိုက်အတန့်တွေ ရှိခဲ့ဖူးတယ်။

ဒါပေမယ့် အိပ်မက်ဆိုတာ အနာဂတ်လို့ တဇွတ်ထိုးစိတ်နဲ့ ကျွန်မယုံကြည်ခဲ့သည်။ လိုချင်တာတွေ ရပိုင်နိုင်အောင် ကျွန်မကြိုးစားခဲ့သည်။ ဒါတွေက ကျွန်မအတွက် မွေးရပ်မြေက သိမ်းဆည်းပေးထားတဲ့ အမှတ်တရတွေပေ့ါ။ ကျွန်မရစ်တန်းအောင်ပြီးကတည်းက မွေးရပ်မြေဆိုတာ ကျွန်မရှင်သန်ရာ မြေဆီရာထူးမှ သက်လျှောခဲ့ရသည်။ ကျွန်မရဲ့ ရေသောက်မြစ်များသည် ရွှေမြို့တော် ရန်ကုန်မှာ ကုပ်တွယ်ခဲ့ရသည်မှာ ကာလတစ်ခု ရှိချေပြီ။

အတွေးတွေရစ်ဝဲနေရင်းမှ မွေးရပ်မြေရဲ့ မြင်ကွင်းတွေက ကျွန်မကို လှုပ်နိုးလိုက်သည်။ “တိုက်နယ်ပြည်သူ့ဆေးရုံ၊ ဘုရားကြီးမြို့”တဲ့။ ချစ်သောဌာနီမှ ကျွန်မငယ်ဘဝရဲ့ အစိတ်အပိုင်းလေးတစ်ခု။ လွမ်းမိနေဆဲ။ တမ်းတနေဆဲ။ ဆေးရုံဝင်းနယ်မြေမှာ ကျွန်မ ပျော်ရွှင်စွာ ပြေးလွှားဆော့ကစားဖူးသည်။ ပင်လုံးကျွတ်ပွင့်တဲ့ ပိတောက်ပင်တွေအောက်မှာ သင်္ကြန်သီချင်းဆိုပြီး ကွေးနေအောင် ကခဲ့ဖူးသည်။ မြရာတောတွေအလယ် ခြေဆန့်ခဲ့ဖူးသည်။ ကျွန်မဘဝရဲ့ အိပ်မက်တွေ ခြေမွခံရတဲ့အချိန်မှာ ကျွန်မရင်ထဲက ဒဏ်ရာတွေကို ကုစားပေးခဲ့တဲ့၊ ကျွန်မအိပ်မက်တွေကို ပြန်လည် ရှင်သန်စေခဲ့တဲ့ ဆေးရုံဝင်း၊ ကျွန်မကို လွမ်းနေရဲ့လား။

ဟိုး သိပ်မဝေးတော့တဲ့ ရွှေရောင်လွှမ်းတဲ့ စေတီ။ အောင်မြေကိုနင်းပြီး အဓိဋ္ဌာန်ပြုခဲ့ဖူးသည်။ အခုတော့ ကျွန်မ အိပ်မက်တွေ တစ်စိတ်တစ်ဒေသ ပြည့်ဝခဲ့ပြီလို့ တိုင်တည်လိုက်ချင်ရဲ့။ လက်အုပ်ချီမိုး၍ ဂါရဝပြုလိုက်သည်။ ဘုရားကြီးမြို့ရဲ့ သာသနိကပြယုဂ်ဖြစ်သော မဟာဝိဇယရံသီစေတီတော်မြတ်ကြီး။ ကထိန်လှည့်တိုင်း လော်စပီကာနဲ့ အောင်စေ၊ ပိုင်စေသီချင်းဆိုခဲ့ဖူးတဲ့ တပည့်တော်ကို မှတ်မိပါရဲ့လား။ လိုချင်တာရှိတိုင်း တတွတ်တွတ်နဲ့ ဆုတွေ အရှည်ကြီးတောင်းတတ်တဲ့ တပည့်တော် အခုလည်း ဆုတောင်းချင်ပါတယ်။ ကမ္ဘာသူ၊ ကမ္ဘာသားတွေ ကပ်ရောဂါ အမျိုးမျိုးမှ ကင်းဝေးကြပါစေ။

ဒီလိုအချိန်မှာ ဆရာဝန်တစ်ယောက်အဖြစ် မရပ်တည်နိုင်သေးတာ အားနာမိပါရဲ့။ မွေးရပ်မြေကို ပြန်လာပြီး နားရတာလဲ နောက်ကျောမလုံ ဖြစ်ရပါသည်။ မလိုအပ်ဘဲ လူသားတွေရဲ့ အသက် မဆုံးရှုံးစေရဘူးလို့ ဆုံးဖြတ်မိတဲ့ ကျွန်မအခုတော့ အခြေမဲ့၊ အနေမဲ့။ ဒါပေမယ့်မေတ္တာတွေတော့ ပြည့်ဝနေပါသည်။ အားလုံး နေကောင်းကျန်းမာပါစေလို့တော့ ဆုတောင်းပေးနိုင်ပါသည်။ ဒါတွေအစား နောင်တစ်ချိန်မှာ အဆတိုး၍ အများအကျိုးထမ်းရွက်ချင်ပါသည်။ ပြည်သူအများရဲ့ ကျန်းမာရေးအတွက် စိတ်ရောကိုယ်ပါ ထမ်းရွက်ချင်ပါသည်။ ဆေးတက္ကသိုလ် ကျောင်းသူတစ်ဦး၏ အားမလိုအားမရဖြစ်မှု တစ်ခုလို့ပဲ ဆိုလိုက်ချင်ပါတော့သည်။ ဒီထက်ပို၍ မတတ်နိုင်သောအခါဝယ်။ ။

## ပေးဆပ်နေသော နှလုံးသားများ

ကိုယ့်မိသားစု
ကိုယ့်မိဘဆီ
ပြန်ချင်ပေမယ့်
တွေးဆဆင်ခြင်လို့
အပြန်ရခက်ခဲနေသူတွေ
ပြည်သူအများ
ကူးစက်ဘယာဘေး
ကင်းဝေးစေဖို့
အသက်နဲ့ရင်း
ပေးဆပ်ကြပေမယ့်
သူတို့နားစရာ
(ခို)အိပ်စက်ရာ
ကျောတစ်နေရာ
အဖွဲ့ဝင်အချင်းချင်း
ဖေးမရင်းဖြင့်
ဝိုင်းကာစုဖွဲ့နေထိုင်ကြဖို့
ရှာပါသော်လည်း
ညှာတာထောက်ကင်း
သိနားလည်ခြင်း
အလျဉ်းမဲ့သူတချို့ကြောင့်
အံ့သြဖွယ်ရာ ရှိရပေမယ့်
သိနားလည်သူ
ဖေးကူလက်တွဲ
သဒ္ဓါဖွေးလက်အစုံ
အလှူရှင်များကြောင့်
ဆေးပညာရှင်
ဆရာဝန်၊ ဆရာမ
အားအင်တချို့
အဆင်ပြေကြသတဲ့
သည်လိုသတင်း
ကြားရကြားရ
ကိုယ်တိုင်မလှူ
အားမဖြည့်ဘဲ
မတတ်စွမ်းနိုင်ခဲ့ပေမယ့်
နှုတ်တစ်ပေါက်ဖြင့်
ဖေးကူကမ်းလက်အစုံများကို
ကူညီရှာဖွေပေးနိုင်ကြလို့
အလှူရှင်များကို သာဓုသာဓု
သာဓုခေါ်လို့
အားရကျေနပ်မိပါရဲ့. . . .

ထက်ထက်

ဝတ္ထုတို

## သူဝေး( တမာမြေ)




(၁)

"ဒေါက် ဒေါက် အဘွား အဘွား ကျွန်တော်ရယ် မျိုးကိုပါ "

"အေး အေး လာပြီ လာပြီ"

"အဘွားရွာထဲကို ညမှခိုးဝင်မယ်ဘယ်သူမှ လျှောက်မပြောရဘူးနော်"ဟု မျိုးကိုက ဖုန်းကြို ဆက်ထား၍ ဒေါ်ဖွားသစ်ခမျာ တံခါးပေါက်ကို မပြတ်ကြည့်၍ အမြဲနားစွင့်ခဲ့ရသည်။

ဘုရားစာရွတ်နေဆဲ တံခါးပေါက်ဆီမှ မြေး၏အသံကြားရမှ စိတ်အေးရသည်။

"ငါ့မြေးကို စောင့်နေတာ စိတ်ပူလွန်းလို့"

"ရှူး တိုးတိုးပြောပါအဘွားရာ တံခါး မြန်မြန်ဖွင့်"

"အေး အေး "

မြေးငယ်၏ အသံကြောင့် ဒေါ်ဖွားသစ် ထိတ်ထိတ်ပျာပျာနှင့် တံခါးပြေးဖွင့်သည်။

"ဂျောင်း "

အိမ်ထဲရောက်သည်နှင့် တံခါးကို ချက်ခြင်း ပိတ်လိုက်သည့် မြေးကို ဒေါ်ဖွားသစ်က "ဟဲ့ ငါ့မြေး ထမင်းစားရအောင် ကျောပိုးအိတ်ကြီး ချစမ်းပါအုံး"

"အဘွားကလည်း တိုးတိုးပြောပါဆို ခုအချိန် ဘယ်ထမင်းမှ မစားနိုင်ပါဘူး။

ရေဆာလိုက်တာ" ရေအိုးစင်သို့ ကပျာ ကယာသွားကာ ရေတစ်ခွက်ပြီးတစ်ခွက် အငမ်းမရ ဆင့်သောက်နေသည့် မျိုးကိုအား ကြည့်၍ ဒေါ်ဖွားသစ်က "ဖြည်းဖြည်းသောက်ပါ ဟယ် သီးကုန်မှဖြင့်" ဟု စိုးရိမ်စွာ သတိပေး လိုက်သည်။

မျိုးကိုသည် ဘက်ထရီမီးကိုက်ကို ဖြုတ်လိုက်သည်။

"ဟဲ့ ဘာလို့ မီးပိတ်လိုက်တာလဲ ဘာမှ မမြင်ရတော့ဘူး "

"အဘွား ဘာမှမပြောနဲ့ တိတ်တိတ်နေ ဘယ်သူလာမေးမေး သားမရှိဘူးလို့ပြော"

"အေး အေးပါကွယ်"

"ရှူး"

ခြံတံခါးပေါက်မကြီးမှ လူသံများကြားရ၍ မျိုးကိုက ဒေါ်ဖွားသစ်ကို အသာနေရန် အချက်ပြ လိုက်သည်။ ရပ်ဓလေ့ ရွာဓလေ့ဖြစ်၍ ခြံတံခါး သော့ခတ်ထားခြင်းမရှိသည်ကြောင့် တံခါးကို အသာမ၍ ဝင်လာကြသည်ကို ဒေါ်ဖွားသစ် သိနေသည်။

ခြေသံများသည် ဒေါ်ဖွားသစ်အိမ်နှင့် နီးသထက်နီးလာသည်။ အိမ်ရှေ့တံခါးပေါက်မှ ခြေသံများ ရပ်တန့်သွားသည်ကို ဒေါ်ဖွားသစ် သတိထားမိလိုက်သည်။ သူ၏မြေးကို လာခေါ် ကြသည်ကို သိသည်။ တွေ့များသွားလေမလား ဟု တွေး၍ ရင်တဖိုဖို ဖြစ်နေသည်။

"ဒေါက် ဒေါက် "

"အေး ဘယ်သူတွေလဲ ဟေ့"

"ကျုပ်တို့ပါ "

အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းအသံကို သိနေသော်လည်း ဒေါ်ဖွားသစ် မသိဟန်ဆောင် ၍ မေးလိုက်သည်။

"ကျွန်တော် တင်ထွန်းပါ ဖွားလေးသစ်၊ တံခါးဖွင့်စမ်းပါအုံးဗျ"

"အေးကွယ် မိုးချုပ်တာပါလား၊ ဘွားလေး က နေမကောင်းလို့ အိပ်ရာထဲ ခွေနေတာ၊ အင်း ကျွတ် ကျွတ် အေး အေး လာပြီ လာပြီ"

ဟန်ဆောင်ညည်းသံပေး၍ အမှောင်ထဲ တွင် မြေးချစ်မျိုးကိုအား လိုက်ရှာသည်။ မည်သည့်အရိပ်အယောင်မှ မတွေ့လေမှ တံခါးပေါက်ဆီ စိတ်မပါတပါ သွားလေသည်။

ဒေါ်ဖွားသစ်သည် တံခါးချက်ဖြုတ်၍ ဖွင့်ပေး ပြီး ကြည့်မိသည်။

အုပ်ချုပ်ရေးမှူး ဦးတင်ထွန်း၊ ရွာဆော် ကိုလှမြင့်နှင့် ကာလသားခေါင်း ဖိုးအောင်တို့ကို တန်ခူးဆန်းစလရောင်အောက်မှာ ဝိုးတဝါး တွေ့ရသည်။

"ဖွားလေးသစ်ရဲ့ မြေး ထိုင်းကနေပြန်လာ တယ် ကြားတယ်၊ အဲ့ဒါဆေးစစ်မလို့ ခေါ်ခွင့် ပြုပါ"

အလိုလေး ဘယ်သူမှ မလာပါဘူးတော် ပြန်လာရင် လာပြောမှာပေါ့။ နေစမ်းကြပါ အုံး ကျုပ်မြေးက ဘာရောဂါတွေဖြစ်လို့ ဘာဆေးစစ်တွေ စစ်ကြမှာလဲ"

"ဖွားလေးသစ် မညာနဲ့နော် အားလုံးဒုက္ခ ရောက်ကုန်လိမ့်မယ်"

"ဘာတွေလဲ ဟယ် ပြောပြစမ်းပါအုံး"

"အခုတလော တစ်ကမ္ဘာလုံးကို ကူးစက် နေတဲ့ ကိုဗစ်-၁၉ ရောဂါအကြောင်း ဖွားလေးသစ်လဲ ကြားပြီးရောပေါ့"

"အေး ကြားသားပဲ တို့ဆီကပူလို့ နင်တို့ ပိုးက မနေနိုင်ဘူးဆို၊ ကူးတော့ရော ဘာအရေး လဲ တမာရွက်စားပျောက်နေတာပဲ"

"ကောလာဟလ သတင်းတွေ၊ ဆေးမြီးတို တွေ မယုံရဘူးလေဗျာ၊ ခက်တယ် ဖွားလေးသစ် ရာ အချိန်မရှိဘူးဗျာ မျိုးကို အိမ်ထဲမှာ ရှိတယ် မဟုတ်လား"

"အဖွားအိမ် မရောက်သေးပါဘူးတော်၊ ရောက်ရင်အကြောင်းကြားပါ့မယ်"

"အရေးကြီးနေတဲ့အချိန်မှာ အားလုံး ပူးပေါင်းမှ အောင်မြင်မယ်၊ ခုဆို မြန်မာနိုင်ငံမှာ ရောဂါဖြစ်ပွားသူ တစ်ဆယ့်လေးဦးထိရှိလာပြီ။ နိုင်ငံနဲ့အဝန်း တက်ညီလက်ညီ ကာကွယ်ရေး လုပ်နေတဲ့အချိန်မှာ ဖွားလေးသစ်လို တစ်ယောက်ကစပြီး စည်းကမ်းဖောက်လိုက် တာနဲ့ အားလုံးဒုက္ခရောက်လိမ့်မယ်"

"နေစမ်းပါအုံး။ ငါ့ကြောင့် ဒုက္ခရောက်ကုန် မယ် ပြောရအောင် အဲဒီပိုးက ငါယူလာတာလား ဟဲ့ စဉ်းစဉ်းစားစား ပြောကြပါအုံး တကယ် တည်းတော်"

ဒေါ်ဖွားသစ်သည် အိမ်တံခါးပေါက်ကို ပိတ်၍ ခါးထောက်ကာ ဦးတင်ထွန်းကို ပြန်ပြောသည်။

"ဖွားလေးသစ် ပြောသလို ဒီပိုးက ဖွားလေးသစ်ယူလာတာ မဟုတ်ပေမယ့် သံသယလူနာတစ်ဦးကို ဖွက်ထားခဲ့ရင် ပိုးမွေး သူပဲ"

ဒေါ်ဖွားသစ်သည် "ပိုးမွေးသူ" ဟူသော စကားကို ကြားမိသည့်အခါ တုန်လှုပ်သွား သည်။

"ကိုဗစ်-၁၉ ရောဂါဟာ ကူးစက်လွယ်တယ်၊ အသက်ရှုလမ်းကြောင်း ကနေတစ်ဆင့် ကူးစက်တာမို့ ပိုလို့သတိထားရမယ့် ရောဂါပိုးပဲ ရောဂါရှိပြီးသားလူရဲ့ အသုံးအဆောင်ပစ္စည်းကို ထိတွေ့ကိုင်တွယ်မိတာပဲဖြစ်ဖြစ်၊ ထိုသူက ချောင်းဆိုးလို့ပဲဖြစ်ဖြစ် စသဖြင့် အနီးအနားက လူတွေ ကူးတော့တာပဲ"

"ငါ့မြေးမှာ အဲ့ဒီပိုးရှိတယ်လို့ မင်းတို့ စွပ်စွဲ ချင်တာလား။ မဟုတ်မဟတ်တွေ မပြောနဲ့၊ တစ်ပါးသူ သိက္ခာကျတယ်"

ပိုးရှိတယ်လို့ စွပ်စွဲတာမဟုတ်ပါဘူး၊ အားလုံး သံသယကင်းကင်းနဲ့ စိတ်အေး လက်အေးနေလို့ရအောင် တိုင်းတစ်ပါး၊ နယ်ခြားကလာတဲ့ လူတွေကို စောင့်ကြည့်ဖို့ လိုအပ်လာပြီ၊ အဲဒါကြောင့် မျိုးကို ကိုလည်း စောင့်ကြည့်ရအောင် လာခေါ်တာပါ ဘာမှ မဖြစ်ရင် ဘာမှမဖြစ်ဘူး၊ မပြောကောင်း ဆိုကောင်း မျိုးကိုမှာ ရောဂါပိုးပါလာရင် နီးစပ်ရာ အကုန်ကူးစက်မှာနော် စဉ်းစားပါ၊ ဖွားလေးသစ်က မြေးကို အလိုလိုက်၊ ချစ်ခဲ့တာ တွေက နစ်ရာရောက်ခဲ့တာတွေဆိုတာ ခုချိန်ထိ မသိသေးတာလား၊ ဖွားလေးသစ် ဖျက်ခဲ့လို့ မြေးပျက်ခဲ့တာ၊ ခုတစ်ခါ မြေးပျက်ရုံရင်မကဘူး ရွာပါကပ်ဆိုက်အောင်လုပ်နေတာလား"

"ဖွားလေးသစ်ဖျက်ခဲ့လို့ မြေးပျက်ခဲ့တာ။"

ခုတစ်ခါ ရွာပါကပ်ဆိုက်အောင် လုပ်နေ တာလား" ဦးတင်ထွန်း၏ စကားများသည် ဒေါ်ဖွားသစ်နားထဲတွင် ပွဲတင်ထပ်နေသည်။

"အဖွားဖျက်လို့ မြေးပျက်ခဲ့တာလား။ ငါ ငါမြေးကို ငါ ချစ်ခဲ့တာလား နစ်ခဲ့တာလား"

သူ့ကိုယ်သူမေးခွန်းထုတ်၍ ဖတဆိုး၊ မိတဆိုးလေး၊ မြေးလေးအပေါ် အလိုလိုက်ခဲ့ပုံ များ၊ မြှောက်ပင့်ပေးခဲ့သည့် ပုံရိပ်များ၊ အသံများ ပြန်လည်မြင်၍ ပြန်၍ကြားမိပြန်သည်။

(၂)

ကျောင်းမလိုက်ချင်လျှင် ချော့မထား။ ငါ့မြေးစိတ်ချမ်းသာပြီးရော ဆယ်တန်း မအောင်ဘဲ ချမ်းသာတဲ့ သူတွေတပုံကြီးဟုပင် မြှောက်ပေးခဲ့သေးသည်။

"ဟဲ့ မိသစ် နင့်မြေးလေး ထန်းရည်မူးပြီး လဲနေလေရဲ့" ဟု ရပ်ထဲရွာထဲက သတင်းလာပို့ ခဲ့လျှင် "မူးလဲနေတာမဟုတ်ပါဘူး တရေး တမောအိပ်နေတာဖြစ်မှာပါ၊ ကျုပ်မြေးက ဘယ်တော့မှ အလွန်အကျွံမသောက်ပါဘူး ယောကျ်ားလေးပဲ အသောက်အစားတော့ ရှိတာပေါ့၊ နည်းနည်းကိုများများ ပြောတတ်ကြ ပါပေ့အေ"ဟု သတင်းပို့သူကို ကျေးဇူးမတင် သည့်အပြင် ရန်လုပ်သေးသည်။

"မျိုးကိုတစ်ယောက်တည်း အမေ့မြေး မဟုတ်ဘူးနော် ကျုပ်သား၊ ကျုပ်သမီးတွေ လည်း အမေ့မြေးအရင်းခေါက်ခေါက်တွေဗျ" ဟု သားကြီးက မြေးချင်းမတူရကောင်းလား ဆိုပြီ ရန်လုပ်တတ်သည်ကို "သိပါတယ်ဟယ် နင့်ညီမအရင်းက မွေးထားတဲ့ နင့်တူလေးကို ငါကပိုသဲတာ မငြင်းပါဘူး၊ နင်တို့သားတွေ၊ သမီးတွေမှာ အဖေစုံအမေစုံရှိတယ်၊ ငါ့မြေးလေး မျိုးကိုခမျာ အမေက မီးတွင်းထဲဆုံး၊ အဖေက မြေးလေးတစ်လမပြည့်ခင် ထပ်ပြီးဆုံးနဲ့မို့ ပိုပြီး ဂရုစိုက်မိတာ ရှိပါရဲ့၊ သို့ပေသိ ကျန်တဲ့မြေးတွေ လည်း ချစ်တာပအေ"ဟု ပြန်ပြောခဲ့ရသည်။

"အဘွားရေ သားမိန်းမခိုးလာတယ် " လူပျိုဖြစ်သည်မှမကြာ မိန်းမခိုးလာသည်ကို မကြိုက်သော်လည်း အပြစ်မတင်ရက်ခဲ့ပေ။

"အေး"ဟု တစ်ခွန်းသာပြော၍ တင့်တောင်းတင့်တယ် မင်္ဂလာဆောင်ပေးခဲ့ သည်။

"ဖွားလေးမြေး မပေါင်းနိုင်တော့ဘူး၊ အချိန်ပြည့်မူးရူးပြီး ရိုက်နှက်တယ်၊ ပြီးတော့ မိန်းမတွေနဲ့ ပလူးပလဲနေသေးတယ်။ ကျုပ်အပေါ်သစ္စာမရှိတဲ့ ယောကျ်ား၊ အကျင့် ပျက်၊ အောက်တန်းစား မပေါင်းတော့ဘူး။ ကျုပ်အိမ်ကျုပ်ပြန်မယ်" မျိုးကိုမိန်းမက ထိုသို့ ပြောသည်ကို "ညည်းသဘောပါအေ ငါက ရိုက်နှက်ပေးစားတာလည်းမဟုတ်၊ ညည်း ပြန်တော့ရော ငါ့မြေးက ဘာဖြစ်မတုန်း မိန်းမ များ ပေါလွန်းလို့အေ" ဟု ကလေးနှင့်တုပကာ ပြန်ပြောလိုက်သေးသည်။ မြေးနှင့်အဖွား လက်ဝါးချင်းရိုက်၍ ဟားတိုက်ရယ်ခဲ့သေး သည်။ မကြာပါ နောက်တစ်ယောက် ခေါ်လာ ပြန်သေးသည်။ ထုံးစံအတိုင်း သုံးလမကြာ ကွဲကြ၊ ကွာကြပြန်သေးသည်။

ဒေါ်ဖွားသစ်၏ သူ့မြေးအပေါ် ကာကွယ် သည့်စကားသည် "မျက်စိလည်းကောင်း၊ နားလည်းကောင်းနေကြပါရက်နဲ့ ငါ့မြေး အကြောင်းမသိကြ၊ မကြားကြတာလား၊ ညည်းတို့ဘာသာသိသိနဲ့ ကြိုက်ကြတာ ငါ့မြေး အပြစ်မတင်ကြနဲ့" ဟူ၍ ဖြစ်ပေသည်။

(၃)

"ထိုင်းမှာ အလုပ်သွားလုပ်မလို့ အဘွားကို အသိပေးတာ" "မသွားပါနဲ့လား မြေးရယ် အိမ်မှာအဘွားတစ်ယောက်တည်း ပြီးတော့ သူများနိုင်ငံမှာ စိတ်မချလို့ပါ" ဒေါ်ဖွားသစ်သည် မျိုးကို ကိုတားသေးသည်။ မရပါ။

"တစ်နယ်လုံးမှာ အဘွားအချမ်းသာဆုံး ဖြစ်အောင် ထိုင်းမှာအလုပ်ကြိုးစားပြီး ငွေပို့ပြ မယ်"ဟူသော မျိုးကို၏ နှစ်သိမ့်စကားအောက် မှာ ဒေါ်ဖွားသစ် မျက်ရည်တို့ဝဲစပြုလေပြီ။

"မချမ်းသာချင်နေပါ ငါ့မြေးလေးနဲ့ မခွဲ နိုင်ဘူး"ဟု ငိုရှိုတားသော်လည်း မျိုးကိုသည် ရွာမှ ထိုင်းသို့ သွားလေသည်မှာ နှစ်အတော် ကြာခဲ့ပြီဖြစ်လေသည်။

"ဒီရွာမှာ မနေတတ်ဘူး။ ရွာနေရတာ အကုသိုလ်များတယ်"ဟူ၍ ရွာကို စော်ကား သွားလေသော် မျိုးကိုသည် ယခု ကိုဗစ်ရောဂါ ကပ်ဆိုးကြောင့် ရွာသို့ ပြန်လာသော်လည်း စောင့်ကြည့် ၁၄ ရက် စခန်းမှာ မနေချင်၍ အိမ်မှာ ပုန်းခိုနေပြန်သည်။

"ပထမဆုံး ဖွားလေးသစ်မြေးပဲ ဒုက္ခ ရောက်မှာ၊ ပြီးရင် အနီးစပ်ဆုံးနေတဲ့ ဖွားလေးသစ် ဒုက္ခရောက်မှာ၊ ပြီးရင် ဖွားလေးသစ်ကတစ်ဆင့် ဆက်ပြီးဆက်ပြီး အားလုံး ဒုက္ခရောက်မှာ၊ ပိုးမွေးသူ၊ ပိုးဖြန့်သူ မဖြစ်ပါစေနဲ့၊ မျိုးကိုအတွက်ရော တစ်ရွာလုံး တစ်နယ်လုံး အတွက်ရော အဘွားက ပိုးမွေး ချင်တာလား"

ဒေါ်ဖွားသစ်သည် ဦးတင်ထွန်းအသံကြားမှ အတွေးရပ်ပြီး အိမ်ထဲသို့တွေဝေစွာ လှည့်ကြည့် သည်။

ပြီးလျှင် တံခါးပေါက်မှ ဖယ်၍ " ခေါ်သွား ကြပါတော့ကွယ်"ဟု စိတ်လျှော့သံဖြင့် ပြောလေသည်။

"အဘွားကို ခွင့်လွှတ်ပါကွယ် ငါ့မြေးလေး ကို ချစ်လို့ အခုလိုလုပ်ရတာပါ" ဟု ပြော၍ ငိုချင်းချပါလေတော့သည်။

"မြေး မြေးလေးရေ ဘယ်မှာ ပုန်းနေတာ လဲ သူတို့နဲ့ လိုက်သွားပါ၊ အဘွားအိမ်မှာနေရင် ငါ့မြေးလေး ဒုက္ခတွေ့လိမ့်မယ်"

"မျိုးကို အဘွားမြေးလေး ဒီတစ်ခါ အဘွား စကားနားထောင်ပါအုံးကွယ်၊ ငါ့မြေးလေး ကျောင်းမတက်ချင်ဘူးဆိုလို့ အဘွားမတားခဲ့ ပါဘူး၊ အရက်၊ ထန်းရည်သောက်တုန်းကလည်း ဘာပြောဖူးလို့လဲ။ ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမ ခိုးလာတုန်းကလည်း အဘွား ဘာတွေများ ပြောခဲ့လို့လဲ။ ထိုင်းကို သွားမယ်ဆိုတုန်းက တားခဲ့ပေမယ့် နောက်ဆုံး ငါ့မြေးသဘောတိုင်း ခွင့်ပြုခဲ့တာပဲမို့လား။

ငါ့မြေးကို အဘွားနစ်ခဲ့တာတွေ များလှ ပါပကောလား။ အမလေး ကပ်ရောဂါတဲ့ ငါ့မြေးလေးကို အဲဒီရောဂါဖြစ်တာ အဘွား မကြည့်ရက်ဘူး မကြည့်ရက်ဘူး "

ရင်ဘတ်စည်းတီး၍ ငိုရင်း သူ၏မြေး အမည်ကို တပြီး တစ်အိမ်လုံးလိုက်ရှာပေးသည့် ဒေါ်ဖွားသစ် ကိုကြည့်၍ အားလုံးစိတ်မကောင်း ဖြစ်နေကြသည်။ နောက်ဆုံး"ငါ့မြေးကို ချစ်လို့ အလိုလိုက်ခဲ့သမျှ နစ်ခဲ့တာတွေလည်း များခဲ့ ပါပြီကွယ် ဒီတစ်ခါတော့ ချစ်ခွင့်ပေးပါ မနစ် ပါရစေနဲ့တော့ မြေးလေးရယ် ...." ဟူသော စကားများသည် ကြားရသူများအတွက် ဝမ်းသာဝမ်းနည်းဖြစ်ရသည်။

ဝမ်းသာသည်က ဒေါ်ဖွားသစ်၏ မှန်ကန် သော ဆုံးဖြတ်ချက်ကို သိရ၍ ဝမ်းနည်းသည်က နောင်တများစွာနှင့် ယူကြုံးမရဖြစ်ကာ ငိုကြွေး နေခြင်းကြောင့် ဖြစ်ပါတော့သည်။ ။

ဆောင်းပါး

# ဒိုင်ယာရီရေးခြင်း အလေ့အကျင့်

■ မော်ဝန်းသီဟ

ဒိုင်ယာရီ (Diary) ဟူသော စကားကို မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုပါက "နေ့စဉ်မှတ်တမ်း"ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဒိုင်ယာရီသည် လူတစ်ဦးတစ်ယောက်က မိမိကြုံတွေ့နေရသော အဖြစ်အပျက်များကို နေ့စဉ်ရေးသားထားသည့် မှတ်တမ်းပင်ဖြစ်သည်။

တစ်နေ့တာအတွင်း မိမိပြုမူပြောဆိုခဲ့သည်များ၊ မိမိကြုံတွေ့ရသည့် အဖြစ်အပျက်များ၊ ကြားသိခဲ့ရသော အကြောင်းအရာများကို တစ်နေ့တာ ကုန်ဆုံးချိန်၌ မှတ်တမ်းတင် ရေးသားခြင်းသည် ဒိုင်ယာရီရေးသားခြင်းပင်ဖြစ်သည်။

ဒိုင်ယာရီကို လူသားတိုင်း အထူးသဖြင့် လူငယ်တိုင်း ရေးသားသင့်သည်။ သို့မှသာ နှစ်ပေါင်းများစွာ ကုန်ဆုံးချိန်၌ မိမိရေးသားခဲ့သည့် ဒိုင်ယာရီကို ပြန်လည်ဖတ်ရှုသောအခါ ငယ်စဉ်က အဖြစ်အပျက်များနှင့် ယခုအဖြစ်အပျက်များကို နှိုင်းယှဉ်၍ တိုးတက်မှု၊ ဆုတ်ယုတ်မှုများကို ချိန်ဆနိုင်သည်။ မိမိ၏ စိတ်ခံစားချက်နှင့် အကျင့်စာရိတ္တတို့သည်လည်း ကုန်ဆုံးခဲ့သော ကာလများအတွင်း မည်သို့ မည်ပုံ ပြောင်းလဲသွားသည်ကို ချင့်ချိန်သုံးသပ်နိုင်သည်။

ဒိုင်ယာရီသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာကိစ္စများကို မှတ်တမ်းတင်ထားခြင်းဖြစ်သော်လည်း အခြားသူများအတွက် ဗဟုသုတဖြစ်စေနိုင်သည်။ ဒိုင်ယာရီသည် ရေးသားသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ဖော်ပြထားရုံမျှမက နှစ်ပေါင်းများစွာ ကြာမြင့်သောအခါ ထိုခေတ်ထိုအခါက လူသားတို့၏ အခြေအနေနှင့် ပေါင်းသင်းဆက်ဆံရေးတို့ကိုပါ ဖော်ပြနိုင်သည့် ခေတ်ပြကြေးမုံလည်းဖြစ်သည်။

ထို့ပြင် ဆယ်စုနှစ်၊ ရာစုနှစ်များ ကုန်ဆုံးချိန်၌ ထိုဒိုင်ယာရီများသည် သမိုင်းမှတ်တမ်းများအဖြစ်ပင် ကိုးကားနိုင်သည်။ မြန်မာနိုင်ငံ၌ ထင်ရှားသော ဒိုင်ယာရီသာဓကမှာ ကင်းဝန်မင်းကြီး၏ နေ့စဉ်မှတ်တမ်း စာအုပ်များပင်ဖြစ်သည်။

ရတနာပုံခေတ်၊ ကုန်းဘောင်မင်းဆက်ဖြစ်သည့် မင်းတုန်းမင်းလက်ထက်၌ ပြည်ပနိုင်ငံများနှင့် ရင်းနှီးမှုရရှိစေရန် ရည်ရွယ်၍ ကင်းဝန်မင်းကြီး ဦးဆောင်သော သံအဖွဲ့ကို ၁၂၃၃ ခုနှစ်၌ အင်္ဂလန်နိုင်ငံသို့ လည်းကောင်း၊ ၁၂၃၅ ခုနှစ်၌ ပြင်သစ်နိုင်ငံသို့လည်းကောင်း စေလွှတ်ခဲ့သည်။ တာဝန်ပေး စေလွှတ်ခံရသော ကင်းဝန်မင်းကြီးသည် ရောက်ရှိခဲ့သည့် နိုင်ငံများတွင် ဒိုင်ယာရီကို ရေးသားခဲ့သည်။ ထိုသို့ ရေးသားခဲ့သော ကင်းဝန်မင်းကြီး၏ ဒိုင်ယာရီများဖြစ်သည့် လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်းနှင့် ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်းတို့သည် ယနေ့အထိတိုင်အောင် အကြိမ်ကြိမ် ပုံနှိပ်ကာ လက်စွဲအားထားနေရသည့် သမိုင်းမှတ်တမ်း ဒိုင်ယာရီစာအုပ်များပင် ဖြစ်သည်။

ဒိုင်ယာရီသည် ငယ်ဘဝ မှတ်တမ်းဖြစ်သည်။ နောင်တစ်ချိန်၌ အမှတ်တရဖြစ်စေရန် ဓာတ်ပုံများ ရိုက်ကြသည့်နည်းတူ ဒိုင်ယာရီ ရေးသားထားခြင်းသည် မိမိဘဝ၏ ထူးခြားချက်များ၊ ပျော်စရာများ၊ ဝမ်းနည်းစရာများ၊ ကြည်နူးစရာများကို ပြန်လည်ခံစား အောက်မေ့နိုင်သည်။

ဒိုင်ယာရီသည် မိတ်ဆွေအဖော်မွန်ဖြစ်သည်။ အခက်အခဲများနှင့် ကြုံတွေ့ရသည့်အခါ၊ အဆင်မပြေမှုများနှင့် ဆုံတွေ့ရသည့်အခါ မိမိ၏စိတ်ခံစားချက်များကို ရင်ဖွင့်ထုတ်ရန် လိုအပ်လာသည်။ ဒိုင်ယာရီတွင် အဆင်မပြေမှုများ၊ အခက်အခဲများကို ချရေးလိုက်ရသဖြင့် အထီးကျန်မွန်းကျပ်မှုများကို ပြေလျော့စေသည်။ ထို့ကြောင့် ဒိုင်ယာရီသည် ဘဝအမောများနှင့် သောကအပူများကို မျှယူပေးနိုင်သော ဘဝအဖော်မွန်ဖြစ်သည်။

ဒိုင်ယာရီသည် အရေးအသား စွမ်းရည်ကို တိုးတက်စေသည်။ နေ့စဉ်ပုံမှန် ဒိုင်ယာရီ စာမျက်နှာများ ရေးသားခြင်းဖြင့် မိမိ၏ အရေးအသား စွမ်းရည်သည် တစ်နေ့တခြား တိုးတက်လာကာ နောင်တစ်ချိန်၌ ဂန္ထဝင် စာရေးဆရာကြီးများ ဖြစ်လာနိုင်သည်။

ဒိုင်ယာရီသည် ဆရာသခင် ဖြစ်သည်။ လူအများစုသည် တစ်နေ့တာအတွင်း အမှားမျိုးစုံ ပြုလုပ်တတ်ကြသည်။ မိမိလုပ်ရပ်များသည် မှားသည်ကို သိသော်လည်း ထိုအမှားတို့ကို မေ့လျော့ချိန်တွင် ထပ်မံပြုလုပ်တတ်ကြသည်။ ဒိုင်ယာရီ ရေးထားခြင်းဖြင့် ပြန်လည်ဖတ်ရှုသည့်အခါတိုင်း ဒိုင်ယာရီသည် ထိုအမှားကို အမြဲညွှန်ပြနေတတ်သည်။

ဒိုင်ယာရီသည် မှတ်ဉာဏ်ကို တိုးတက်စေသည်။ တစ်နေ့တာအတွင်း ဖြစ်ပျက်ခဲ့သည်များကို တစ်နေ့တာ ကုန်ဆုံးချိန်၌ ပြန်လည်ဖော်ဆောင်ကာ ရေးသားရသည့်အတွက် ဦးနှောက်၏ မှတ်သားနိုင်မှုကို အသုံးချရသဖြင့် ငွေမကုန်သော ဦးနှောက်မှတ်ဉာဏ် လေ့ကျင့်ခန်းပင်ဖြစ်သည်။

ဒိုင်ယာရီသည် ယုံကြည်မှုကို ဖြစ်စေသည်။ မိမိ၏ နေ့စဉ်လှုပ်ရှားမှုနှင့် စိတ်ခံစားချက်များကို ဒိုင်ယာရီတွင် ရေးသားထားသဖြင့် မိမိကိုယ်တိုင် သတိမမူမိသည့် ပြုမူလှုပ်ရှားမှုများကို ရှာဖွေနိုင်သည်။ မိမိ၏ နေ့စဉ်လှုပ်ရှားမှုများကြောင့် မိမိကိုယ်မိမိ တန်ဖိုးထားတတ်လာကာ မိမိကိုယ်မိမိ ယုံကြည်လာစေသည်။

ဒိုင်ယာရီသည် ရည်မှန်းချက် ပန်းတိုင်များကို ဖြစ်မြောက်စေသည်။ ဒိုင်ယာရီ ရေးကြရာတွင် မိမိ၏ မပြီးဆုံးသေးသော လုပ်ငန်းဆောင်တာများ၊ အကောင်အထည်ဖော်ဆဲဖြစ်သော ရည်မှန်းချက်များကို မပါမဖြစ် ရေးသားကြသည်။ ထိုသို့ ရေးသားခြင်းသည် မိမိ၏ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များကို အောင်မြင်ပြီးဆုံးစေရေးအတွက် နည်းလမ်းများကို ဖော်ထုတ်နိုင်သည်။ သုတေသနပြုချက်များအရ ဒိုင်ယာရီ ရေးလေ့ရှိသူများသည် အခြားသူများထက် ပို၍ ရည်မှန်းချက်များကို ပေါက်မြောက်အောင် စွမ်းဆောင်နိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။

ထို့ကြောင့် ဒိုင်ယာရီ ရေးခြင်းသည် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သည်။ သို့သော်လည်း ဒိုင်ယာရီသည် မိမိ၏နေ့စဉ်ဘဝကို မကွယ်မဝှက်တမ်းရေးရသည့် အရာဖြစ်သောကြောင့် ရေးရန် မဝံ့မရဲ ဖြစ်နေတတ်ကြသည်။

စင်စစ်တွင်မူ ဒိုင်ယာရီသည် အနာဂတ်၏ ဆရာ၊ ပစ္စုပ္ပန်၏ လက်တွဲဖော်၊ အတိတ်၏ ငယ်ကျွမ်းဆွေပင် ဖြစ်ပေသည်။ ထို့ကြောင့် လူသားတိုင်း အထူးသဖြင့် လူငယ်တိုင်းသည် ယနေ့မှစ၍ ဒိုင်ယာရီရေးခြင်း အလေ့အကျင့်ကို ပြုလုပ်ကြပါဟု တိုက်တွန်းရေးသားအပ်ပါသည်။

■ နှင်းနွယ်(ကလေး)

# အမှောင်ကိုဖယ် အလင်းခြယ်မယ်

ဒီနေ့ ကျွန်မ အစ်ကိုလိုခင်မင်ရသူ တစ်ယောက်နဲ့ ဖုန်းပြောဖြစ်တယ်။ အခုအချိန်မှာ တစ်ယောက်နဲ့တစ်ယောက် ပထမဆုံးနှုတ်ဆက်တဲ့စကားက “မိသားစုအားလုံးနေကောင်းရဲ့လား၊ ကျန်းမာရေး ဂရုစိုက်ပါ၊ နေထိုင်စားသောက်ရတာ အဆင်ပြေရဲ့လား”ဆိုတဲ့ စိုးရိမ်သောကရဲ့ အရိပ်အငွေ့တွေပါတဲ့ မေတ္တာစကားသံတွေပါပဲ။ အဆိုးတွေထဲက အကောင်းကို ရှာမယ်ဆိုရင် ဒီအချိန်က ကျွန်မတို့တွေအတွက် အကောင်းဆုံးအချိန်ပါပဲ။ ကျွန်မနဲ့အတူ အကောင်းတွေကို ရှာကြည့်ကြမယ်နော်။

ဗန်းမော်မှာနေတဲ့ အစ်ကိုကို ဗန်းမော်တက္ကသိုလ်မဂ္ဂဇင်းအတွက် စာမူတွေပို့ချင်လို့၊ စာတိုက်ကပို့ဖို့လည်း အဆင်မပြေ၊ စာမူပိတ်ရက်ကလည်း နီးနေပြီမို့ မေးလ်နဲ့ပို့လို့ရမလားလို့ ကျွန်မက မေးတယ်။ အစ်ကိုကလည်း ကလေးတက္ကသိုလ်မဂ္ဂဇင်းကို စာမူပို့ဖို့ ပြန်မေးတယ်။ ဖုန်းပြောနေရင်း မောင်နှမနှစ်ယောက် ရယ်ချင်လာတယ်။ “အစ်ကိုရေ… ကျွန်မတို့ သိပ်အတ္တကြီးနေကြပြီနော်၊ အမေကလည်း ပြောနေပြီ၊ နင်က ဒီလောက် အပြင်မှာ သေရေးရှင်ရေးဖြစ်နေကြတာကို စာရေးဖို့၊ စာမူပို့ဖို့ လုံးပန်းနေကြတာ အံ့သြတယ်၊ နင်တို့ရဲ့ ဝါသနာက ကိုဗစ်–၁၉ ရောဂါထက် ဆိုးတာပါလား၊ ဘယ်ဆေးနဲ့မှ မနိုင်ဘူးလို့ ပြောနေတယ်” ဆိုပြီး ကျွန်မက အစ်ကို့ကို ဖောက်သည်ချတယ်။

“အစ်ကိုလည်း အတူတူပါပဲ၊ အချိန်မရလို့ ဆိုပြီး မဖတ်ခဲ့တဲ့ စာအုပ်တွေ ရှာဖတ်တယ်၊ ကိုယ်က ကျောင်းဆရာဆိုတော့ ကိုယ့်ဘာသာနဲ့ပတ်သက်တာတွေ ပိုလေ့လာဖြစ်တယ်၊ သားကို အင်္ဂလိပ်စာတွေ ပိုတိုးတက်အောင် လေ့ကျင့်ပေး၊ သင်ခန်းစာတွေပေးဖြစ်တယ်၊ စာရေးတဲ့အလုပ်ကိုလည်း အရင်က အချိန်မရလို့ဆိုပြီး သိပ်မရေးဖြစ်ခဲ့ဘူး၊ အခုမှ စာတွေကိုပိုရေးဖြစ်တယ်” သတဲ့။

ကျွန်မလည်း ခုခံအားနည်းသူတွေ၊ အသက်ကြီးသူတွေက ပိုပြီးတော့ ရောဂါပိုးကူးစက်လွယ်တယ်လို့ကြားတာနဲ့ အမေ့ကို ဘယ်မှမသွားဖို့တားတယ်။ အတူနေ မောင်လေးနှစ်ယောက်နဲ့ ယောက်မကိုလည်း လုပ်ငန်းခွင်တွေနားဖို့၊ အပြင်မထွက်ဖို့ ပိတ်ပင်ရပြန်တယ်။ မောင်လေးနှစ်ယောက်က အသက် ၃၀နဲ့ အသက် ၂၃ နှစ်တွေ ဆိုပေမယ့် ကျွန်မစိတ်ထဲကလေးလိုပဲ စိတ်မချဘူး။ အရင်က မနက်လင်းတာနဲ့ အလုပ်ကိုယ်စီ သွားကြတယ်။ ပြန်လာရင် ခြင်းခတ်၊ ဘောလုံးကန် ထွက်ကြပြန်ရော။ ပြန်ရောက်တာနဲ့ လက်ဖက်ရည်ဆိုင်သွား၊ ပြန်ရင်ဖုန်းကိုင်ကြတယ်။ ဒီလိုနဲ့ အိပ်ချိန်ရောက်သွားတာပဲ။ ကျွန်မကိုယ်တိုင်လည်း သွားစရာရှိတာသွားရင်း ညနေမှ အိမ်ပြန်ရောက်တယ်။ အိမ်မှာနေတဲ့ အမေ့ကို အချိန်သိပ်မပေးဖြစ်တော့ဘူး။ အခုတော့ မိုးလင်းကမိုးချုပ် မိသားစုအားလုံးစုံစုံညီညီ အတူနေကြတယ်။ အရင်ကဆို အိမ်မှာ အမေ့ခမျာ ထမင်းဟင်းတွေချက်ပြီး သားသမီးတွေကို စောင့်ကျွေးရတဲ့ကြားက အပြင်မှာကြုံရင်ကြုံသလိုစားကြသေးတာ။ မိသားစုထမင်းဝိုင်းက လူစုံတယ်လို့ သိပ်မရှိတော့ဘူး။ ရောဂါပိုးရဲ့ ခြိမ်းခြောက်ခြင်းခံလိုက်ရချိန်မို့ အမေရေ ထမင်းစားမယ်၊ အစ်မကြီးလာဟေ့၊ အစ်ကိုကြီး ထမင်းခူးပြီးပြီဆိုတဲ့ အသံတွေကြားရတယ်။ သူချက်ထားတဲ့ ထမင်းဟင်းကို စားနေကြတဲ့ သားသမီးအစုံအလင်ကို မိန့်မိန့်ကြီး ပြုံးကြည့်နေတဲ့ အမေက ကိုဗစ်–၁၉ ရောဂါကို ကျေးဇူးတင်နေမလား တွေးနေမိတယ်။

မောင်လေးအကြီးက သူ့အချိန်မပေးဖြစ်တဲ့ ကိုယ်ကာယလေ့ကျင့်ခန်းလုပ်ဖို့ သတိရလာတယ်။ အငယ်လေးကလည်း ငယ်ငယ်ကတည်းက ပန်းချီဆွဲဝါသနာပါပေမယ့် စီးပွားရေးထဲ ရောက်သွားပြီး ဝါသနာက မီးခဲကို ပြာဖုံးနေသလိုဖြစ်သွားတယ်။ အိမ်မှာရက်ကြာကြာနေလိုက်ရမှ ပန်းချီပြန်ဆွဲဖို့ အမှတ်ရသွားပြန်တယ်။ ကျွန်မကတော့ စာရေးတယ်၊ စာဖတ်တယ်။ ဒါကို ကမ္ဘာ့ကပ်ရောဂါဖြစ်နေကြချိန် သာယာနေကြတယ်လို့တော့ မယူဆစေချင်ဘူး။ ကျွန်မတို့ တတ်နိုင်တဲ့ ပရဟိတကို တစ်ပိုင်တစ်နိုင်လုပ်တယ်၊ အချိန်ကို မဖြုန်းဘဲ အသုံးချတယ်။ မလုပ်နိုင်သေးတဲ့ အရာတွေကို နောင်တရနေမယ့်အစား၊ အပူသောကတွေကို ထိုင်တွေးပြီး ကြောက်နေမယ့်အစား အခြားသူနဲ့ ကိုယ့်ကိုယ်ကိုယ် မထိခိုက်တဲ့ လုပ်ချင်ရာကိုလုပ်၊ လုပ်သင့်တာလုပ်ပြီး ကိုယ့်စိတ်ကိုယ် ထွက်ပေါက်ပေးထားတာပါ။ ဖြစ်ချင်တာဖြစ် လုပ်သင့်တာကို လုပ်နေရမှာ လူ့တာဝန်ပဲလေ။

အခုနောက်ပိုင်း မိတ်ဆွေသူငယ်ချင်းတွေဆုံကြရင် တစ်ယောက်မျက်နှာတစ်ယောက် စေ့စေ့ကြည့်ဖို့၊ သာကြောင်းမာကြောင်း လှိုက်လှိုက်လှဲလှဲပြောဖို့ စိတ်ကူးမရှိကြတော့ဘူး။ ပါးစပ်က စကားပြောနေပြီး မျက်လုံးက ဖုန်းကိုင်ဖို့လောက် ချောင်းနေသူက ခပ်များများ။ လူအချင်းချင်း နွေးထွေးမှုတွေကို ဖုန်းတွေက အနုနည်းနဲ့ ဖျက်ဆီးနေတယ်။ သက်မဲ့ပစ္စည်းရဲ့ လွှမ်းမိုးမှုကို သက်ရှိတွေက သတိထားပြီး တွန်းလှန်ဖို့ မေ့နေကြတယ်။ အခုမှ ကြောက်စရာကောင်းတဲ့ ကိုဗစ်–၁၉ ရောဂါရဲ့ ကျေးဇူးကြောင့် အရင်ကရခဲ့တဲ့အချိန်တွေရဲ့ တန်ဖိုးကို ပိုသိလာတယ်။ ဘယ်သူနဲ့ဖြစ်ဖြစ် သုံးပေကွာအောင် နေပါလို့ဆိုလိုက်မှ လက်ရည်တစ်ပြင်တည်း စားသောက်သွားလာခဲ့ရတာတွေရဲ့ တန်ဖိုးကို ပိုခုံမင်လာပြန်တယ်။

**လူအချင်းချင်း နွေးထွေးမှုတွေကို ဖုန်းတွေက အနုနည်းနဲ့ ဖျက်ဆီးနေတယ်။ သက်မဲ့ပစ္စည်းရဲ့ လွှမ်းမိုးမှုကို သက်ရှိတွေက သတိထားပြီး တွန်းလှန်ဖို့ မေ့နေကြတယ်။ အခုမှ ကြောက်စရာကောင်းတဲ့ ကိုဗစ်-၁၉ ရောဂါရဲ့ ကျေးဇူးကြောင့် အရင်ကရခဲ့တဲ့အချိန်တွေရဲ့ တန်ဖိုးကို ပိုသိလာတယ်။ ဘယ်သူနဲ့ဖြစ်ဖြစ် သုံးပေကွာအောင် နေပါလို့ဆိုလိုက်မှ လက်ရည်တစ်ပြင်တည်း စားသောက်သွားလာခဲ့ရတာတွေရဲ့ တန်ဖိုးကို ပိုခုံမင်လာ**

ကျွန်မတို့ လူသားတွေကို ကိုဗစ်–၁၉ ရောဂါက သတိပေးလိုက်သလိုပါပဲ။ ငွေကြေး၊ အောင်မြင်မှု၊ လိုချင်တပ်မက်မှုနောက် လိုက်ရင်း သေရမယ့်နေ့ကို မေ့နေကြသူများတယ်လေ။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ဖို့လည်း မေ့နေကြတယ်။ သူများအထင်ကြီးအောင်၊ သူများအမြင်တွေအပေါ်လိုက်ပြီး မောလို့ကောင်းနေကြတုန်းပဲ။ မနက်ဖြန်၊ တဘက်ခါမှာ သေရတော့မယ်ဆိုရင် ဘယ်လိုလုပ်မလဲ ဆိုတဲ့ မေးခွန်းကို ကိုဗစ်–၁၉ ရောဂါက အသံတိတ်မေးလိုက်မှ ထိတ်လန့်ကြောက်ရွံ့သွားတယ်။ ရှာထားတဲ့ငွေက ကယ်နိုင်လားဆိုတော့လည်း အဖြေက No၊ လူသိများထင်ရှားသူတွေ အခွင့်အရေးပိုရနိုင်သလား၊ အာဏာရထားသူတွေက အာဏာသုံးပြီး ဒီရောဂါကို တိုက်ထုတ်နိုင်လားဆိုတဲ့ မေးခွန်းတိုင်းကို ဒီရောဂါပိုးက ဟားတိုက်ရယ်လိမ့်မယ်။ ဒီအရာတွေအားလုံးက အသက်ရှင်နေသူအတွက်သာ အသုံးဝင်တာလေ။ ကိုယ်သေသွားတဲ့တစ်နေ့ ကိုယ့်ရဲ့တန်ဖိုးက ကိုယ့်ပတ်ဝန်းကျင်ကို အကျိုးပြုခဲ့သလား၊ စိတ်စေတနာကောင်းထားခဲ့သလား၊ ကိုယ့်ဖြစ်တည်မှုက ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်ကမ္ဘာကို အနှောင့်အယှက်ပေးခဲ့သလား၊ ကောင်းကျိုးဖြစ်စေခဲ့သလားအပေါ်မူတည်ပြီး ကိုယ့်နာမည်က မှတ်တမ်းကျန်ခဲ့မှာ။ ကိုယ့်ရဲ့တန်ဖိုးကို အမှန်အတိုင်း သိရမှာပါ။

တကယ်လို့ ကျွန်မဆီကိုသာ သေမင်းက အကြောင်းမကြားဘဲ ရောက်လာခဲ့ရင် ကျွန်မမှာ သေဖို့ပြင်ဆင်ထားတာ မပြည့်စုံသေးဘူး။ မိသားစုကို ပိုပြီးအချိန်ပေးချင်သေးတယ်၊ ချစ်ခင်ရသူတွေနဲ့ ဆိုးတူကောင်းဖက် တစ်ယောက်ကိုတစ်ယောက် ကူညီဖေးမပြီး နေချင်သေးတယ်။ ပန်းလေးတွေ ဖူးပွင့်တာကို စောင့်ကြည့်ပြီး မွှေးရနံ့လေးတွေ ရှူရှိုက်ချင်သေးတယ်။ ရေပြင်လေးတွေငေးပြီး စိတ်အေးချမ်းသာနေချင်သေးတယ်။ နောက်ဆုံးအချိန်မှာ သံယောဇဉ်တွေကို ဖြတ်ပြီး သေခြင်းတရားကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်ဖို့ ဘာသာရေးကို နက်နက်နဲနဲ လေ့လာချင်ပါသေးတယ်။

ဒီကပ်ရောဂါကြီးကနေ လွတ်မြောက်သွားကြပြီဆိုရင် ကျွန်မတို့အသက်က တစ်နာရီ၊ တစ်ရက်ကအစ အဖိုးတန်ပါလား၊ အချိန်ကို မဖြုန်းသင့်ပါဘူးလားဆိုတာ ပိုသိလာရပြီမို့ ကျွန်မတို့အတွက် ကောင်းမွန်တဲ့ရလဒ်တွေ ရရှိလာမှာပါ။ အရင်ဆုံး ဒီတောင်ကို ကျော်လိုက်ကြမယ်။ ပင်ပန်းမယ်၊ အားငယ်မယ်၊ သောကတွေအများကြီးနဲ့ အခက်အခဲတွေ အများကြီးကို လူတိုင်းခံရမှာပါ။ ဒါတွေကို ကြံ့ကြံ့ခံပြီး နောက်မဆုတ်ခဲ့ဘူး၊ အောင်မြင်အောင် ကြိုးစားမယ်ဆိုရင် သာယာအေးချမ်းတဲ့ လောကကြီးမှာ အချိန်အကြာကြီး ဆက်နေရမယ်။ ချစ်ခင်ရသူတွေနဲ့ ရယ်မောပျော်ရွှင်ကြရဦးမယ်။ ယုံကြည်ရာဘာသာတွေကို ကိုးကွယ်လိုက်စားပြီး အေးချမ်းမှုကို ရှာဖွေကြရဦးမယ်လေ။ အားမငယ်ရဘူးနော်…အတူဖြတ်ကျော်ကြရအောင်။